# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားပို့ကုန်မဟာဗျူဟာ

## ဘဏ္ဍာရေးဝန်ဆောင်မှုများ ရရှိနိုင်ရေးကဏ္ဍ

ပို့ကုန်မဟာဗျူဟာ ၂၀၁၅-၂၀၁၉










Myanmar Ministry of Commerce
မြန်မာနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

International Trade Centre
နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားပို့ကုန်မဟာဗျူဟာ

## ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေးကဏ္ဍ

## ပို့ကုန်မဟာဗျူဟာ ၂၀၁၅–၂၀၁၉

Myanmar Ministry of Commerce
မြန်မာနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

International Trade Centre
နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန

မြန်မာနိုင်ငံ၏ အမျိုးသားပို့ကုန်မဟာဗျူဟာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တရားဝင် အသိအမှတ်ပြု မဟာဗျူဟာစာတမ်းတစ်ခုဖြစ်သည်။ အမျိုးသားပို့ကုန်မဟာဗျူဟာနှင့် ပတ်သက်၍ စုံစမ်းမေးမြန်း လိုလျှင် အောက်ပါလိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်–

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ရုံးအမှတ် ၃၊ ဇေယျာဌာနီလမ်း

နေပြည်တော်

တယ်လီဖုန်း +၉၅ ၆၇ ၄၀၈၄၉၅

ဖက်စ် +၉၅ ၆၇ ၄၀၈၄၂၄

အီးမေးလ် – nesmyanmar@gmail.com

ဤမဟာဗျူဟာအား တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အားလုံးကိုဖြစ်စေ ပုံစံတစ်မျိုးမျိုးဖြင့် သို့မဟုတ် နည်းလမ်းတစ်ခုခုဖြင့် ပြန်လည်ထုတ်ဝေခြင်း၊ ဖြန့်ချီခြင်း သို့မဟုတ် တစ်ဆင့် ပေးပို့လွှဲပြောင်းခြင်းတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ဆောင်ရွက်ခွင့်မရှိပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားပို့ကုန်မဟာဗျူဟာကို နိုင်ငံတကာ ကုန်သွယ်မှုဗဟို ဌာန (ITC) ၏ လုပ်ငန်းစဉ်၊နည်းလမ်းနှင့် နည်းပညာဆိုင်ရာ အကူအညီများ အပေါ်တွင် အခြေခံ၍ ပြုစုဖော်ထုတ်ထားခြင်းဖြစ်သည်။ ဤစာအုပ်တွင်ပါဝင်သော အမြင်အာဘော်များသည် ITC ၏တရားဝင် အယူအဆသုံးသပ်ချက်များကို ထင်ဟပ်ဖော်ပြထားခြင်းမရှိပါ။ဤစာတမ်းအား ITCမှတရားဝင် တည်းဖြတ်ပြင်ဆင်ထားခြင်းမဟုတ်ပါ။

အဆင်အပြင် – Jesus Ales - www.sputnix.es

ဓာတ်ပုံများ – © William Thatcher Dowell

နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းနှင့် ကုလသမဂ္ဂတို့၏ ပူးတွဲအေဂျင်စီဖြစ်သည်။

လိပ်စာ – ITC 54-56, rue de Montbrillant ၁၂၀၂ ဂျီနီဗာ၊ ဆွစ်ဇာလန်

စာတိုက်သေတ္တာ– ITC Palais des Nations ၁၂၁၁ ဂျီနီဗာ ၁၀၊ ဆွစ်ဇာလန်

တယ်လီဖုန်း – +၄၁–၂၂၇၃၀ ၀၁၁၁

ဖက်စ် – +၄၁–၂၂ ၇၃၃ ၄၄၃၉

အီးမေးလ် – itcreg@intracen.org

အင်တာနက် – http;//www.intracen.org

## အသိအမှတ်ပြုဖော်ပြချက်

အောက်ပါဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်ဆိုင်ရာ မဟာဗျူဟာ ပုံစံများသည် မြန်မာနိုင်ငံအမျိုးသားပို့ကုန်မဟာဗျူဟာ(National Export Strategy -NES) တွင်အရေးပါသော အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ NESသည်မြန်မာနိုင်ငံအစိုးရ၏ ပံ့ပိုးမှု၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဦးဆောင်မှု ဂျာမန်ပြည်ထောင်စုအစိုးရ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နှင့် ဖွံ့ဖြိုးရေးဝန်ကြီးဌာန (BMZ) ၏ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (GIZ) နှင့် ပူးပေါင်း၍ ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ကူညီမှုနှင့် နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (International Trade Centre-ITC) တို့၏ နည်းပညာဆိုင်ရာ အကူအညီများဖြင့် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပူးပေါင်းညှိနှိုင်းပံ့ပိုးပေးမှု**

ဒေါက်တာမောင်အောင်- စီးပွားရေးပညာရှင်

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့–

ဦးအောင်စိုး၊ ညွှန်ကြားရေးမှူးချုပ် (NES ဦးဆောင်သူ)

ဒေါ်နော်မူတာကပေါ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်

ဒေါ်သီတာဝင်းငွေ၊ ဒုတိယညွှန်ကြားရေးမှူး

ဒေါ်မြမြစိန်၊ ဒုတိယညွှန်ကြားရေးမှူး

ကုန်သွယ်ရေးဦးစီးဌာန–

ဒေါ်ရွှေစင်ကို၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန

**ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေးကဏ္ဍလုပ်ငန်းအဖွဲ့ တာဝန်ခံညှိနှိုင်းရေးမှူး**

ဒေါ်စုဝင်းမြတ်၊ ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာနိုင်ငံသားများဘဏ်

**နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု (နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန)**

Mr. Carlos Griffin၊ နိုင်ငံတကာအကြံပေးနှင့်စာရေးသူ

Mr.Darius Kurek၊ အကြီးတန်းအရာရှိ ၊ ပို့ကုန်မဟာဗျူဟာ

Mr. Charles Roberge တွဲဘက်အကြံပေး၊ ပို့ကုန်မဟာဗျူဟာ

Mr. Rupesh Kumar Sharmae, Exim Bank of India (in partnership with ITC)

## ပါဝင်ဆောင်ရွက်ခဲ့သည့်မဟာဗျူဟာလုပ်ငန်းအဖွဲ့ဝင်များ

ဦးမင်းဟန်စိုး၊ဒုတိယညွှန်ကြားရေးမှူးချုပ်၊မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဦးဝင်းနိုင်ဦး၊ဒုတိယအထွေထွေမန်နေဂျာ၊ ချေးငွေစီစစ်ကြီးကြပ်ကွပ်ကဲရေးဌာန(MEB)

ဦးစိန်လှထွန်း၊ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ် (MADB)

ဦးဇော်ဝင်း၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဘဏ်

ဦးစိန်ဝင်းကြည်၊ လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB)

ဒေါ်ခင်နီလာ၊ လက်ထောက်အထွေထွေမန်နေဂျာ၊ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုး

တိုးတက်ရေးဘဏ်

ဒေါ်နီနီစိုး၊ မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ် (MADB)

ဒေါ်မြင့်မြင့်ဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန

ဒေါ်စန်းစန်းအေး၊ ဦးစီးအရာရှိ၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန

ဒေါ်လှလှမော်၊ ဦးစီးအရာရှိ၊ ကုန်သွယ်မှုမြှင့်တင်ရေးဌာန

ဦးစံသိန်း၊ leading Adviser, GIZ

ဒေါ်သန်းသန်းဝင်း၊လက်ထောက်အထွေထွေမန်နေဂျာ၊ KBZ Bank Ltd

ဦးအောင်မြင့်၊ မန်နေဂျာ၊ Co-operative Bank ltd

ဒေါ်ခင်သက်ထား၊ ညွှန်ကြားရေးမှူး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဦးမြင့်စိုး၊ ညွှန်ကြားရေးမှူး၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဦးကျော်ဒွန်၊ဒုတိယအထွေထွေမန်နေဂျာ၊သမဝါယမဝန်ကြီးဌာန

ဦးညီညီအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဒေါ်သန်းသန်းအေး၊အထွေထွေမန်နေဂျာ၊ Yoma Bank

ဒေါ်ဇွန်သက်ပန်၊အထွေထွေမန်နေဂျာ ၊ KBZ
ဒေါ်စန်းစန်းစု၊ A.S၊ KBZ

ဒေါ်နန်းနှင်းရွှေရည်ထူး၊ Trade Promotion Member Team

Pauline Tordeor၊ Trade Promotion Member Team

Pufox Kumar၊ Chief Manager၊ Export Import Bank of India

ဒေါ်အေးအေးမာ၊လက်ထောက်ညွှန်ကြားရေးမှူး၊CBM

ဦးမျိုးမြင့်အောင်၊အထွေထွေမန်နေဂျာ ၊ မြန်မာနိုင်ငံသားများဘဏ်(MCB)

ဒေါ်မူမူလှိုင်၊မန်နေဂျာ၊ MOB

ဦးကျော်စိုးဦး၊မန်နေဂျာ၊ YCB

ဒေါ်ချိုချိုစန်း၊လက်ထောက်မန်နေဂျာ၊ MWDB

ဦးဆွေလင်းမောင်၊မြန်မာနိုင်ငံသားများဘဏ် (MCB)

ဒေါ်ခင်မိုးမြင့်၊Observer၊ TTI

ဒေါ်မြတ်နိုးအေး၊UAB

ဦးမင်းမြတ်သူ၊ကြီးကြပ်ရေးမှူး၊UAB

ဦးဘန်လိန်ချောင်၊HRMR

ဦးဝင်းနိုင်ဦး၊မန်နေဂျာ၊ ဧရာဝတီဘဏ်

ဒေါ်စုဝင်းမြတ်၊ဒုတိယအထွေထွေမန်နေဂျာ၊မြန်မာနိုင်ငံသားများဘဏ်(MCB)

**မာတိကာ** **စာမျက်နှာ**


လုပ်ငန်းစဉ်အကျဉ်းချုပ် ၉

နိဒါန်း ၁၈

ယခု ကျွန်ုပ်တို့မည်သည့်နေရာတွင် ရောက်ရှိနေသနည်း

– သမိုင်းကြောင်းဆိုင်ရာရှုမြင်ချက် ၂၀

– လက်ရှိအနေအထား ၂၀

– ဘဏ္ဍာရေးကဏ္ဍ၏ ဖွဲ့စည်းတည်ဆောက်ပုံ ၂၃

– ဘဏ္ဍာရေးအဖွဲ့အစည်းများ ၂၄

– ပြိုင်ဆိုင်မှု အဟန့်အတားများ ၄၄

ကျွန်ုပ်တို့ မည်သည့်နေရာသို့ သွားလိုပါသနည်း

– မျှော်မှန်းချက် ၅၇

ပန်းတိုင်သို့ရောက်အောင်မည်သို့ သွားမည်နည်း

– မဟာဗျူဟာဆိုင်ရာဦးတည်ချက်များ ၆၀

– အတူတကွပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှု၏ အရေးပါပုံ ၆၁

အသေးစိတ်လုပ်ငန်းစီမံချက် ၆၃

စာစုစာရင်း ၆၄

နောက်ဆက်တွဲ(က) **ပြည်တွင်းပုဂ္ဂလိက**ဘဏ်များနှင့်နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးတို့၏ စာရင်းများ

– ၇ –

**ပုံများ**

ပုံ (၁) – အာရှနိုင်ငံအချို့၏ မကြာမီက ကြွေးမြီးနှင့် ဂျီဒီပီအချိုး

ပုံ (၂) – မြန်မာနိုင်ငံဘဏ္ဍာရေးကဏ္ဍ၏ ဖွဲ့စည်းမှုဆိုင်ရာအနေအထား

ပုံ (၃) – မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘဏ်များ၏ စုစုပေါင်းအပ်ငွေတိုးတက်မှု(၂၀၀၇–၂၀၀၈မှ၂၀၁၁–၂၀၁၂အထိ)

ပုံ (၄) –မြန်မာနိုင်ငံဘဏ်လုပ်ငန်းရှိ စုစုပေါင်းချေးငွေနှင့်ကြိုတင်ပေးငွေများ (၂၀၀၇–၂၀၀၈ မှ ၂၀၁၁– ၂၀၁၂ အထိ)

ပုံ (၅) – မြန်မာနိုင်ငံရှိ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသည့်ချေးငွေများ– စုစုပေါင်းချေးငွေရှိ တန်ဘိုးနှင့် အချိုး (၂၀၀၇–၂၀၀၈ မှ ၂၀၁၁– ၂၀၁၂ အထိ)

**ဇယားများ**

ဇယား (၁) – မြန်မာနိုင်ငံရှိအကြီးဆုံး ပုဂ္ဂလိကဘဏ်(၁၀)ခု၏ ဈေးကွက်ဝေစု၊၂၀၁၂ခုနှစ် မတ်လ ၃၁ရက်

ဇယား (၂) – ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေးကဏ္ဍရှိ မြန်မာနိုင်ငံပေါ်လစီ အထောက်အကူပြု ကွန်ရက်

ဇယား (၃) – ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေးကဏ္ဍရှိ မြန်မာနိုင်ငံကုန်သွယ်ရေးဝန်ဆောင်မှုကွန်ရက်

ဇယား (၄) – ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေးကဏ္ဍရှိ မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်း ဝန်ဆောင်မှုကွန်ရက်

ဇယား (၅) – ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေးကဏ္ဍရှိ မြန်မာနိုင်ငံအရပ်ဖက်လူ့အဖွဲ့အစည်း ကွန်ရက်

ဇယား (၆) – မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်မှုတိုးမြင့်ရန် TSI များ၏ လွှမ်းမိုးနိုင်မှုနှင့် စွမ်းဆောင်နိုင်မှု

**ပုံစံများ**

ပုံစံ (၁)– ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေး ကဏ္ဍစုံမဟာဗျူဟာအတွက် တည်ဆောက်ရေး အခြေခံများ

ပုံစံ (၂) – မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍတွင် အမေရိကန်ပိတ်ဆို့အရေးယူမှုများ၏ ရိုက်ခတ်မှု

ပုံစံ(၃)– မြန်မာနိုင်ငံဘဏ္ဍာရေးကဏ္ဍတွင် ဥပဒေရေးရာနှင့်အဖွဲ့အစည်းပိုင်းဆိုင်ရာ မူဘောင်ကို ထိခိုက်စေသည့် ထိပ်တန်းပြဿနာများကို ခြုံငုံရှုမြင်ခြင်း

ပုံစံ(၄) – မြန်မာနိုင်ငံတွင် ကုန်သွယ်မှုဘဏ္ဍာရေးနှင့် အထွေထွေဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းများကို ထိခိုက်စေသည့် ထိပ်တန်းပြဿနာများကို ခြုံငုံရှုမြင်ခြင်း

ပုံစံ (၅)– မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းကဏ္ဍ စွမ်းဆောင်ရည် ထိခိုက်စေသော ထိပ်တန်း ပြဿနာများကို ခြုံငုံရှုမြင်ခြင်း

ပုံစံ(၆)– မြန်မာနိုင်ငံလုပ်ငန်းများ ချေးငွေရနိုင်မှုအပေါ် ယုံကြည်စိတ်ချရမှုကို ထိခိုက်စေသော ထိပ်တန်း ပြဿနာများကို ခြုံငုံရှုမြင်ခြင်း

# လုပ်ငန်းစဉ်အကျဉ်းချုပ်

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍသည် အရှေ့တောင်အာရှဒေသတွင် ဖွံ့ဖြိုးမှုအနည်းဆုံးဖြစ်နေပါသည်။ ဘဏ်ငွေစာရင်းရှိသော လူဦးရေမှာစုစုပေါင်းလူဦးရေ၏ ၁ဝရာခိုင်နှုန်း ထက်မကျော်လွန်ပါ။ ကြွေးမြီဈေးကွက်တွင် လူဦးရေ၏ ဝ.၁ရာခိုင်နှုန်းအောက်သာ ပါဝင်လျက်ရှိပြီး ၂ဝ၁၁ခုနှစ်အတွက် ကြွေးမြီနှင့် စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှု(ဂျီဒီပီ)၏အချိုးမှာ ၇. ၂ရာခိုင်နှုန်းထက်နည်းပါသည်။ကမ္ဘာ့ဘဏ်၏ ၂ဝ၁၄ ခုနှစ် Doing Business Project အရ နိုင်ငံပေါင်း ၁၈၉ နိုင်ငံကို အကဲဖြတ်ရာတွင် မြန်မာနိုင်ငံတွင် ကြွေးမြီရရှိနိုင်မှု အခြေအနေမှာ အဆင့် ၁၇ဝ တွင်ရှိပါသည်။

ကဏ္ဍ၏ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျမှုထက် ပိုမိုဂရုပြုရမည့်အရာမှာ ယင်း၏တိုးတက်မှုသွားရာလမ်း ကြောင်းဖြစ်သည်။လက်ရှိရာစုနှစ်၏ ပထမဆယ်နှစ်အတွင်း မြန်မာနိုင်ငံ၏ ကြွေးမြီနှင့် ဂျီဒီပီအချိုးမှာ အမှန်ပင် ကျဆင်းခဲ့ပြီး အလားတူအဆင့်ရှိသည့် အခြားသောနိုင်ငံများအနေဖြင့် အဆပေါင်းများစွာ တိုးတက်ခဲ့သည် ကိုတွေ့ရပါသည်။ မြန်မာနိုင်ငံ၏ ဘဏ္ဍာငွေကြေးကဏ္ဍမှ လက်ရှိပံ့ပိုးပေးနိုင်သည့် ဝန်ဆောင်မှု ကဏ္ဍလုပ်ငန်းများ မှ အလွန်ပင်အကန့်အသတ်ရှိနေပြီး ဆွဲဆောင်နိုင်မှုလည်းမရှိပါ။ဥပမာအားဖြင့် အခြေခံကျသော ကုန်သွယ်မှု ဆိုင်ရာငွေကြေးထောက်ပံ့ခြင်းလုပ်ငန်းနှင့် အာမခံလုပ်ငန်းမှာ အများအားဖြင့် မရရှိနိုင်သည့်အပြင် ချေးငွေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကြွေးမြီအပေါ် အာမခံများလည်းမရှိပါ။ အစိုးရ၏လုပ်ထုံးလုပ်နည်းများအရ မြန်မာနိုင်ငံ ဘဏ်များသို့ စိုက်ပျိုးရေးဆိုင်ရာ ချေးငွေများအပေါ် ၈ လအတွင်း နှင့် စက်မှုလုပ်ငန်းများဆိုင်ရာ ချေးငွေများကို ၁နှစ် အတွင်း ပြန်ဆပ်ရန်လိုအပ်ပြီး ရွှေ့ပြောင်းနိုင်သော ပိုင်ဆိုင်ပစ္စည်းများအပေါ် အပေါင် အာမခံပစ္စည်းအဖြစ် လက်ခံခြင်းမရှိဘဲအပေါင်ပစ္စည်း၏ ၃ဝ ရာခိုင်နှုန်းအထိသာ ချေးယူနိုင်ပြီး အတိုးနှုန်းကိုမူ တစ်နှစ် ၁၃ရာခိုင်နှုန်း ကောက်ခံသည်။ ဤစည်းကမ်းချက်များသည် အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်များအတွက် အခက်အခဲ ဖြစ်စေပြီး ချေးငွေယူသော လုပ်ငန်းရှင်များ အတွက်လည်း ချေးငွေသက်တမ်းတိုသောကြောင့် မတည်ငွေအပေါ် ငွေပြန်ပေါ်ရန်ခက်ခဲနေပါသည်။ဤအတွက်ကြောင့်လုပ်ငန်းရှင်များသည် ချေးငွေပြန်လည်ပေးဆပ်ရန် နှစ်တို ချေးငွေကို ပြန်လည်ရယူနေရသဖြင့် အကြွေးသံသရာလည်ပြီး စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့ရေးထက် အခက်အခဲကိုသာဖြစ်စေပါသည်။

သို့သော်လွန်ခဲ့သောနှစ်များအတွင်း မြန်မာနိုင်ငံအနေဖြင့် အဓိကကျသော ပြုပြင်ပြောင်းလဲမှုများကို စတင်လုပ်ဆောင်ခဲ့ရာ နိုင်ငံတကာမှချီးကျူးမှုများကို ရရှိခဲ့ပါသည်။အဆိုပါ ပြုပြင် ပြောင်းလဲရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်နိုင်ပါက နိုင်ငံတော်၏ မျှော်မှန်းထားသည့် ဖွံ့ဖြိုးတိုးတက်မှုများကို

ဖော်ဆောင်နိုင်မည့် ခေတ်မီသော ဘဏ္ဍာငွေကြေးစနစ်အတွက် အခြေခံအုတ်မြစ်ကို ချမှတနိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ၂၀၁၁ ခုနှစ်တွင် ဘဏ်အပ်ငွေကို သတ်မှတ်ကန့်သတ်ခြင်းမရှိတော့သဖြင့် ပုဂ္ဂလိကဘဏ်များတွင် အပ်ငွေနှစ်ဆ တိုးတက်လာခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်းများမှ နည်းပညာနှင့်အကူအညီများကို အသုံးပြုလျက် ဗဟိုဘဏ်၏ အုပ်ချုပ်မှုစနစ်၊ ငွေကြေးဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေများ၊ နိုင်ငံခြားငွေကြေးကြပ်မှုနှင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့ရေးဆိုင်ရာ ဥပဒေနှင့်အုပ်ချုပ်မှုစည်းမျဉ်းပြုပြင်ပြောင်းလဲမှုပိုင်းများကို ဆောင်ရွက်နိုင်ခြင်းဖြင့် မြန်မာ့စီးပွားရေးလုပ်ငန်းများ၏ NES ဦးစားပေးကုန်စည်များ တန်ဘိုးကွင်းဆက်နှင့် ပို့ကုန်စွမ်းအားများကို တိုးတက်လာနိုင်ပါသည်။

## ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်ရေးဆိုင်ရာ အဟန့်အတားများ

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရေးအတွက်ဆောင်ရွက်ရာတွင် ကြီးမားသော အဟန့်အတားများစွာကိုတွေ့ရှိရင်ဆိုင်ရပါသည်။ဤကိစ္စသည် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်များနှင့် လည်းကောင်း၊ကုန်သွယ်ရေး အတွက်ငွေကြေးပံ့ပိုးခြင်းဆိုင်ရာ စည်းမျဉ်းများနှင့် လည်းကောင်း၊ ဘဏ်လုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်နှင့် လည်းကောင်၊ မြန်မာလုပ်ငန်းရှင်များ၏ ချေးငွေရယူနိုင်ခွင့်တို့နှင့်လည်းကောင်းသက်ဆိုင်ပါသည်။ယခု တင်ပြမည့်မဟာဗျူဟာတွင် အရေးကြီးသည့် အဟန့်အတား ၂၁ ခုကို ညွှန်းဆိုဖော်ပြလျက် မဟာဗျူဟာ မြောက်အသေးစိတ်လုပ်ငန်းစီမံချက် (Strategic Plan of Action-PoA) များကို အထူးပြု ဖော်ပြသွားမည်ဖြစ်ပါသည်။အဆိုပါအဟန့်အတားများမှာ–

### ဥပဒေနှင့်အဖွဲ့အစည်းမူဘောင်ဆိုင်ရာအဟန့်အတားများ

- မြန်မာနိုင်ငံ၏ငွေကြေးဥပဒေသည် ခေတ်သစ်ငွေရေးကြေးရေးစနစ်နှင့်အံဝင်ဂွင်ကျမရှိခြင်း။
- လက်ရှိငွေကြေးစည်းမျဉ်းများသည် ချေးငွေရရှိရန် ခက်ခဲမှုရှိပြီး ငွေကြေးဈေးကွက်တွင် ပါဝင် လှုပ်ရှားရန်နည်းပါးစေသောကြောင့် အဓိကဦးတည်ဈေးကွက်များတွင် မြန်မာ့ပို့ကုန်များ ယှဉ်ပြိုင်နိုင် ရန်အခက်အခဲရှိပါသည်။
- မြန်မာ့ငွေကြေးကဏ္ဍကို ထိရောက်စွာ ဦးဆောင်နိုင်ရန်ဗဟိုဘဏ်၏ ခေတ်မီသတင်းအချက်အလက် နည်းပညာနှင့်လူသားစွမ်းဆောင်နိုင်မှုများ မြှင့်တင်ဆောင်ရွက်ရန်လိုအပ်ပါသည်။

♦ ခိုင်မာသောဈေးငွေဆိုင်ရာ သတင်းအချက်အလက်များနှင့် အဆင့်သတ်မှတ်ချက်များအလွယ်တကူ မရရှိနိုင်သောကြောင့် စွန့်စားဆုံးရှုံးမှုစီမံခန့်ခွဲခြင်းနှင့် စုစုပေါင်းကြွေးမြီပမာဏများကိုထိရောက်စွာ စီမံဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်စေပါသည်။

♦ မြန်မာနိုင်ငံတွင် အခြေခံကျသော ကုန်သွယ်မှုဆိုင်ရာ ငွေကြေးထောက်ပံ့ခြင်းများမှာ တားမြစ်ထားခြင်း သို့မဟုတ် ဗဟိုဘဏ်အနေဖြင့် ရှင်းလင်းသောစည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ပေးရန် လိုအပ်နေခြင်း တို့ကြောင့် မရရှိနိုင်သေးဘဲ ဘဏ်များအနေဖြင့် ဈေးကွက်အတွင်းသို့ ယုံကြည်စိတ်ချစွာဖြင့် ဝင်ရောက်ရန် အတွက်မသေမချာဖြစ်စေပါသည်။

♦ ပုဂ္ဂလိကဘဏ်များအနေဖြင့် ကုန်သွယ်မှုဆိုင်ရာငွေကြေး ထောက်ပံ့မှုရရှိနိုင်ရန် လိုအပ်သော နိုင်ငံခြား ငွေကြေးမရှိခြင်းနှင့် ပို့ကုန်လုပ်ငန်းရှင်များလိုအပ်နေသည့် နိုင်ငံခြားငွေကြေးဆိုင်ရာ စွန့်စားဆုံးရှုံးမှု စီမံခန့်ခွဲခြင်းများကို ပံ့ပိုးပေးနိုင်မှုမရှိပေ။

♦ ဗဟိုဘဏ်၊ အကောက်ခွန်ဦးစီးဌာနနှင့် အခြားအရေးပါသော အဖွဲ့အစည်းများသည် နိုင်ငံ၏ ငွေကြေးဆိုင်ရာလုပ်ငန်းများသို့ အသိပညာပေးရန်လိုအပ်သော သတင်းအချက်အလက်များ ဖြန့်ဝေသည့် အလေ့အထနှင့်စနစ်မရှိခြင်း။

♦ အပ်ငွေများအပေါ်တွင် အစိုးရမှကျောထောက်နောက်ခံပြုသည့် အာမခံစနစ်မရှိခြင်းကြောင့် အများပြည်သူများအနေဖြင့် ဘဏ်နှင့် ဘဏ်အပ်ငွေများအပေါ်တွင်ယုံကြည်မှုမရှိခြင်း။

♦ လူဝင်မှုကြီးကြပ်ရေးမူဝါဒသည် ခေတ်သစ်ဘဏ်လုပ်ငန်းနှင့် နိုင်ငံတကာဘဏ်လုပ်ငန်း အတွေ့အကြုံရှိ ကျွမ်းကျင်သူများ လျော့နည်းနေခြင်းကို သက်သာစေသည့် အခွင့်အလမ်းများကို လက်လွတ်ဆုံးရှုံးစေသည်။

**ကုန်သွယ်မှုအတွက်ဘဏ္ဍာငွေကြေးထောက်ပံ့ခြင်း စည်းမျဉ်းဆိုင်ရာအဟန့်အတားများ**

♦ ပြည်ပနိုင်ငံများသို့ ကုန်တင်ပို့ရာတွင် ကြိုတင်ပေးချေမှုစနစ်(သို့မဟုတ်) ငွေလွှဲစာတမ်းစနစ် (L/C) မပါဘဲ တင်ပို့ခြင်းကို ခွင့်မပြုသဖြင့် ပြည်ပဝယ်သူများအားဆွဲဆောင်နိုင်မှုမရှိခြင်း။

♦ ကုန်သွယ်မှုဆိုင်ရာကြွေးမြီအာမခံစနစ်ကိုခွင့်မပြုသေးသဖြင့် ပို့ကုန်တင်ပို့သူများအတွက် အဓိကကျသောစွန့်စားမှုစီမံခန့်ခွဲခြင်းလုပ်ငန်းများကို လက်လွတ်ရမှုဖြစ်စေခြင်း။

♦ ပြည်ပမှ တင်သွင်းသည့်ကုန်ပစ္စည်းများကို လက်ခံရရှိခြင်းမရှိမီ လက်ငင်းငွေပေးချေခြင်းမပြုနိုင်သည့် ကန့်သတ်ချက်ကြောင့် ပြည်တွင်းလုပ်ငန်းရှင်များအတွက် ကမ္ဘာ့တစ်ဝှမ်းယှဉ်ပြိုင်ရာတွင် လိုအပ်သည့် ရင်းနှီးကုန်ပစ္စည်းများနှင့်သွင်းအားစုများရရှိရန်၊ဆိုးရွားစွာအဟန့်အတားဖြစ်စေခြင်း။

**ဘဏ်လုပ်ငန်းကဏ္ဍ စွမ်းဆောင်ရည်ဆိုင်ရာအဟန့်အတားများ**

♦ ကွန်ပျူတာစနစ်၊ အလိုအလျောက်တွက်ချက်ခြင်းစနစ်၊ လုံခြုံရေး၊ ထိရောက်စွာစွမ်းဆောင်နိုင်မှုနှင့် ကုန်ကျစရိတ်လျှော့ချရေးတို့အတွက် လူ့စွမ်းအားအရင်းအမြစ်နှင့်အခြေခံ အဆောက်အအုံပိုင်းများ အားနည်းခြင်း။

♦ ဘဏ်များအနေဖြင့် ခေတ်မီထိရောက်သောလုပ်ငန်းများကို လုပ်ဆောင်ရန်အတွက် လိုအပ်သည့် ဘဏ်များအချင်းချင်းချိတ်ဆက်ဆောင်ရွက်နိုင်သောစနစ်များ (core banking systems)ကို ဆောင်ရွက် အကောင်အထည်ဖော်ရန်၊ ရန်ပုံငွေနှင့်ကျွမ်းကျင်မှုမရှိခြင်း။

♦ ဘဏ်များအနေဖြင့် နိုင်ငံ၏ မျှော်မှန်းထားသော ဖွံ့ဖြိုးတိုးတက်မှုကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ချေးငွေများကိုတိုးမြှင့်ပေးနိုင်ရေးလိုအပ်သည့် စွန့်စားရမှုစီမံခန့်ခွဲခြင်းဆိုင်ရာစွမ်းရည်နှင့် ကိရိယာများမရှိခြင်း။

♦ မြန်မာနိုင်ငံရှိအဖွဲ့အစည်းဆိုင်ရာ အလေ့အကျင့်နှင့် လုပ်ပိုင်ခွင့်စနစ်သည် ဈေးကွက်ပိုင်းတာဝန် ယူမှုနှင့် လျင်မြန်သည့် ယှဉ်ပြိုင်မှုစွမ်းအားကို အကျိုးသက်ရောက်နိုင်စွမ်းမရှိခြင်း။

♦ ဘဏ္ဍာရေးကဏ္ဍတွင် လုပ်ကိုင်နေသောပုဂ္ဂိုလ်များအနေဖြင့်ကုန်သွယ်မှုဆိုင်ရာငွေကြေးထောက်ပံ့ ခြင်းအသိပညာနည်းပါးခြင်းကြောင့် အရေးကြီးသောစည်းမျဉ်းဥပဒေများကို ဖော်ထုတ်တင်ပြနိုင်စွမ်း နှင့် အကောင်အထည်ဖော်နိုင်စွမ်း အားနည်းခြင်း။

**မြန်မာ့စီးပွားရေးလုပ်ငန်းများ၏ချေးငွေရရှိနိုင်ရေးခိုင်မာမှုဆိုင်ရာအဟန့်အတားများ**

♦ မြန်မာ့ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်အချို့သာ ငွေလွှဲစာတမ်း (L/C) စနစ်ကို ထိရောက်စွာ အသုံးပြုဆောင်ရွက်နိုင်သည့် ဗဟုသုတရှိခြင်း။

- စီးပွားရေးလုပ်ငန်းများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့်ဆိုင်သည့် မဟာဗျူဟာနှင့် စီမံခန့်ခွဲမှုပိုင်း အားနည်းသောကြောင့်ငွေထုတ်ချေးသူများကို ဆွဲဆောင်နိုင်မှုမရှိခြင်း။

- အသေးစားနှင့် အလတ်စားလုပ်ငန်းများတွင် စာရင်းမှတ်တမ်းထိန်းသိမ်းမှု၊ ငွေစာရင်းနှင့်စာရင်းစစ် လုပ်ငန်းများ အားနည်းမှုတို့ကြောင့်ဘဏ္ဍာရေးရှင်းတမ်းများသည် ယုံကြည်စိတ်ချမှု မရှိခြင်းနှင့် လုပ်ငန်းများအတွက် ချေးငွေရရှိနိုင်ရေး ခိုင်မာမှုကိုအားနည်းစေခြင်း။

## အနာဂါတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် မျှော်မှန်းချက်

ဤလုပ်ငန်းစဉ်တွင် ပါဝင်ကြသော အစိုးရ၊ ပုဂ္ဂလိကနှင့် နိုင်ငံတကာမှ ပါဝင်ပတ်သက်သူများက လက်ရှိ မဟာဗျူဟာတိုးတက်ရေးအတွက် တိုင်ပင်ဆွေးနွေးမှုများမှ ကဏ္ဍနှင့် နိုင်ငံကို အကျိုးပြုနိုင်မှုအတွက် အောက်ဖော်ပြပါ မျှော်မှန်းချက်များနှင့် မဟာဗျူဟာများကို ဖော်ထုတ်တင်ပြပါသည်-

**"မြန်မာနိုင်ငံ၏ ပို့ကုန်တိုးတက်မှုနှင့် လူမှုစီးပွားဘဝတိုးတက်စေရေးထိရောက်စွာ ဆောင်ရွက်ရန် ဥပဒေ စည်းမျဉ်းမူဘောင်များ၊ အခြေခံအဆောက်အအုံပိုင်းနှင့် ဝန်ဆောင်မှုဆိုင်ရာ ထောက်ပံ့မှုများ ပါဝင်စုစည်းထားသော နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီသောဘဏ္ဍာရေးကဏ္ဍဆီသို့"**

## မဟာဗျူဟာအကောင်အထည်ဖော်ရေးအတွက်လမ်းပြမြေပုံ

ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေးအတွက် မျှော်မှန်းချက်နှင့် အဓိကလုပ်ငန်းစဉ်များကို အသေးစိတ် လုပ်ငန်းစီမံချက် (Plan of Action) အရ ဆောင်ရွက်ရရှိနိုင်မည်ဖြစ်ပြီး အောက်ဖော်ပြပါ မဟာဗျူဟာ ဦးတည်ချက် ၃ ခုကိုဖော်ထုတ်ကာ ကဏ္ဍရှိ စိန်ခေါ်မှုများနှင့်အခွင့်အလမ်းများအတွက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်ထားပါသည်။ အဆိုပါ မဟာဗျူဟာဦးတည်ချက် ၃ ခုကို ငွေကြေးကဏ္ဍအတွက် အလုံးစုံရှုမြင် ချက်အရ သတ်မှတ်ဖော်ထုတ်ထားပြီး အောက်ပါအတိုင်းဖြစ်ပါသည်-

(၁ ) ကုန်သွယ်မှုကိုလျင်မြန်ချောမွေ့စေရန် လိုအပ်သောခွင့်ပြုချက်၊ လမ်းညွှန်ချက်နှင့်ရှင်းလင်းချက်များကို ဆောလျင်စွာထုတ်ပြန်ဆောင်ရွက်သွားရန်အတွက် အောက်ပါအချက်များအရ စတင်အကောင် အထည်ဖော်သွားရန်ဖြစ်ပါသည်- (သို့မဟုတ် လုပ်ငန်းပိုင်းဆိုင်ရာ ဦးတည်ချက်များ)

-ပို့ကုန်သွင်းကုန်ဆိုင်ရာငွေပေးချေမှုစည်းမျဉ်းများကို နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရန် ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုဆိုင်ရာယှဉ်ပြိုင်နိုင်စွမ်းကို ကူညီပံ့ပိုးပေးရန်။

–ပို့ကုန်လုပ်ငန်းရှင်များအား နိုင်ငံတကာနှင့်ယှဉ်နိုင်မည့်ကုန်သွယ်မှုဆိုင်ရာ ဘဏ္ဍာငွေကြေးထောက်ပံ့ရေး ယန္တရားနှင့် ဆောင်ရွက်မှုများဖြင့် ပို့ကုန်တင်ပို့မှုကို အားပေးမြှင့်တင်ရန်။

–ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ယင်းကဏ္ဍနှင့်စပ်လျဉ်းသည့်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုများကို ပိုမိုပွင့်လင်းမြင်သာမှုရှိရန်နှင့်အကျိုးရှိစေရန်ပံ့ပိုးဆောင်ရွက်ရန်။

(၂) ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ဥပဒေ၊စည်းမျဉ်းနှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ မူဘောင်များကိုပြန်လည်သုံးသပ်ပြီးခေတ်နှင့်အညီဖြစ်စေရန်အောက်ပါအချက်များအရ စတင်အကောင်အထည် ဖော်သွားရန်ဖြစ်ပါသည်–

–ငွေဖြစ်လွယ်မှုကို ကန့်သတ်ထားသည့် စည်းမျဉ်းများကိုဖြေလျှော့ပေးရန်။

– လိုအပ်နေသော ဥပဒေများရေးဆွဲပြဋ္ဌာန်းရန်။

- ပိုမိုကောင်းမွန်သော စွန့်စားမှုစီမံခန့်ခွဲမှုစနစ်နှင့်လုပ်ငန်းဆောင်ရွက်ချက်များဖြင့် ထိရောက်ပြီး ခေတ်မီအဆင့်မြင့်သည့်ငွေကြေးဈေးကွက်တစ်ခု တည်ထောင်တိုးမြှင့်ဆောင်ရွက်ရန်။

(၃) ကဏ္ဍအနေနှင့် နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ကျွမ်းကျင်မှု၊နည်းပညာနှင့်အခြေခံအဆောက် အအုံများ ပံ့ပိုးရရှိရန် အောက်ပါအချက်များအရ စတင်အကောင်အထည်ဖော်သွားရန်ဖြစ်ပါသည်–

– ပို့ကုန်လုပ်ငန်းရှင်များ၏ ဘဏ္ဍာငွေကြေးရရှိနိုင်မှုနှင့် ပတ်သက်ပြီး အဆင့်သတ်မှတ်ခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ အသိပညာဗဟုသုတများ တိုးမြှင့်ရေးဆောင်ရွက်ပေးရန်။

– ဗဟိုဘဏ်နှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များ၏ စာရင်းအချက်အလက်အစီရင်ခံခြင်း၊ မှတ်တမ်း ထိန်းသိမ်းခြင်းစနစ်များ အဆင့်မြင့်ဆောင်ရွက်ရန်။

– ဘဏ်များကို နိုင်ငံတကာစီးပွားရေးလုပ်ငန်းဆိုင်ရာ အလေ့အကျင့်များ ကျင့်သုံးလာစေရေး အားပေး ဆောင်ရွက်ရန်။

– ဘဏ်များကို ကုန်သွယ်မှုဆိုင်ရာ ဘဏ္ဍာငွေကြေးရရှိနိုင်ရေး နည်းစနစ်ပိုင်းနှင့် ဝန်ထမ်းပိုင်း ကျွမ်းကျင်မှုများ ပံ့ပိုးဆောင်ရွက်ပေးရန်။

## အကောင်အထည်ဖော်စီမံခန့်ခွဲခြင်း

ကျယ်ပြန့်သော လုပ်ငန်းများနှင့် ရှုပ်ထွေးသည့် သဘောရှိသော ပူးပေါင်းဆောင်ရွက်မှုများကို အကောင် အထည်ဖော်ရာတွင် မက်ခရိုနှင့်မိုင်ခရိုအဆင့်တွင် အရင်းအမြစ်များကို ထိရောက်စွာအသုံးပြုခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်းတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ဤရည်ရွယ်ချက်အတွက် NES အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းတို့တွင် အစိုးရ နှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် MTDC ကို ဖွဲ့စည်းထားပါသည်။ အဓိကအားဖြင့် ကျယ်ပြန့် ပြီးများပြားသည့်ပါဝင်လုပ်ကိုင်သူများတစ်လျှောက် ရင်းမြစ်များနှင့် ကြိုးပမ်းမှုများနေရာချထားနိုင်ရန် အကောင် အထည်ဖော်သည့်လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းပေးရန် MTDC ကို အပ်နှင်းထားပါသည်။ ဤမူဘောင်အတွင်း ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေးကဏ္ဍ မဟာဗျူဟာအကောင်အထည်ဖော်ခြင်းသည်လည်း **MTDC** ၏ လုပ်ငန်းတာဝန်တစ်ရပ်အဖြစ်ပါဝင်ပါသည်။

ဤစွမ်းဆောင်မှုသည် အလျှုရှင်များနှင့် ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍအဖွဲ့အစည်းများကို ဆောင်ရွက်မှု များကို နှစ်ခါထပ်၍ ပြုလုပ်ခြင်းကို ရှောင်ရှားရန်နှင့် အမြင့်ဆုံးသက်ရောက်မှုအာမခံနိုင်စေရန် အမျိုးမျိုးသော NES ဦးစားပေးမှုများသို့ ရည်ညွှန်းခြင်းပါဝင်ပါသည်။ တာဝန်ယူမှုများတွင် လုပ်ငန်းရလဒ်များနှင့်အကျိုးဆက်များ စောင့်ကြည့်ခြင်းပါဝင်၍ တစ်ချိန်တည်းမှာပင် မဟာဗျူဟာဦးတည်ချက်များ အကောင်အထည်ဖော်နိုင်မည့် မူဝါဒများချမှတ်ပေးရန်ဖြစ်ပါသည်။အလုံးစုံတိုးတက်မှုရှုမြင်ချက်ဖြင့်ရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့် အလျှုရှင်များနှင့်ပါဝင် လုပ်ကိုင်သူများအား ပံ့မှန်အစီရင်ခံရန်အတွက် ကော်မတီကိုအပ်နှင်းထားပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ပြောင်းလဲသည့်လိုအပ်ချက်များနှင့်အမီလိုက်နိုင်ရန် မဟာဗျူဟာပြုပြင်ခြင်း၊ မြှင့်တင်ခြင်းလုပ်ငန်းတွင် MTDC သည် အဓိကကဏ္ဍမှပါဝင်ပါသည်။

## ပုံစံ(၁) – ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေးကဏ္ဍစုံမဟာဗျူဟာအတွက်တည်ဆောက်ရေး အခြေခံများ

အောက်ပါဝေဖန်ဆန်းစစ်သည့်အစိတ်အပိုင်းများသည် ဘဏ္ဍာရေးဝန်ဆောင်မှုများ ရရှိရေးကဏ္ဍစုံ မဟာဗျူဟာအတွက် တည်ဆောက်ရေးအခြေခံများဖြစ်ပါသည်။

### မြန်မာနိုင်ငံ၏ဘဏ္ဍာငွေရရှိနိုင်မှုလက်ငင်းအခြေအနေ

ဤကဏ္ဍသည် မြန်မာနိုင်ငံ ပို့ကုန်မြှင့်တင်ရေးအတွက် ဘဏ္ဍာငွေရရှိမှု အခြေအနေကို ဆွေးနွေးပြီး အမျိုးသားမူဘောင် ခြုံငုံရှုမြင်ချက်ကို ပံ့ပိုးထားပါသည်။ ဤခြုံငုံရှုမြင်ချက်သည် မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိရေးကဏ္ဍစုံလုပ်ငန်း၏ ဆောင်ရွက်မှုနှင့် ထိရောက်မှု ကျယ်ကျယ်ပြန့်ပြန့် စီစစ်ဝေဖန်ခြင်းအတွက် အခြေခံအဖြစ်ဖော်ပြထားပါသည်။

### ပြိုင်ဆိုင်မှုအကန့်အသတ်များ

ဘဏ္ဍာငွေရရှိရေး ထိရောက်မှုနှင့် အကောင်အထည်ဖော်မှုသည် အဖွဲ့အစည်းပိုင်းဆိုင်ရာ (ရောင်းလိုအားဘက်) နှင့် လုပ်ငန်းပိုင်းဆိုင်ရာ (ဝယ်လိုအားဘက်) အဆင့်များတွင် အကန့်အသတ်များစွာကြောင့် လက်ငင်းတွင်ထိန်းချုပ်မှုများရှိနေပါသည်။ဤကျယ်ပြန့်သည့် အနှောင်အတည်းများက မြန်မာနိုင်ငံ ပို့ကုန်သမားများအတွက် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်ရာတွင် အကန့်အသတ်ဖြစ်စေပါသည်။ ပြိုင်ဆိုင်မှု အကန့်အသတ်များ ကဏ္ဍတွင် ဤအရေးပါသည့် စိန်ခေါ်မှုများနှင့် ၎င်းတို့၏ လက်ငင်းနှင့် အလားအလာရှိသည့် ပို့ကုန်သမားများအပေါ် သက်ရောက်မှုကို ဆွေးနွေးထားပါသည်။

### ကုန်သွယ်ရေးအထောက်အကူပြုအဖွဲ့အစည်း (TSI) ကို လေ့လာစီစစ်ခြင်း

မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးဝန်ဆောင်မှုပိုင်း ဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်နိုင်ရေးအတွက် TSI များက အရေးပါသည့် အဖွဲ့အစည်းများ ဖြစ်ပါသည်။ ဤ TSI များ၏ ထိရောက်မှုနှင့် စွမ်းဆောင်မှု ကွာဟချက်များ ဝေဖန်ဆန်းစစ်ခြင်းသည် ဘဏ္ဍာငွေရရှိရေးမူဘောင်တစ်ခုလုံး၏ ထိရောက်မှုကို သေချာစေရန် အရေးကြီးပါသည်။

TSI ဝေဖန်ဆန်းစစ်သည့် အပိုင်းက ပေါင်းစပ်ညှိနှိုင်းခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ပြန်လည်ပြည့်ဖြိုးမြဲ လူသားအရင်းအမြစ်နှင့်ထောက်ခံတင်ပြခြင်းဧရိယာများတွင် TSI တစ်ခုချင်း၏ စွမ်းဆောင်မှုကိုအကဲဖြတ်

ထားပါသည်။ ဝေဖန်ဆန်းစစ်ခြင်းအပိုင်းတွင် ၎င်းတို့၏ ဩဇာသက်ရောက်မှုနှင့် သုံးစွဲသူများ၏ လိုအပ်ချက်တုံ့ပြန်ရန် ၎င်းတို့၏စွမ်းဆောင်ရည်အဆင့်များကို အခြေခံ၍ TSI များအကဲဖြတ်ခြင်းကို ဆောင်ရွက်ပါသည်။ ကဏ္ဍစုံ TSI များ၏ အားသာချက်နှင့် အားနည်းချက်ဖြင့် စုပေါင်းပုံရိပ်လွှာကို ဖော်ပြထားပါသည်။

## မည်သို့ရောက်ရှိနိုင်မည်နည်း။

ဘဏ္ဍာငွေရရှိရေး ကဏ္ဍစုံလုပ်ငန်းအတွက် မဟာဗျူဟာအဓိကအင်္ဂါရပ်များကို လမ်းပြမြေပုံက မီးမောင်းထိုးပြီး ရှေ့ဆက်ရမည့်ခရီးလမ်းကို ဆွေးနွေးထားပါသည်။ ၎င်းတွင် ကဏ္ဍစုံအတွက် မျှော်မှန်းချက် မဟာဗျူဟာရည်မှန်းချက်များနှင့် အကောင်အထည်ဖော်ရေး စီမံခန့်ခွဲသည့် မူဘောင်များ ပါဝင်ပါသည်။

ဝေဖန်ဆန်းစစ်ခြင်းနှင့် အကြံပြုခြင်းကို ပြင်ပဝေဖန်ဆန်းစစ်ချက် သုတေသနက အထောက်အကူပြုသည့် အမျိုးသားအဆင့် တိုင်ပင်ဆွေးနွေးချက်များအပေါ် အခြေခံထားပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက အတည်ပြုလက်မှတ်ရေးထိုးသည်နှင့် မဟာဗျူဟာက ပုဂ္ဂလိကနှင့် အများပြည်သူကဏ္ဍမှ ပါဝင်ဆောင်ရွက်သူများအတွက် ဘဏ္ဍာငွေရရှိမှုကောင်းမွန်စေရန် အဓိက လမ်းပြမြေပုံအဖြစ် ဆောင်ကျဉ်းပေးမည်ဖြစ်ပါသည်။

## နိဒါန်း

မြန်မာနိုင်ငံသည် ရှေ့လာမည့် ၁၀စုနှစ် ၂ ခုအတွင်း အထက်–အလယ် ဝင်ငွေအဆင့် ရောက်ရှိနိုင်ရန် အလားအလာရှိပြီး အာရှစီးပွားရေးဖွံ့ဖြိုးမှုဘဏ်အဆိုအရ တစ်ဦးချင်းဝင်ငွေသည် (၄)ဆကျော် တက်သွားရန် မျှော်မှန်းပါသည်။ စီးပွားရေး ဖွံ့ဖြိုးမှုသည် အဓိကလုပ်ငန်းများနှင့် ၎င်းတို့၏ ပို့ကုန်များ ဖွံ့ဖြိုးရန် စွမ်းဆောင်မှုအပေါ်မူတည်၍ မြန်မာနိုင်ငံ၏ NES ကဏ္ဍအလိုက် ဦးစားပေးမှုတွင် ၎င်းကို ဖော်ပြထားပြီး ယနေ့အခါတွင် ဘဏ္ဍာရေးပိုင်းဆိုင်ရာ အကြပ်အတည်းများစွာရှိပါသည်။

NES ၏ ကဏ္ဍအလိုက် မဟာဗျူဟာ(၇)ခုသည် လယ်ယာစိုက်ပျိုးရေး၊ ထုတ်လုပ်မှု (အထည်အလိပ်နှင့် ချုပ်ထည်များ)၊ ဝန်ဆောင်မှု၊ ခရီးသွားလုပ်ငန်းတို့ ပါဝင်ပါသည်။ မဟာဗျူဟာတစ်ခုစီတွင် တန်ဘိုးကွင်းဆက်ကို တိုးတက်သည့် ထုတ်လုပ်မှုစွမ်းရည်၊ ထုတ်ကုန်ပစ္စည်း အရည်အသွေး၊ ထုတ်ကုန်ပစ္စည်းအမယ်မျိုးစုံဖန်တီးခြင်း၊ ပြည်တွင်းတန်ဖိုးဈေးကွက်လုပ်ငန်းများနှင့် (သို့) ဦးတည်ဈေးကွက်များသို့ ကုန်သွယ်ရေးဆက်သွယ်ဆောင်ရွက်မှုများဖြင့် တိုးမြင့်လုပ်ဆောင်နိုင်ကြောင်း ပြဆိုထားပါသည်။ ထုတ်လုပ်သူများနှင့် ကုန်ရောင်းဝယ်သူများသည် ထိုသို့တိုးမြင့်လုပ်ဆောင်ရာတွင် မတည်ငွေရင်း၊ လုပ်ငန်းလည်ပတ်ငွေကြေးနှင့် ဆုံးရှုံးမှုလျော့နည်းစေသည့် ကုန်သွယ်မှုဆိုင်ရာဘဏ္ဍာငွေရရှိနိုင်မှုတို့အတွက် နောက်ထပ်ဘဏ္ဍာငွေကြေး ထည့်ဝင်ခြင်းဖြင့်သာလျှင် ဆောင်ရွက်နိုင်ပါသည်။

သို့ရာတွင် ဤဘဏ္ဍာရေးထောက်ပံ့မှုက NES ကိုဖြစ်စေ၊ ဖွံ့ဖြိုးရေးလုပ်ငန်း တစ်ခုခုကိုဖြစ်စေ တစ်ကြိမ်တည်းဖြင့် တုံ့ပြန်နိုင်မှု မဖြစ်နိုင်ပါ။ မြန်မာနိုင်ငံ၏ လုပ်ငန်းများက အမြဲတမ်းပြောင်းလဲနေသည့် ဈေးကွက်အခြေအနေများကို တုံ့ပြန်ရန်နှင့် ကမ္ဘာ့တစ်လွှားယှဉ်ပြိုင်မှုတွင် ရှင်သန်ရပ်တည်နေနိုင်ရန် ဘဏ္ဍာငွေကြေးရရှိနိုင်မှုသည် ကောင်းမွန်၍ ခိုင်မာသည့်အမျိုးသားဘဏ္ဍာရေးစနစ်ဖြင့် အချိန်နှင့် တပြေးညီ ဆောင်ရွက်နေရပါမည်။ ဤစနစ်မျိုးသည် ပစ္စည်းသစ်များ၊ စက်ကိရိယာသစ်များ၊ လုပ်ငန်းသစ်များတွင် ရင်းနှီးမြှုပ်နှံမှုများကိုရရှိစေနိုင်ပြီး တစ်ချိန်တည်းမှာပင် ထုတ်လုပ်မှု ၊အရည်အသွေးစံနှုန်းနှင့် ဈေးကွက်မျိုးစုံထိုးဖောက်နိုင်မှုကို မြှင့်တင်ပေးပါသည်။ ဤသို့အားဖြင့် ပို့ကုန်အောင်မြင်မှုသည် ကုန်သွယ်မှုဆိုင်ရာဘဏ္ဍာငွေရရှိနိုင်မှုအရ အထွေထွေဘဏ္ဍာရေးပေါ်တွင် တည်မှီနေပါသည်။

ကုန်သွယ်မှုဆိုင်ရာ ဘဏ္ဍာရေးသည် နိုင်ငံတကာ ပေးချေမှုများ အဆင်ပြေ ချောမွေ့စေခြင်း

ငွေမပေးချေသည့် ဆုံးရှုံးမှုလျှော့ချခြင်း၊ ပစ္စည်းမဖြန့်ဖြူးခြင်း၊ ဘဏ္ဍာငွေကြေးထောက်ပံ့ခြင်းနှင့် ငွေပေးချေခြင်း၊ သင်္ဘောတင်ခြင်း အခြေအနေများနှင့် ပတ်သက်၍ သတင်းအချက်အလက်ပေးပို့ခြင်းတို့ဖြင့် ကုန်သွယ်မှုကို လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးပါသည်။

၉၀ ရာခိုင်နှုန်းကျော် ရောင်းဝယ်မှုများသည် ဤကုန်သွယ်မှုဘဏ္ဍာရေးကိရိယာများ အသုံးပြုကြပြီး ၎င်းတို့တွင် LC များ၊ငွေတောင်းခံရန်အတွက်သွင်းကုန်ဘောလ်များ၊သွင်းကုန်ဆိုင်ရာ ဘဏ္ဍာငွေကြေး ထောက်ပံ့ခြင်း၊ သင်္ဘောတင်အာမခံခြင်း၊ LC အတည်ပြုခြင်း၊ စာရွက်စာတမ်းစစ်ဆေးခြင်း၊ သင်္ဘောမတင်မီ ပို့ကုန်ဘဏ္ဍာငွေ ထောက်ပံ့ခြင်း၊ ပြေစာအတွက်ပေးချေခြင်းနှင့် လက်ခံဝယ်ယူခြင်းတို့ ပါဝင်ပါသည်။

သို့ရာတွင် မြန်မာနိုင်ငံတွင် ဘဏ္ဍာငွေရရှိမှုမှာ လုပ်ငန်းအများစုအတွက် လွန်စွာပင် ကန့်သတ်မှု ရှိနေပါသည်။ ဘဏ္ဍာရေးပိုင်းဆိုင်ရာ လိုအပ်ချက်ဖြစ်ပေါ်လာသည့်အခါ ၎င်းတို့လုပ်ငန်း လိုအပ်ချက်နှင့် ကိုက်ညီမှု၊ လုပ်ငန်းများ၏ပုံမှန်ဘဏ္ဍာရေးဝန်ဆောင်မှုများ အသုံးပြုနိုင်စွမ်းရည်တို့ကို ပြန်လည်လေ့လာ ကြပါသည်။ ငွေကြေးဝန်ဆောင်မှု ကောင်းစွာရရှိနိုင်မှုသည် ငွေချေးသူများအား အပေါင်ပစ္စည်း အာမခံ အနည်းငယ်ဖြင့်ဘဏ္ဍာငွေထောက်ပံ့ရာတွင် စိတ်ချအဆင်ပြေစွာနှင့် ဆန်းသစ်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်ပေးခြင်း ဖြစ်သင့်ပါသည်။

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍသည် ပြီးခဲ့သည့်နှစ်များအတွင်း အကျိုးရှိသည့် ဖွံ့ဖြိုးမှုများစွာ ဖြစ်ပေါ်ခဲ့သော်လည်း တိုးတက်မှုမှာ ရှေ့နောက်မညီဘဲ တန့်သွားနိုင်ပါသည်။ လက်ရှိမဟာဗျူဟာသည် NES ၏ အဓိကအစိတ်အပိုင်းဖြစ်၍ စီးပွားရေးလုပ်ငန်းများန ှင့် ကုန်သွယ်ဘဏ္ဍာရေးတို့တွင် ခေတ်မီ တိုးတက်သည့် နိုင်ငံတကာ ပြိုင်ဆိုင်မှုစနစ်များ ရရှိအောင်မြင်ခြင်းဖြင့် နိုင်ငံ၏ ဦးစားပေးကဏ္ဍတစ်ခုစီတွင် ပို့ကုန်အောင်မြင်မှု ရရှိနိုင်သည့် အစီအမံများ ချမှတ်ထားပါသည်။ မဟာဗျူဟာကို ဦးစားပေးကဏ္ဍများရှိ စီးပွားရေးလုပ်ငန်းများနှင့် ကုန်သွယ်ရေးအသင်းအဖွဲ့များ ၊ ပုဂ္ဂလိကဘဏ်များ၊ အစိုးရဘဏ်များ ၊ ဗဟိုဘဏ်၊ ပေါ်လစီချမှတ်သူများ၊ထိန်းကျောင်းသူများနှင့် နိုင်ငံတကာပညာရှင်များနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးချက် များဖြင့် အခြေခံထားပါသည်။

မဟာဗျူဟာက ဘဏ္ဍာရေးကဏ္ဍ၏ လက်ငင်းအခြေအနေကို ဖော်ပြရာတွင် တိုးတက်မှု အတွက် အဓိကအဟန့်အတားများကို အကျဉ်းချုပ်ဖော်ပြခြင်း၊ ပြုပြင်ပြောင်းလဲရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်သည့် ဗျူဟာကိုရှာဖွေပေါင်းစပ်ညှိနှိုင်းရန် ကဏ္ဍအထောက်အကူပြုအဖွဲ့အစည်းများ၏ စွမ်းရည်ပိုင်းလေ့လာခြင်း နိုင်ငံ၏ဘဏ္ဍာရေးကဏ္ဍအတွက် မျှော်မှန်းချက်ချမှတ်ခြင်းနှင့် POA ရလဒ်များ တင်ပြခြင်းတို့ကို လေ့လာ ဖော်ပြထားပါသည်။

# *ယခုကျွန်ုပ်တို့ မည်သည့်နေရာတွင် ရောက်ရှိနေသနည်း*

## *သမိုင်းကြောင်းဆိုင်ရာရှုမြင်ချက်*

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍသည် ဗြိတိသျှထံမှ လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်တွင် စတင်ခဲ့သည်။ ပထမဆုံးဖွင့်လှစ်သည့်ဘဏ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်ဖြစ်၍ ၎င်းသည် အိန္ဒိယအရန်ငွေကြေးဘဏ်၏ ရန်ကုန်ဘဏ်ခွဲရှိ လုပ်ငန်းများကို လွှဲပြောင်းရယူခဲ့သည်။ ၁၉၅၂ခုနှစ်တွင် ၎င်းကို နိုင်ငံ၏ဗဟိုဘဏ်အဖြစ်ပြုလုပ်၍ ငွေစက္ကူထုတ်ခြင်း အစိုးရရပိုင်ခွင့်များ စီမံခန့်ခွဲခြင်းနှင့် အစိုးရငွေစာရင်းများ ထိန်းသိမ်းခြင်း ပြုလုပ်ပါသည်။ ၎င်းနောက် ၁၉၅၃ခုနှစ်တွင် နိုင်ငံတော် လယ်ယာစိုက်ပျိုးရေးဘဏ်ကိုလည်းကောင်း၊ ၁၉၅၅ခုနှစ်တွင် မြန်မာနိုင်ငံသမဝါယမဘဏ်ကိုလည်းကောင်း၊ ၁၉၆၀ခုနှစ် မြန်မာ့အရှေ့တိုင်းဘဏ်ကိုလည်းကောင်း၊ ၁၉၇၅ခုနှစ်တွင် ရန်ကုန်ဘဏ်လီမိတက်ကိုလည်းကောင်း နိုင်ငံပိုင်ဘဏ်များအဖြစ် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

၁၉၇၆ ခုနှစ်တွင် နိုင်ငံပိုင်ဘဏ်များကို ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ဟူ၍ ပြန်လည်ဖွဲ့စည်းခဲ့ပြီး အာမခံလုပ်ငန်းနှင့် အသေးစားချေးငွေဌာနခွဲများကို သီးခြားလုပ်ငန်းများအဖြစ် ခွဲထုတ်ခဲ့ပြီး ယနေ့တိုင် ဆက်လက် တည်ရှိနေပါသည်။

## **လက်ရှိအနေအထား**

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍသည် အရှေ့တောင်အာရှဒေသတွင် ဖွံ့ဖြိုးမှု အနည်းဆုံး ဖြစ်နေပါသည်။ ဘဏ်ငွေစာရင်းရှိသော လူဦးရေမှာ စုစုပေါင်းလူဦးရေ၏ ၁၀ရာခိုင်နှုန်း ထက်မကျော်လွန်ပါ။ ကြွေးမြီဈေးကွက်တွင် လူဦးရေ၏ ၀.၁ရာခိုင်နှုန်းအောက်သာ ပါဝင်လျက်ရှိပြီး ၂၀၁၁ခုနှစ်အတွက် ကြွေးမြီနှင့် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ)၏အချိုးမှာ ၇. ၂ရာခိုင်နှုန်း ထက်နည်းပါသည်။ ကမ္ဘာ့ဘဏ်၏ ၂၀၁၄ ခုနှစ် Doing Business Project အရ နိုင်ငံပေါင်း ၁၈၉ နိုင်ငံကို အကဲဖြတ်ရာတွင် မြန်မာနိုင်ငံတွင် ကြွေးမြီ ရရှိနိုင်မှုအခြေအနေမှာ အဆင့် ၁၇၀ တွင်ရှိပါသည်။ဘဏ္ဍာရေးလုပ်ငန်း အတွက် ဥပဒေရေးရာနှင့် ကြီးကြပ်မှု ဆိုင်ရာမူဘောင်သည် သမိုင်းကြောင်းအရ နိုင်ငံတကာ အကောင်းဆုံး အလေ့အကျင့်များ ကင်းမဲ့ပါသည်။

သည့် တိုးတက်မှုကို ဘဏ္ဍာငွေထောက်ပံ့ပေးနိုင်သည့် ခေတ်မီဘဏ္ဍာရေးစနစ်တစ်ခု အတွက် အခြေခံအုတ်မြစ်ကို ချမှတ်နိုင်ဖွယ်ရာ ရှိပါသည်။ ဥပမာ ၂၀၁၁ခုနှစ်တွင် ဘဏ်အပ်နှံငွေ ကန့်သတ်မှု များ ရုပ်သိမ်းပြီးနောက် ပုဂ္ဂလိကဘဏ်များတွင်စုစုပေါင်းငွေအပ်နှံမှုသည်နှစ်ဆတက်သွားပါသည်။နိုင်ငံတကာ အဖွဲ့အစည်းများထံမှ နည်းပညာအကူအညီ (TA) နှင့် သင်တန်းများကို အသုံးချ၍ ဥပဒေရေးရာနှင့် ကြီးကြပ်ထိန်းကွပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများသည် ငွေကြေးဥပဒေ၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နိုင်ငံခြားငွေလဲလှယ်မှု ထိန်းချုပ်ရေးနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးတို့ကို ထိရောက်စေခဲ့ပြီး ၎င်းတို့အားလုံးသည် မြန်မာ့လုပ်ငန်းများ၏ တန်ဖိုးကွင်းဆက် တိုးတက်စေရေး စွမ်းရည်နှင့် NES ဦးစားပေး ထုတ်ကုန်များ၏ ပို့ကုန်အဆင့်များအပေါ် သက်ရောက်မှု ရှိစေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ မကြာသေးမီက ဥပဒေရေးရာပိုင်းပြုပြင်ပြောင်းလဲမှုတွင် ဘဏ္ဍာငွေကြေးရရှိနိုင်မှုအတွက် အရေးပါဆုံးမှာ မြန်မာနိုင်ငံ ဗဟိုဘဏ်ဥပဒေဖြစ်၍ ၎င်းကို ၂၀၁၃ခုနှစ်၊ ဇူလိုင်လတွင် ဥပဒေအဖြစ် လက်မှတ်ရေးထိုးခဲ့ပါသည်။ ဗဟိုဘဏ်ကို ဝန်ကြီးဌာနအဆင့်မြှင့်တင်ခြင်းဖြင့် ဤဥပဒေသည် ဗဟိုဘဏ်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစေ၍ ကမ္ဘာတစ်လွှားရှိ ဗဟိုဘဏ်များနည်းတူ ပွင့်လင်းမြင်သာ၍ လွတ်လပ်သည့် ငွေကြေးပေါ်လစီအတွက် တာဝန်ရှိလာပါသည်။

ဗဟိုဘဏ်၏ ယေဘုယျပေါ်လစီလမ်းညွှန်မှုကို နိုင်ငံပိုင်နှင့် ၎င်းကြီးကြပ်သည့် ပုဂ္ဂလိကဘဏ်များက ကောင်းမွန်သည့်အလားအလာဖြင့် လက်ခံရှုမြင်ကြပြီး သတင်းအချက်အလက် အတည်ပြုဖြန့်ဝေရေးအတွက် ရှင်းလင်းသည့်စည်းမျဉ်းများချမှတ်ရန်နှင့် ထိရောက်သည့်စနစ် များကိုအကောင်အထည်ဖော်ရန်ဤဘဏ်များက ဗဟိုဘဏ်ကို မျှော်လင့်စောင့်ဆိုင်းနေကြပါသည်။ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုအသစ်များပေးရန်စိတ်ဝင်စားသည့်ဘဏ်များ (ဥပမာ–ကုန်သွယ်မှု ဆိုင်ရာငွေကြေးထောက်ပံ့မှု) (သို့) လုပ်ငန်းအတွက်အပြိုင်အဆိုင်လုပ်လိုသည့် ဘဏ်များ၊ ဥပမာ–အတိုးနှုန်းလျှော့ချခြင်း (သို့) ချေးငွေအပေါ် ကာလကြာရှည်ထားပေးခြင်းတို့အတွက် ဤ စည်းကမ်းစနစ်များ သတ်မှတ်ထားရှိရန် လိုအပ်ပြီး ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့က ဈေးကွက်ကို တုံ့ပြန်မှုရှိပြီး စည်းကမ်းဘောင်အတွင်းမှ ဆောင်ရွက်နေကြောင်း စိတ်ချယုံကြည်နိုင်ပါသည်။

## ဘဏ္ဍာရေးကဏ္ဍ၏ ဖွဲ့စည်းတည်ဆောက်ပုံ

ဤအခန်းသည် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍ၊ ဘဏ္ဍာရေးအနေအထားနှင့် ၎င်းတို့လုပ်ကိုင်ဆောင်ရွက်နေသည့် ပတ်ဝန်းကျင်များပါဝင်သော အဖွဲ့အစည်းများကို ဖော်ပြထားပါသည်။

## ဘဏ္ဍာရေးအဖွဲ့အစည်းများ

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍ ဖွဲ့စည်းမှုဆိုင်ရာအနေအထားကို ဆောင်ရွက်နေသည့်ဘဏ်များ နှင့် အခြားငွေကြေးအဖွဲ့အစည်းများကို ပုံ (၂)တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။

### ပုံ (၂)- မြန်မာနိုင်ငံဘဏ္ဍာရေးကဏ္ဍ၏ ဖွဲ့စည်းမှုဆိုင်ရာအနေအထား




မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ ဥပဒေက ဘဏ္ဍာရေးအဖွဲ့အစည်းများကို ကူးသန်းရောင်းဝယ်ရေးဘဏ်များ၊ ရင်းနှီးမြှုပ်နှံမှု (သို့) ဖွံ့ဖြိုးရေးဘဏ်များ၊ ငွေကြေးကုမ္ပဏီများနှင့် ငွေချေးအဖွဲ့အစည်းများဟူ၍ ခွဲခြားသတ်မှတ်ထားပါသည်။ ကူးသန်းရောင်းဝယ်ရေးဘဏ်များက ၁နှစ်အထိ အချိန်ပိုင်းအပ်ငွေအပါအဝင် ငွေအပ်နှံခြင်းကို လက်ခံဆောင်ရွက်ပါသည်။ ၎င်းတို့က ချက်လက်မှတ်နှင့် လုပ်ငန်းလည်ပတ်ရင်းနှီးရန် ချေးငွေများပံ့ပိုးပေးပါသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေး ဘဏ်က (၁)နှစ်ကျော် ငွေအပ်နှံခြင်းကို လက်ခံ၍ ပုံသေနှင့်လုပ်ငန်းလည်ပတ်ရင်းနှီးမှုချေးငွေများအတွက် ပုဂ္ဂလိကနှင့် အများပြည်သူရန်ပုံငွေများကို သုံးစွဲပါသည်။ ငွေကြေးကုမ္ပဏီများက အများပြည်သူထံမှ ကောက်ခံရရှိသည့် အပ်ငွေအပြင် ရန်ပုံငွေများသုံးစွဲ၍ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ရန်အတွက် ဘဏ္ဍာငွေပံ့ပိုးပါသည်။ ငွေချေးအဖွဲ့အစည်းများက ပုဂ္ဂိုလ်တစ်ဦးချင်းဆီသို့ စားသုံးခြင်း၊ ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ခြင်းတို့ အတွက် အသင်းသားရံပုံငွေကို သုံးစွဲ၍ ဘဏ္ဍာငွေထောက်ပံ့ပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံပိုင်ဘဏ် (၃)ခုရှိပြီး ဘဏ်များအားလုံးနီးပါးသည် ကူးသန်းရောင်းဝယ်ရေးဘဏ်များဖြစ်ကြပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်အထိ မှတ်ပုံတင်ထားသည့် ငွေကြေးကုမ္ပဏီ (သို့) ငွေချေးအဖွဲ့အစည်းများမရှိပါ။

၂၀၁၃ ခုနှစ်ဘဏ္ဍာနှစ်ကုန်တွင်မြန်မာနိုင်ငံ၏ဘဏ်များတွင် အပ်နှံငွေ USD ၂၃ ဘီလီယံခန့် ရှိ၍ ၂၀၁၂ခုနှစ်စာရင်းအရ လူ ၁သိန်းလျှင် ဘဏ်ခွဲ (၂)ခုနှုန်းထက်နည်းပါးပြီး နှိုင်းယှဉ်မှုများအရ ထိုင်းနိုင်ငံတွင် ၁၁.၈၊ ဘင်္ဂလားဒေ့ရှ် ၈.၁၊ ကမ္ဘောဒီးယား ၄.၄၊ ဗီယက်နမ် ၃.၂၊ လာအို ၂.၇ ရှိပါသည်။

## နိုင်ငံပိုင်ဘဏ်များ

မြန်မာ့စီးပွားရေးဘဏ်ကို ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်း ဆိုင်ရာဘဏ်လုပ်ငန်း၊ အပ်ငွေလက်ခံခြင်း နှင့် ထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုအတွက် တစ်ဦးချင်းနှင့် လုပ်ငန်းဆိုင်ရာချေးငွေများ တိုးတက်လာစေရန် တည်ထောင်ထားရှိပြီး ဘဏ်ခွဲ ၂၉၆ခုဖြင့် အကြီးဆုံးအမျိုးသားဘဏ်ကွန်ရက် ဖြစ်ပါသည်။ နိုင်ငံခြားငွေစာရင်းများ ကိုင်တွယ်ရန် မြန်မာ့စီးပွားရေးဘဏ်ကို လိုင်စင် ခွင့်ပြုပေးထားပြီး ၎င်း၏ ဘဏ်လုပ်ငန်းများကို ပြည်တွင်းဘဏ်လုပ်ငန်းစနစ်မှ နိုင်ငံတကာဘဏ္ဍာရေးဝန်ဆောင်မှုများသို့ တိုးချဲ့ ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် စိုက်ပျိုးရေးအတွက် ၁၈၂၀၀၀၀ အရေအတွက်ရှိသော လယ်သမားများနှင့် လယ်သမားအုပ်စုများကို ရာသီအလိုက်နှင့် ကာလအလိုက်ချေးငွေများကို ပံ့ပိုးပေးပြီး စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့အစီရင်ခံပေးပို့ပါသည်။ ရာသီအလိုက်ချေးငွေမှာ သီးနှံစိုက်ပျိုး ထုတ်လုပ်ရေးအတွက်ဖြစ်၍ ကာလလိုက်ချေးငွေမှာ စက်ကိရိယာများ ဝယ်ယူရန် ဖြစ်သည်။
နိုင်ငံ၏အုပ်ချုပ်မှုဒေသ (၁၅)ခုတွင် ဘဏ်ခွဲ (၂၀၆)ခုဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် လူဦးရေ၏ ၇၀%ကျော် မိမိအသက်မွေးဝမ်းကျောင်းအတွက် အားထားနေရသည့် နိုင်ငံ၏လယ်ယာစိုက်ပျိုးရေးကဏ္ဍ အတွက် အရေးပါဆုံးဘဏ် ဖြစ်ပါသည်။

၁၉၇၅ ခုနှစ် နိုင်ငံပိုင်ဘဏ်များ ပြန်လည်ဖွဲ့စည်းခြင်းမပြုမီက မြန်မာ့နိုင်ငံခြားကုန်သွယ်မှု ဘဏ်သည် ဗဟိုဘဏ်၏ နိုင်ငံခြားငွေလဲလှယ်မှု ဘဏ်ခွဲဖြစ်သည်။ ၎င်း၏ သွင်းကုန် ပို့ကုန်လုပ်ငန်းများတွင် လေးနက်ကြွယ်ဝသည့် အသိပညာအရ သစ်နှင့်ကျောက်မျက်ရတနာကဲ့သို့ အစိုးရ၏ နိုင်ငံတကာ ကုန်သွယ်မှု စီမံအုပ်ချုပ်ရေးပိုင်းတွင် အထူးပြုဘဏ်တစ်ခုအနေနှင့် သတ်မှတ်ဆောင်ရွက်စေပါသည်။

## ပုဂ္ဂလိကဘဏ်များ

ဘဏ်လုပ်ငန်းကဏ္ဍ၏ စုစုပေါင်း ၈.၄ ထရီလီယံကျပ် ပိုင်ဆိုင်မှုရှုယ်ယာအရ ပုဂ္ဂလိက ဘဏ်များသည် ကဏ္ဍ၏၆၁%ဖြစ်၍ နိုင်ငံဘဏ်များက ၃၉% ဖြစ်ပါသည်။ ဇယား (၁)တွင် ပြထားသည့်အတိုင်း ပုဂ္ဂလိကဘဏ် ၂၂ ခု အနက် ဘဏ် (၁၀)ခုက ပုဂ္ဂလိကပိုင်ဆိုင်မှု၏ ၉၀% ကျော်

ရှိပါသည်။ ၎င်းတို့ထဲတွင် ကမ္ဘောဇဘဏ်သည် အကြီးဆုံး (၃၈%)ဖြစ်ပြီး ဒုတိယအဆင့်တွင် မြဝတီဘဏ် (၁၆%)၊ သမဝါယမဘဏ် (၁၂%)နှင့် မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ် (၉%)တို့ရှိကြပြီး ၎င်းတို့အားလုံး၏ဝေစုမှာ ကမ္ဘောဇဘဏ်၏ ပိုင်ဆိုင်ခွင့်အားလုံးနီးပါးနှင့် ညီမျှနေပါသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းပုဂ္ဂလိကဘဏ်နှင့် နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးများ စာရင်းအပြည့်အစုံကို နောက်ဆက်တွဲ (၁)တွင် ကြည့်ရှုနိုင်ပါသည်။

**ဇယား(၁)–မြန်မာနိုင်ငံရှိအကြီးဆုံးပုဂ္ဂလိကဘဏ်(၁၀)ခု၏ဈေးကွက်ဝေစု၊၂၀၁၂ခုနှစ် မတ်လ ၃၁ရက်**

(Kyat in million)

| Bank | Total Assets | | Paid-up Capital | | Total Deposit | | Total Loan | |
|---|---|---|---|---|---|---|---|---|
| | Amount | (%) | Amount | (%) | Amount | (%) | Amount | (%) |
| KBZ | 1,774,444.86 | 38.29 | 61,025.00 | 22.39 | 1,580,206.11 | 40.17 | 1,026,401.39 | 39.04 |
| MWD | 732,786.29 | 15.81 | 48,077.50 | 17.64 | 610,981.83 | 15.53 | 469,684.46 | 17.87 |
| CB | 563,134.99 | 12.15 | 28,126.34 | 10.32 | 480,615.68 | 12.22 | 325,926.16 | 12.40 |
| MLFDB | 397,370.22 | 8.58 | 26,079.50 | 9.57 | 296,455.00 | 7.54 | 243,049.20 | 9.24 |
| MAB | 275,867.19 | 5.95 | 25,000.00 | 9.17 | 214,257.07 | 5.45 | 162,777.01 | 6.19 |
| INNWA | 245,094.28 | 5.29 | 19,135.00 | 7.02 | 215,229.33 | 5.47 | 91,335.72 | 3.47 |
| AGDB | 209,720.27 | 4.53 | 24,138.10 | 8.86 | 177,139.84 | 4.50 | 102,205.21 | 3.89 |
| AYWB | 197,655.56 | 4.27 | 24,000.00 | 8.80 | 165,651.34 | 4.21 | 111,188.96 | 4.23 |
| SIBIN | 119,322.76 | 2.58 | 2,000.00 | 0.73 | 110,209.28 | 2.80 | 34,626.76 | 1.32 |
| MIDB | 118,341.40 | 2.55 | 15,000.00 | 5.50 | 82,605.17 | 2.10 | 61,834.79 | 2.35 |
| Toal | 4,633,737.82 | 100.00 | 272,581.44 | 100 | 3,933,350.65 | 100 | 2,629,029.66 | 100 |
| Total Industry | 5,126,387.51 | 90.39 | 340,362.23 | 80.09 | 4,273,480.81 | 92.04 | 2,879,801.50 | 91.29 |

ရင်းမြစ် – မြန်မာနိုင်ငံတော်ဗဟိုဘဏ် (၂၀၁၂) နှစ်ပတ်လည် အစီရင်ခံစာ (၂၀၁၁–၂၀၁၂)

လောလောဆယ် မြန်မာနိုင်ငံတွင် အပ်ငွေလက်ခံရန်နှင့် ချေးငွေထုတ်ပေးရန် မည်သည့် နိုင်ငံခြားဘဏ်ကိုမျှ ခွင့်ပြုမထားဘဲ ၎င်းတို့ကို ခွင့်ပြုသည့် ဥပဒေ ရေးဆွဲထားရှိပြီး ဗဟိုဘဏ်က မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်များအချိန်ပြည့်ဖွင့်လှစ်ရန် လျှောက်လွှာများကို လက်ခံဆောင်ရွက်လျက်ရှိပါသည်။ ဖွင့်လှစ်ရန် စီစဉ်ထားသည့် ကနဦးစာရင်းကို ၂၀၁၄၊ စက်တင်ဘာလတွင် ထုတ်ပြန်ကြေညာဖွယ် ရှိပါသည်။

ကဏ္ဍ၏ ပံ့ပိုးနိုင်သည့် လုပ်ငန်းနှင့် ဝန်ဆောင်မှုများမှာ အပ်ငွေစာရင်းများ၊ (၁)နှစ်အထိ ကာလတို ချေးငွေများ၊ ၄နှစ်မှ၂၀နှစ်အထိ နှစ်ရှည်ချေးငွေများ၊ နိုင်ငံခြားငွေလွှဲခြင်း (ပြည်တွင်းနှင့် ပြည်ပ)နှင့်

ခရီးသွားချက်လက်မှတ်များထုတ်ပေးခြင်းနှင့် နိုင်ငံခြားငွေကြေးများကို ငွေသားထုတ်ပေးခြင်းတို့ ဖြစ်ပါသည်။ အနည်းအကျဉ်းဖြစ်သော်လည်း တိုးတက်လာသည်မှာ LC များ၊ PO ငွေပေးအမိန့်များ၊ အာမခံများနှင့် ကြေးနန်းရိုက်ငွေလွှဲခြင်းတို့ ပံ့ပိုးပေးနိုင်ခြင်းဖြစ်ပါသည်။ LC ရရှိရန် သွင်းကုန်သမားများက ယခင်က ထုတ်ပေးသည့်ဘဏ်တွင် LC တန်ဖိုး၏ ၁၀၀% ကို ပေးသွင်းရန် လိုအပ်ပြီး ၂၀၁၄ ခုနှစ် ဧပြီလမှစ၍ ရာခိုင်နှုန်းလျှော့၍ လက်ခံရန် ဗဟိုဘဏ် က ဘဏ်များကို ခွင့်ပြုပါသည်။ ၂၀၁၄ခုနှစ်၊ ဇူလိုင်လမှစ၍ ဗဟိုဘဏ်က ဘဏ်များအနေနှင့် သဘော်တင်အကြို ဘဏ္ဍာငွေထုတ်ပေးခြင်းနှင့် ကာလတို ကြွေးမြီရရှိရေး လုပ်ငန်းများ ခွင့်ပြုရန် ညွှန်ကြားလွှာ မူကြမ်းရေးဆွဲလျှက်ရှိပါသည်။

ခေတ်သစ်ဘဏ်စနစ်၏ ခေတ်အမီဆုံးသွင်ပြင်လက္ခဏာမှာ အလိုအလျောက် ငွေထုတ်စက် ATM၊ ရွေ့လျားဘဏ်လုပ်ငန်းနှင့် ခရက်ဒစ်ကတ်ထုတ်ပေးခြင်းတို့ လွန်ခဲ့သည့်နှစ်များက စတင်ပေါ်ပေါက်လာခဲ့ပြီး ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတွင် ပထမဆုံး ATM ငွေထုတ်ခြင်းစတင်၍ ပထမဆုံး ဗီဇာနှင့် မာစတာကတ် ဝယ်ယူခြင်းများ ၂၀၁၃ခုနှစ်၊ ဧပြီလတွင် ပေါ်ပေါက်ခဲ့ပါသည်။

## ဘဏ်လုပ်ငန်းမဟုတ်သည့် ငွေကြေးအဖွဲ့အစည်းများ

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းမဟုတ်သည့် ငွေကြေးကဏ္ဍာသည် သေးငယ်၍ နိုင်ငံပိုင် အာမခံ ကုမ္ပဏီ ၁ ခုနှင့် စားသုံးသူများမှ အိမ်သုံးနှင့် တာရှည်ခံပစ္စည်းများ ဝယ်ယူရေး ပံ့ပိုးပေးရန် တည်ထောင်ထားသည့် နိုင်ငံပိုင်ကုမ္ပဏီ (၂) ခု ပါဝင်ပါသည်။ ဂျပန်အာမခံကုမ္ပဏီများသည် ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ရောက်ရှိနေသော်လည်း၂၀၁၂ခုနှစ်ထိအောင် မြန်မာ့အာမခံကော်ပိုရေးရှင်းကိုသာ အာမခံပေါ်လစီ ထုတ်ပြန်ခြင်းကို ဆောင်ရွက်ရန် ခွင့်ပြုပါသည်။ ထိုနောက်ပိုင်းတွင် ဂျပန်နိုင်ငံ၏ Yasuda Fire နှင့် ရေကြောင်းအာမခံ ကုမ္ပဏီသည် မြန်မာ့အာမခံကော်ပိုရေးရှင်းနှင့် ဖက်စပ်ထူထောင်၍ မြန်မာ့အာမခံဈေးကွက်သို့ ဝင်ရောက်လာပါသည်။

## ပုံစံ(၂)–မြန်မာနိုင်ငံ၏ဘဏ္ဍာရေးကဏ္ဍတွင် အမေရိကန်ပိတ်ဆို့အရေးယူမှုများ၏ရိုက်ခတ်မှု

မြန်မာနိုင်ငံတွင် လက်ရှိ ချမှတ်ထားသည့် အမေရိကန် စီးပွားရေးပိတ်ဆို့အရေးယူမှုသည် ကာကွယ်ရေးဝန်ကြီးဌာန၊ လက်နက်ကိုင်အဖွဲ့အစည်း၊အထူးခန့်အပ်ထားသည့် နိုင်ငံသားများ (သို့) ရှယ်ယာ အများစုပိုင်ဆိုင်သည့် အဖွဲ့အစည်းတစ်ခုခု တို့အား ဘဏ္ဍာရေးဝန်ဆောင်မှုများ တင်ပို့ခြင်း (သို့) ပြန်လည် တင်ပို့ခြင်း ဆောင်ရွက်ရန် တားမြစ်ထားပါသည်။ ၎င်းတွင် အစိုးရနှင့် ပုဂ္ဂလိကဘဏ်များစွာ လည်းပါဝင်သည်။ ယင်းကဲ့သို့ ကန့်သတ်ချက်များကို ၂၀၁၃ခုနှစ်အစောပိုင်းက ဖြေလျှော့ခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးတိုးတက်မှုဘဏ်၊ ရောဝတီဘဏ် တို့နှင့် ရင်းနှီးမြှုပ်နှံမှုပိုင်းမဟုတ်ဘဲ လုပ်ငန်းပိုင်း ဆက်သွယ် ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါသည်။

နောက်ထပ်ဖြေလျှော့မှုများ မျှော်မှန်းနိုင်သော်လည်း အရေးပါသည့် ဘဏ္ဍာရေး ပိတ်ဆို့မှုများ ရှိနေသ၍ မြန်မာနိုင်ငံလုပ်ငန်းများ၏ စွမ်းရည်ကို သွယ်ဝိုက်၍သက်ရောက်မှုရှိပြီး ဤပိတ်ဆို့အရေးယူမှု နှင့် ဆက်သွယ်မှုမရှိသည့် အခြေခံရောင်းဝယ်ရေးလုပ်ငန်းများကိုပင် ထိခိုက်မှုဖြစ်စေပါသည်။ အမေရိကန် ကုမ္ပဏီအချို့သည် ၎င်းတို့ စိတ်ချယုံကြည်သည့်ဘဏ်များရှိသည့်နိုင်ငံများတွင်သာ ရောင်းဝယ်လို ကြပါသည်။ ဝယ်သူဘက်မှဘဏ်က ထုတ်ပေးသည့် LC များကို ပို့ကုန်ငွေကြေးဝန်ဆောင်မှုတစ်ရပ်အဖြစ်မှတ်ယူခြင်း သည် အမေရိကန်ဘဏ်များအတွက် မရေရာမှုဖြစ်စေပြီး ၎င်းတို့အနေနှင့် တရားဝင် ကုန်သွယ်မှု ဘဏ္ဍာရေးတွင် သိသာထင်ရှားစွာ ဝင်ရောက်ဆောင်ရွက်လိုခြင်းမရှိကြပေ။

## တရားမဝင်ငွေချေးခြင်း

ကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူများက စုစုပေါင်းငွေချေးသည့်ပမာဏသည် တရားဝင် နည်းလမ်းတကျဆောင်ရွက်ခြင်းထက် တရားမဝင်အလွတ်သဘောကဏ္ဍတွင်ပိုမိုများပြားနေကြောင်း လက်ခံကြ ပါသည်။ သို့သော် ဤခန့်မှန်းချက်အပေါ်တွင် အချက်အလက်များ ပြည့်စုံစွာမရရှိနိုင်ပါ။ အပေါင်ဆိုင်များ နှင့် ငွေချေးသူများသည် တရားမဝင်ငွေချေးခြင်း၏ အကြီးမားဆုံးရင်းမြစ်များဖြစ်ပြီး ကာလတိုချေးငွေများကို အိမ်များ၊ ကားများ၊ လယ်ယာသုံးကိရိယာများ (ကျွဲ၊ နွား၊ လှည်း) ရွှေနှင့် အခြားတန်ဖိုးရှိပစ္စည်းများ အပေါင်ထား၍ ငွေထုတ်ချေးပါသည်။ ၎င်းချေးငွေများသည် နေ့စဉ်တိုးပေးရပြီး နေ့စဉ်အရစ်ကျဖြင့် ပြန်လည်ပေးသွင်းရပါသည်။ ဤချေးငွေများမှာ မြန်မာပြည်သူအများစုအတွက် တွေ့ရမြဲလုပ်ငန်းဖြစ်၍ လယ်သမားများ၊ဈေးဆိုင်ရောင်းသူများ၊ စက်ရုံလုပ်သားများ၊ ဆောက်လုပ်ရေးလုပ်သားများ၊ အလယ်အလတ် မိသားစုများ၊ စားသုံးမှုအတွက်မလုံလောက်သည့်အလုပ်သမားများနှင့် အိမ်ရာမဲ့များ ပါဝင်ပါသည်။

ဖော်ဆောင်ခြင်း၊ ဆုံးရှုံးမှုအန္တရာယ် လျှော့ချခြင်း၊ သတ်မှတ်စည်းမျဉ်းလိုအပ်ချက်များနှင့် ကိုက်ညီစေသည့် အဖွဲ့အစည်းများစွာ ပါဝင်ပါသည်။ မြန်မာနိုင်ငံတွင် ဒုတိယအဆင့် ငွေကြေးဈေးကွက်မရှိပါ။ သို့သော် ၂၀၁၅တွင် ဖွင့်လှစ်ရန် ရည်ရွယ်ထားသည့် စတော့အိတ်ချိန်းသည် အရင်းအနှီးဖော်ဆောင်ရန် ငွေကြေးဈေးကွက်များကို အကူအညီပေးနိုင်ပါသည်။ အပေါင်စာချုပ်နှင့် ပိုင်ဆိုင်ခွင့် မှတ်ပုံတင်စနစ်များရှိသော်လည်း ပြီးပြည့်စုံခြင်းမရှိပါ။ ၎င်းတို့စွမ်းရည်ကို မြှင့်တင်ပေးခြင်းသည် ဗဟိုဘဏ်၏ကြီးကြပ်မှုအောက်တွင် စီစဉ်ဆောင်ရွက်နေသည့် ကြွေးမြီဗျူရို၏ ယုံကြည်စိတ်ချရမှုကို မြှင့်တင်ပေးနိုင်ပါသည်။ နိုင်ငံတွင် အစိုးရနှင့် LCCI ကဲ့သို့ တတိယပါတီအဖွဲ့အစည်းများက အသိအမှတ်ပြုထားသော ဘဏ္ဍာရေးဆိုင်ရာအကြံပေးများ၊ စာရင်းကိုင်များ၊ စာရင်းစစ်ဆေးသူများပါဝင်သည့် အုပ်စုအဖွဲ့အစည်းတစ်ခုရှိသော်လည်း ၎င်းအုပ်စုသည် သေးငယ်ပြီး ထိရောက်သည့် စောင့်ကြည့်လေ့လာခြင်းနှင့် ပြန်လည်ထောက်ခံချက်ပေးခြင်းများမရှိပါ။

ဘဏ်လုပ်ငန်းဆက်သွယ်ဆောင်ရွက်မှုများ လုံခြုံမှုရှိစေရန် နှင့် သတင်းအချက်အလက် စီမံခန့်ခွဲရန် ဘဏ္ဍာရေးကဏ္ဍသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အဆောက်အအုံ အပေါ်များစွာ တည်မှီပါသည်။ မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အခြေခံအဆောက်အအုံ ထိုးဖောက်မှု အားနည်းခြင်း၊ ကွန်ရက်ထူထောင်ခြင်းနှင့် အချက်အလက် စီမံခန့်ခွဲသည့်ဆော့ဝဲလ်များတွင် ရင်းနှီးမြှုပ်နှံမှု အားနည်းခြင်းသည် ကဏ္ဍအား အင်တာနက် ဆယ်သွယ်မှုအဆင့် နိမ့်ကျစေပြီး ဌာနခွဲအချင်းချင်းနှင့် ဘဏ်အချင်းချင်း လိုက်လျောညီထွေချိတ်ဆက်မှုမရှိနိုင်ဘဲ စိတ်ချရမှု မရှိသည့် ဌာနတွင်းစနစ်များဖြစ်ပေါ်စေပါသည်။ ၎င်းသည် လျှင်မြန်ထိရောက်သည့် ဘဏ္ဍာရေးဆက်သွယ်ဆောင်ရွက်မှုများ၊ အတွင်းရေးလျှို့ဝှက်အချက်အလက်များ မျှဝေခြင်းနှင့် စာရွက်စာတမ်းမှတ်တမ်းမှ အီလက်ထရောနစ် မှတ်တမ်းစနစ်သို့ အပြည့်အဝကူးပြောင်းရာတွင်လည်း အဟန့်အတားဖြစ်စေပါသည်။

## ကဏ္ဍအတွင်းဖွံ့ဖြိုးမှုများ

ဘဏ္ဍာရေးကဏ္ဍတွင် ဖွံ့ဖြိုးမှု နိမ့်ကျနေစေကာမူ ကဏ္ဍ၏ ပြုပြင်ပြောင်းလဲရန် အလားအလာအတွက် အကျိုးရှိသည့်တိုးတက်မှုများစွာ ဆောင်ရွက်လျက်ရှိပြီး အရေးပါဆုံးအချက်များကို အောက်တွင်ဖော်ပြထားပါသည်–

**မြန်မာနိုင်ငံဗဟိုဘဏ်ဥပဒေအသစ်** – သီးခြားကိုယ်ပိုင်ရပ်တည်သည့်ဘဏ်ကို တည်ထောင်ပြီး ပွင့်လင်းမြင်သာ၍ လွတ်လပ်သည့်ငွေကြေးပေါ်လစီအတွက် ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးရန်ဖြစ်ပါသည်။

**နိုင်ငံခြားငွေလဲလှယ်မှုစီမံခန့်ခွဲရေးဥပဒေသစ်** – မြန်မာကျပ်ငွေကို ပုံသေသတ်မှတ်ထားသည့် လဲလှယ်နှုန်းမှ နှုန်းရှင်စနစ်သို့ မြှင့်တင်ပေးရန်ဖြစ်ပါသည်။ ၂၀၁၁နောက်ပိုင်းတွင် ပုဂ္ဂလိကဘဏ်များက ၎င်းတို့၏ ပထမဆုံး နိုင်ငံခြားငွေလဲလှယ်သည့်ဌာနများ ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၃နောက်ပိုင်းတွင် ဘဏ်အချင်းချင်း နိုင်ငံခြားငွေလဲလှယ်သည့်ဈေးကွက် စတင်လာခဲ့ပါသည်။

၂၀၁၁ နှင့် ၂၀၁၂ခုနှစ်အတွင်း ဘဏ်အပ်ငွေသည် GDP၏ ရာခိုင်နှုန်း အနေဖြင့် ၂ဆနီးပါး တိုးတက်လာပါသည်။ ယင်းသည် ဘဏ်အပ်ငွေကန့်သတ်ချက်အပေါ် ရုပ်သိမ်း လိုက်ခြင်းကြောင့်လည်းဖြစ်ပြီး (ယခင်က ပေးသွင်းအရင်းအနှီး၏ ၁၀ဆ) နိုင်ငံ၏ဘဏ်များနှင့် ပြုပြင်ပြောင်းလဲမှုများအပေါ်တွင် ပြည်သူ လူထု၏ ယုံကြည်အားထားမှု တိုးတက်လာကြောင်း ထင်ဟတ်စေပါသည်။

**ဘဏ်များကို ပို့ကုန်ငွေကြေးဆိုင်ရာထုတ်ပေးသည့် လိုင်စင်** – ဘဏ္ဍာရေးဝန်ကြီးဌာန သည် ပို့ကုန်ဘဏ္ဍာရေးအတွက် စည်းမျဉ်းစည်းကမ်းများပြဋ္ဌာန်းရန် လိုအပ်နေပါသည်။သို့သော်လိုင်စင်အချို့ ကို ထုတ်ပေးထားပြီး ဘဏ်အများအပြားက ပို့ကုန်ဘဏ္ဍာရေးစနစ် စတင်ဆောင်ရွက်ရန် စည်းမျဉ်း စည်းကမ်းများကို စိတ်အားထက်သန်စွာ စောင့်ဆိုင်းလျက်ရှိပါသည်။

**ကြွေးမြီရရှိနိုင်မှုနှုန်း သတ်မှတ်ခြင်းနှင့် သတင်းအချက်အလက်ဗျူရို တည်ဆောက်ရန် အစီအစဉ်များ**

ယခုအခါ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေမူကြမ်းကို ရှေ့နေချုပ်ရုံးနှင့် ဆောင်ရွက်နေပြီး CBM အောက်တွင် ငွေရေးကြေးရေးအဖွဲ့အစည်းများ ကြီးကြပ်ကွပ်ကဲရေးဌာန ဖွဲ့စည်းရန်အတွက် ပြဋ္ဌာန်းချက်များ ပြုလုပ်နေပါသည်။ အဆိုပါဌာနကို နိုင်ငံ၏ ပထမဆုံးသော ကြွေးမြီဆိုင်ရာသတင်းအချက်အလက်ဗျူရိုအဖြစ် ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

**နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်** – မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင်ရာတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် အဓိကကဏ္ဍမှ ပါဝင်လာရန် မျှော်မှန်းထားသည်။ သို့ရာတွင် ဥပဒေပိုင်းဆိုင်ရာတွင် ရှင်းလင်းမှု မရှိခြင်းကြောင့် အတားအဆီး ဖြစ်စေခဲ့ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်သည် ကဏ္ဍများအတွက် ရှင်းလင်းမှုကို ဖြစ်စေပြီး၊ ၎င်းတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းများ၊ ပိုင်ဆိုင်မှု အကန့်အသတ်များ၊ လွှဲပြောင်းရန် လိုအပ်ချက်များ ပါဝင်လျက် ခွင့်ပြုမည်ဖြစ်ပါသည်။

**၂၀၁၅ ခုနှစ်တွင် စတော့အိတ်ချိန်းဖွင့်ရန် အစီအစဉ်များ**– လက်ရှိတွင် ဆွေးနွေးနေဆဲ ဖြစ်သည့်

အာမခံစာချုပ်များ လွှဲပြောင်းရေးဥပဒေကို ဥပဒေဆိုင်ရာ/ကြီးကြပ်မှုဆိုင်ရာ မူဘောင်နှင့် ကြီးကြပ်မှု အခြေခံအဆောက်အအုံတို့ကို ချမှတ်နိုင်ရန် မျှော်လင့်ရပြီး ၂၀၁၅ ခုနှစ်တွင် စတော့အိတ်ချိန်းဖွင့်ခြင်းကို ဖန်တီးဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ဤသို့ဖြင့် ပြည်တွင်းလုပ်ငန်းများအလွန်အမင်း လိုအပ်နေသည့် အရင်းအနှီးရရှိရန် ကောင်းမွန်သည့် လမ်းကြောင်းတစ်ခု ဖြစ်ပေါ်လာစေပါသည်။

**အရှေ့တောင် အာရှနိုင်ငံများအသင်း (အာဆီယံ)နှင့် ပူးပေါင်းဆောင်ရွက်ခြင်း–** မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်၊နှစ်ကုန်ပိုင်းတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်ခြင်း၊၂၀၁၄ ခုနှစ်တွင် ဥက္ကဋ္ဌတာဝန်ဆောင်ရွက်ခြင်းတို့ကိုဆောင်ရွက်ရန်ကတိရှိထားပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း စံနှုန်းများနှင့်အညီ စီးပွားရေး မူဝါဒများကို ချမှတ်ရန် အစိုးရက စိတ်အားထက်သန်စွာဆောင်ရွက်လျက် ရှိပါသည်။

**ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီဆိုင်ရာစီမံကိန်းများ–** မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် နိုင်ငံအလိုက် အလှူရှင်များစွာထံမှ အခြေခံကျသည့် ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ သီးခြားနည်းပညာအကူအညီများ (TA) ကိုလက်ခံရရှိလျက်ရှိပြီး၊ ၎င်းသည်အစိုးရ၏ ခိုင်မာသည့် ပြုပြင်ပြောင်းလဲရေး အကောင်အထည်ဖော်မှု အပေါ် နိုင်ငံတကာက ကျယ်ပြန့်စွာ သိရှိလက်ခံကြောင်း ညွှန်ပြနေပါသည်။ ဤသို့ TA အတွက် ပူးပေါင်းကူညီဆောင်ရွက်သူများတွင် အာရှဖွံ့ဖြိုးရေးဘဏ်၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အသက်မွေးမှုနှင့်အစားအစာလုံခြုံစိတ်ချမှု ရန်ပုံငွေအဖွဲ့၊ Toronto စင်တာ– ကမ္ဘာ့ငွေကြေးကြီးကြပ်ရေးဦးဆောင်အဖွဲ့၊ ကမ္ဘာ့ဘဏ်၊ မလေးရှားနိုင်ငံ Negara ဘဏ်၊ထိုင်းနိုင်ငံဘဏ်၊ ဂျာမန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (GIZ)၊ ဂျပန်နိုင်ငံ ငွေကြေးဝန်ဆောင်မှုအေဂျင်စီ၊ ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ ဂရိတ်ဗြိတိန်နိုင်ငံနှင့် မြောက်အိုင်ယာလန်နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဌာနတို့ ပါဝင်ပါသည်။

ဤဖွံ့ဖြိုးမှုများက ပြည်တွင်းဘဏ်များ၊ နိုင်ငံခြားဘဏ်များ၊ ငွေချေးသူများနှင့် အခြားငွေကြေးအဖွဲ့အစည်းများအား မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍကို လိုအပ်သည့်အတိုင်း ပြုပြင်ပြောင်းလဲရန် နိုင်ငံရေးဆန္ဒရှိကြောင်း အရေးပါမှုကို ပြဆိုခြင်းဖြစ်ပါသည်။ သို့ရာတွင် ယင်းနိုင်ငံရေးဆန္ဒရှိသည့်တိုင် ပြုပြင်ပြောင်းလဲရန် အရေးပါသည့် အတားအဆီးများ ရှိနေဆဲဖြစ်ပါသည်။ မှတ်သားဖွယ်အနေဖြင့် ၎င်းတို့တွင် ထိရောက်သည့် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရန် နည်းပညာဆိုင်ရာအသိဉာဏ်၊ ပေါ်လစီများနှင့် ဘဏ်ဝန်ထမ်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်သည့် လူစွမ်းအားအရင်းအမြစ်နှင့် ကဏ္ဍ၏ ခေတ်မီရေးနှင့်နေ့စဉ်လုပ်ငန်းများတွင် အရေးပါသည့် အမျိုးသားအဆင့် အခြေခံအဆောက်အအုံများပါဝင်ပါသည်။

## အဖွဲ့အစည်းပိုင်းဆိုင်ရာရှုမြင်ချက်

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍတွင် ပါဝင်သည့် အဖွဲ့များနှင့် ဘဏ္ဍာရေးအတွက် ၎င်းတို့အပေါ် တည်မှီနေသည့် လုပ်ငန်းများသည် ပေါ်လစီများ ထောက်ခံဆွေးနွေးပြီးဝန်ဆောင်မှုပေးမည့် ပါဝင်ဆောင်ရွက်နေသူများအပေါ် များစွာတည်မှီနေပြီး တစ်ပြန်တစ်လှည့်အားဖြင့် ကဏ္ဍအားရေရှည်တိုးတက်စေရန်နှင့် လုပ်ငန်းနှင့် ကုန်သွယ်ရေးကို ကောင်းမွန်စွာ ဖွံ့ဖြိုးစေမည်ဖြစ်ပါသည်။ NES ရည်ရွယ်ချက်အတွက် TSI ဟု ခေါ်သော ကုန်သွယ်မှုအထောက်အကူပြုအဖွဲ့အစည်းများကို အုပ်စု (၄)စု ခွဲထားပါသည်–

- ပေါ်လစီ အထောက်အကူပြု ကွန်ရက်
- ကုန်သွယ်ရေး ဝန်ဆောင်မှု ကွန်ရက်
- စီးပွားရေးလုပ်ငန်း ဝန်ဆောင်မှု ကွန်ရက်
- အရပ်ဖက် အဖွဲ့အစည်း ကွန်ရက်

ဤအဖွဲ့အစည်းများစွာသည် ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေး မဟာဗျူဟာ အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် အရေးပါသည့်ကဏ္ဍမှ ပါဝင်ကြပါသည်။ ဤသို့ဖြင့် မဟာဗျူဟာ ထောက်ခံချက်များ အကောင်အထည်ဖော်ရန် TSI များနှင့် ကဏ္ဍအဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်ကို သိရှိနားလည်ရန် လိုအပ်ပြီး အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ပါသည်။

ဇယား (၂)မှ (၅)သည် TSI များနှင့်ကဏ္ဍအစိတ်အပိုင်းများမှ အရေးပါသည့်အခန်းကဏ္ဍမှပါဝင်၍ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု၊ မိမိတို့ ရနိုင်သည့် လူသား အရင်းအမြစ်နှင့် ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များ ၊ ကဏ္ဍအတွက် ထောက်ခံပံ့ပိုးသူများအဖြစ် ၎င်းတို့၏ မှတ်တမ်းများကို စာရင်းပြုစုတင်ပြထားပါသည်။ ပုဂ္ဂလိကနှင့် အစိုးရ ကဏ္ဍမှ ပါဝင်ဆောင်ရွက်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမှုကိုအခြေခံ၍ အမှတ်ပေးမှု နိမ့်၊ လတ်၊ မြင့် တို့ကို ပါဝင်သည့်အချက် တစ်ခုချင်းစီတွင် ဖော်ပြပေးထားပါသည်။

## ပေါ်လစီအထောက်အကူပြုကွန်ရက်

ဤအဖွဲ့အစည်းများသည် အမျိုးသား အဆင့်တွင် ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေးနှင့် ဆက်စပ်သည့် မူဝါဒများ လွှမ်းမိုးခြင်း (သို့) အကောင်အထည်ဖော်ခြင်းအတွက် တာဝန်ရှိသည့် ဝန်ကြီးဌာနများနှင့် အာဏာပိုင်အဖွဲ့အစည်းများကို ကိုယ်စားပြုပါသည်။

## ကုန်သွယ်ရေးဝန်ဆောင်မှုကွန်ရက်

ဤအဖွဲ့အစည်းများ(သို့ ) အေဂျင်စီများသည် အစိုးရနှင့် စီးပွားရေးလုပ်ငန်းများ နှစ်ခုလုံးသို့ ကုန်သွယ်ရေးနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုများ ကျယ်ကျယ်ပြန့်ပြန့် ပံ့ပိုးပေးပါသည်။ ၎င်းတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံအတွင်း ကုန်သွယ်ရေးနှင့် ပို့ကုန်ဆိုင်ရာဖြေရှင်းခြင်းများနှင့်ပတ်သက်၍ ကဏ္ဍကို အထောက်အကူပြုမြှင့်တင်ပေးပါသည်။

## စီးပွားရေးလုပ်ငန်းဝန်ဆောင်မှုကွန်ရက်

၎င်းကွန်ရက်တွင် နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်မှု ထိရောက်မှုရှိစေရန် ပို့ကုန်သမားများ အသုံးပြုသည့် ကူးသန်းရောင်းဝယ်ရေးဝန်ဆောင်မှု ပေးသူများ၏ အသင်းများနှင့် အဓိက ကိုယ်စားလှယ်များပါဝင်သည်။

## အရပ်ဖက်အဖွဲ့အစည်းကွန်ရက်

## ကုန်သွယ်ရေးအထောက်အကူပြုကွန်ရက်ကိုစီစစ်ဝေဖန်ခြင်း

ဤအဖွဲ့အစည်းများသည် ကုန်သွယ်ရေးနှင့် ဆက်စပ်သည့်လုပ်ငန်းများတွင် အတိအလင်း ပါဝင်ခြင်းမရှိပါ။ နိုင်ငံ၏ ပို့ကုန်အလားအလာနှင့် လူမှု စီးပွားဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးစီးပွားများကို ကိုယ်စားပြုသည့် သဘောထား အယူအဆပိုင်းတွင် ဦးဆောင်သူများ ဖြစ်သည်။

**ဇယား(၂)–ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေးကဏ္ဍရှိ မြန်မာနိုင်ငံပေါ်လစီ အထောက်အကူပြု ကွန်ရက်**

| အမည် | လုပ်ငန်းဆောင်ရွက်ချက်/အခန်းကဏ္ဍ | ပေါင်းစပ်ညှိနှိုင်းမှု* | လူသားအရင်းအနှီး** | ဘဏ္ဍာရေးကဏ္ဍရေရှည်တည်တံ့မှု*** | ထောက်ခံအားပေးမှု**** |
|---|---|---|---|---|---|
| MoF | မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်။ မြန်မာ့စီးပွားရေးဘဏ်တို့ကိုကြီးကြပ်ပြီး နိုင်ငံပိုင်ဘဏ်များ၊ဘက်ဂျက်ဌာနများနှင့် အသေးစားငွေကြေးအဖွဲ့အစည်း | လတ် | လတ် | မြင့် | လတ် |
| CBM | များအားကောင်းမွန်စွာပေါင်းစပ်ညှိနှိုင်းသူ မြန်မာ့ဘဏ်လုပ်ငန်းစနစ်ကို ကြီးကြပ်သည်။ အတိုးနှုန်းသတ်မှတ်၍ကျပ်ငွေကိုစီမံခန့်ခွဲပြီး | လတ် | လတ် | မြင့် | လတ် |
| MOC | နိုင်ငံခြားငွေလဲလှယ်ခြင်းကိုကြီးကြပ်သည်။ ဘဏ္ဍာရေးလုပ်ငန်းများ၊ အခွင့်အမိန့်ပေးရန် | နိမ့် | လတ် | နိမ့် | လတ် |
| AG | လိုအပ်သည့်စာရွက်စာတမ်းများပြုစုပေးခြင်း အဆိုပြုထားသည့်ဥပဒေများအပေါ်အကြံပေး၍ | နိမ့် | မြင့် | လတ် | နိမ့် |
| စာရင်းစစ် | ဝန်ကြီးဌာနများကို ပေါင်းစပ်ညှိနှိုင်းသည်။ ပြင်ပစာရင်းစစ်များကို စောင့်ကြည့်၍ | နိမ့် | နိမ့် | နိမ့် | နိမ့် |
| ချုပ်ရုံး လယ်/ဆည် | လမ်းညွှန်မှု ပေးသည်။ စိုက်ပျိုးရေးကဏ္ဍ၏ နည်းပညာဗဟုသုတ | လတ် | လတ် | လတ် | မြင့် |
| ဝန်ကြီးဌာန ဆယ်သွယ်ရေး သတင်း/နည်း ပညာဝန်ကြီး ဌာန | များကိုဘဏ်လုပ်ငန်းကဏ္ဍသို့ပံ့ပိုးပေးသည်။ ရန်ပုံငွေများ လွှဲပြောင်းခြင်း၊ ဒေတာများ လွှဲပြောင်းပေးခြင်း ATM များ မိုဘိုင်းဘဏ် လုပ်ငန်းနှင့် အထွေထွေစီးပွားရေးလုပ်ငန်း လုပ်ကိုင်မှုအတွက် အရေးပါသည့်အခြေခံ အဆောက်အအုံပိုင်း ပံ့ပိုးပေးသည်။ | လတ် | လတ် | လတ် | လတ် |

**ဇယား (၃)၊ ဘဏ္ဍာရေးဝန်ဆောင်မျှားရရှိနိုင်ရေးကဏ္ဍရှိ မြန်မာနိုင်ငံကုန်သွယ်ရေး ဝန်ဆောင်မှုကွန်ရက်**

| အမည် | လုပ်ငန်းဆောင်ရွက်ချက်/ အခန်းကဏ္ဍ | ပေါင်းစပ်ညှိနှိုင်းမှု* | လူသားအရင်းအနှီး** | ဘဏ္ဍာရေးကဏ္ဍရေရှည်တည်တံ့မှု*** | ထောက်ခံအားပေးမှု**** |
|---|---|---|---|---|---|
| မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် | ပို့ကုန်သမားများနှင့်သွင်းကုန်သမားများအတွက်နိုင်ငံခြားဘဏ်လုပ်ငန်းနှင့်ငွေလွှဲခြင်းကို ချောမွေ့စေရန် ဆောင်ရွက်ပေးသည်။ | လတ် | လတ် | မြင့် | လတ် |
| မြန်မာ့စီးပွားရေးဘဏ် | ဘဏ်ခွဲအများအပြားနှင့် ငွေအပ်နှံသူများ ရှိသည်။ | နိမ့် | နိမ့် | လတ် | လတ် |
| မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ကျေးလက်စုဆောင်းအပ်ငွေများကိုရယူ၍ ရာသီအလိုက်နှင့်ရေတိုချေးငွေများပံ့ပိုးပေးပြီးၿငင်းတို့ထဲမှအချို့မှာအလွတ်ချေးသည်။ | မြင့် | မြင့် | မြင့် | မြင့် |
| ပုဂ္ဂလိကကူးသန်းရောင်းဝယ်ရေးဘဏ်များ | ကဏ္ဍ၏ကောင်းမွန်စွာရင်းနှီးမြှုပ်နှံ၍ အလျင်အမြန်ကြီးထွားလာသည့်အပိုင်းဖြစ်သည်။ဝန်ထမ်းများသင်တန်းပေးခြင်းနှင့် ဖောက်သည်ဝန်ဆောင်မှုပိုင်းတွင် ကဏ္ဍကို ဦးဆောင်မှုပေးသည်။ | မြင့် | လတ် | မြင့် | လတ် |
| နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးများ | မြန်မာနှင့် နိုင်ငံခြားဘဏ်များအကြား ဆက်သွယ်ပေးပြီး ဈေးကွက်သတင်းအချက်အလက်ပေးသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဗီရိယစိုက်ထုတ် ကူညီပေးသည်။ | နိမ့် | လတ် | နိမ့် | နိမ့် |
| ပို့ကုန်သမားများသွင်းကုန်သမားများ | အဓိကငွေအပ်နှံသူများနှင့် ငွေချေးသူများ | လတ် | လတ် | လတ် | လတ် |

**ဇယား (၄)၊ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေးကဏ္ဍရှိမြန်မာနိုင်ငံစီးပွားရေးလုပ်ငန်း ဝန်ဆောင်မှုကွန်ရက်**

| အမည် | လုပ်ငန်းဆောင်ရွက်ချက်/ အခန်းကဏ္ဍ | ပေါင်းစပ် ညှိနိုင်းမှု* | လူသား အရင်း အနှီး** | ဘဏ္ဍာရေး ကဏ္ဍရေရှည် တည်တံ့မှု*** | ထောက်ခံ အားပေး မှု**** |
|---|---|---|---|---|---|
| မြန်မာနိုင်ငံ ဘဏ်များ အသင်း | ပြည်တွင်းနှင့်အာဆီယံဘဏ်များအကြားကွန်ရက် ထူထောင်ပေးခြင်း၊ မြန်မာနိုင်ငံဘဏ်လုပ်ငန်း အဖွဲ့အစည်းအတွက် အသင်းသားများ၏ အကြံဉာဏ်နှင့် သင်တန်းပေးခြင်း အသင်းသားများကိုယ်စားနှင့်ကဏ္ဍကို ခြုံငုံ ပြည်သူ့ရေးရာပေါ်လစီ၏အကြံဉာဏ်ပေးခြင်း။ | မြင့် | မြင့် | မြင့် | လတ် |
| ပုဂ္ဂလိကစာရင်း နှင့်စာရင်းစစ် လုပ်ငန်းများ | စာရင်းကိုင်နှင့် စာရင်းစစ် ဝန်ဆောင်မှု | နိမ့် | နိမ့် | လတ် | နိမ့် |
| ဥပဒေအဖွဲ့များ | ဥပဒေရေးရာ ဝန်ဆောင်မှုကဏ္ဍအတွက် | နိမ့် | နိမ့် | လတ် | နိမ့် |
| စီးပွားရေး တက္ကသိုလ် | လူ့စွမ်းအား အရင်းအမြစ်၏အခြေခံ ဖစ်မြစ်၊ မြန်မာနိုင်ငံဘဏ်လုပ်ငန်း တက္ကသိုလ်သို့ သင်ခန်းစာပို့ချပေးခြင်း။ | လတ် | မြင့် | လတ် | နိမ့် |
| မြန်မာ့အာမခံ ဖလှယ်ရေး ဌာန | အလုပ်မလုပ်သေးပါ။ အာမခံစာချုပ်ဖလှယ်ခြင်း နှင့်ပတ်သက်၍ မြန်မာ့အာမခံစာချုပ်များ ဖလှယ်ရေးဌာနကို လုပ်ငန်းများအတွက် အရေးပါပြီးအမှန်လိုအပ်သည့်အရင်းအနှီး ရရှိရေးဆောင်ရွက်ပေးရန်မျှော်မှန်းပါသည်။ | – | – | – | – |
| အသေးစား ငွေကြေးအဖွဲ့ အစည်းများ | အပ်ငွေများ လက်ခံ၍ အဆင်းရဲဆုံးအပါအဝင် ဆင်းရဲသားများကို အခမဲ့ချေးငွေပေးခြင်း | လတ် | နိမ့် | လတ် | နိမ့် |

**ဇယား(၅)၊ဘဏ္ဍာရေးဝန်ဆောင်များရနိုင်ရေးကဏ္ဍရှိမြန်မာနိုင်ငံအရပ်ဖက်လူ့အဖွဲ့အစည်းကွန်ရက်**

| အမည် | လုပ်ငန်းဆောင်ရွက်ချက်/ အခန်းကဏ္ဍ | ပေါင်းစပ် ညှိနှိုင်းမှု* | လူသား အရင်း အနှီး** | ဘဏ္ဍာရေး ကဏ္ဍရေရှည် တည်တံ့မှု*** | ထောက်ခံ အားပေး မှု**** |
|---|---|---|---|---|---|
| SME များ | ပုဂ္ဂလိကဘဏ်အများစုအတွက်အကြီးမားဆုံး ဈေးကွက်အစိတ်အပိုင်းဖြစ်ပြီး ဆောင်ရွက်မှု ကောင်းမွန်သည်။ | နိမ့် | နိမ့် | နိမ့် | နိမ့် |
| နိုင်ငံပိုင် လုပ်ငန်းများ | နိုင်ငံပိုင်ဘဏ်များ၏အခြေခံဖောက်သည်ဖြစ် ဆောင်ရွက်ချက် ညံ့ဖျင်းပြီး ပုဂ္ဂလိကပိုင် ပြုလုပ်ရန် ဆောင်ရွက်ဆဲဖြစ်သည်။ | နိမ့် | နိမ့် | နိမ့် | နိမ့် |
| ဒေသန္တရ အစိုးရများ | မြန်မာ့လယ်ယာဖွံ့ဖြိုးမှုဘဏ်နှင့် လယ်သမားများအကြား ချေးငွေပေါင်း စပ် ညှိနှိုင်းမှု ပေးသည်။ | မြင့် | လတ် | လတ် | နိမ့် |
| အသေးစား လယ်သမား များ | ဘဏ်လုပ်ငန်းအလေ့အကျင့်နှင့်ပုံမှန်ကဏ္ဍ အသုံးပြုမှုတိုးတက်လျက်ရှိ၊ကောင်းမွန် သည့် ငွေပေးသွင်းမှု မှတ်တမ်းရှိ။ | နိမ့် | နိမ့် | နိမ့် | နိမ့် |
| နိုင်ငံတကာ အဖွဲ့အစည်း များ | ချေးငွေများ၊ထောက်ပံ့ငွေ၊ TA နှင့်ဥပဒေသစ် များ အကြံဉာဏ်ပေးမှုအတွက် ကောင်းမွန် သည့် ရင်းမြစ်ဖြစ်သည်။ | လတ် | မြင့် | မြင့် | လတ် |
| အမျိုးသား ဖွံ့ဖြိုးရေး အေဂျင်စီ | ချေးငွေများ၊ ထောက်ပံ့ငွေများ TA နှင့် ကာလရှည်ချေးငွေများအတွက် ကောင်းမွန် သည့် ရင်းမြစ်ဖြစ်သည်။ | လတ် | မြင့် | မြင့် | လတ် |

***** အခြားTSIများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း– ဤအဖွဲ့အစည်း၏ အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်စွမ်းဆောင်နိုင်မှုနှင့် ၎င်းတို့၏ဝန်ဆောင်မှုများမှ အကျိုးခံစားရမှုများကို တိုင်းတာခြင်း (အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်ခြင်း နှင့် သတင်းအချက်အလက်ဖလှယ်ခြင်းများအရ)

** လူသားအရင်းအနှီးရရှိနိုင်မှု– ဤအဖွဲ့အစည်းရှိ ဝန်ထမ်းများ၏ သင်တန်းများနှင့်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သူများသို့ တာဝန်ယူဆောင်ရွက်ပေးမှုအရ ယေဘူယျစွမ်းဆောင်နိုင်မှုအဆင့်ကိုသိရှိနိုင်ခြင်း

*** ဘဏ္ဍာငွေကြေးအရင်းအမြစ်များရရှိနိုင်မှု– ငွေကြေးအရင်းအမြစ်များရရှိနိုင်မှု/အဖွဲ့အစည်းများသို့ ဝန်ဆောင်မှုများ ထိရောက်စွာ ပံ့ပိုးစွမ်းဆောင်နိုင်မှု

**** ထောက်ခံအားပေးမှု– ဤအဖွဲ့အစည်း၏ ထောက်ခံအားပေးဆောင်ရွက်မှုနည်းလမ်းများ၏ အကျိုးဖြစ်ထွန်းမှုကို ရယူခြင်းနှင့် ကဏ္ဍသို့ အရေးကြီးသောသတင်းအချက်အလက်များ မည်သို့ကောင်းစွာ/ အကြိမ်မည်မျှ ဖြန့်ဝေပေးနိုင်မည်ကိုသိရှိနိုင်ခြင်း

**ပုံစံ(၃)။ မြန်မာနိုင်ငံဘဏ္ဍာရေးကဏ္ဍတွင် ဥပဒေရေးရာနှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာမူဘောင်ကို ထိခိုက်စေသည့် ထိပ်တန်းပြဿနာများကို ခြုံငုံရှုမြင်ခြင်း**

- မြန်မာနိုင်ငံသည် ခေတ်မီဘဏ္ဍာရေးစနစ်နှင့် ဆက်စပ်နေသည့် ငွေကြေးဥပဒေများ တွင် အကန့်အသတ်ရှိပါသည်။
- လက်ရှိ ဘဏ္ဍာရေး စည်းမျဉ်းများသည် ချေးငွေရရှိမှု ခက်ခဲစေပြီး ကြွေးမြီဈေးကွက်တွင် ပါဝင်မှုကို လျော့ကျစေကာ ဦးတည်ဈေးကွက်များတွင် မြန်မာနိုင်ငံ၏ စုပေါင်း ပို့ကုန်များကို ပြိုင်ဆိုင်မှု အားနည်းစေသည်။
- မြန်မာ့နိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍကို ထိရောက်စွာ ဦးဆောင်ရန် ခေတ်မီသတင်းအချက် အလက်ဆက်သွယ်ရေးနည်းပညာ (ICT) နှင့် အဆင့်မြင့် လူ့စွမ်းအားများ CBM တွင် လိုအပ်ပါသည်။
- ချေးငွေလျှောက်ထားသူများ အပေါ် စိတ်ချရသည့် ကြွေးမြီ သတင်းအချက်အလက်နှင့် အဆင့်သတ်မှတ်နှုန်းထားများမှာ အဆင်သင့်မရရှိနိုင်ဘဲ ထိရောက်သည့် ဝီရိယ စိုက်ထုတ်မှု၊ ဆုံးရှုံးမှု စီမံခန့်ခွဲခြင်းနှင့် စုစုပေါင်း ကြွေးမြီ ပမာဏတို့ကို အဟန့်အတား ဖြစ်စေပါသည်။
- အခြေခံ ကုန်သွယ်မှု ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ပေးမှုလုပ်ငန်းများသည် မြန်မာနိုင်ငံတွင် များစွာ မရရှိနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ကို တားမြစ်ထားမှုရှိခြင်း (သို့) CBM က ရှင်းလင်းတိကျသောစည်းမျဉ်းများ ထုတ်ပြန်ရန်လိုအပ်နေခြင်းတို့ကြောင့်ဖြစ်ပြီး ဘဏ်များအတွက် အဆိုပါအထူးပြုဈေးကွက်များသို့ ယုံကြည်ချက်ရှိစွာဖြင့် ဝင်ရောက်ရန် မရေမရာ ဖြစ်စေပါသည်။
- ပုဂ္ဂလိကဘဏ်များသည် ကုန်သွယ်မှု ဘဏ္ဍာရေးတွင် ပါဝင်ရန် လိုအပ်သည့် နိုင်ငံခြား ငွေကြေးပိုင်း အားနည်းမှုရှိပြီး ပို့ကုန်သမားများ လိုအပ်သည့် နိုင်ငံခြားငွေ လဲလှယ်မှုပိုင်းရှိ ဆုံးရှုံးမှုစီမံခန့်ခွဲခြင်းလုပ်ငန်းများကို ပံ့ပိုးပေးနိုင်ခြင်းမရှိပါ။
- ဗဟိုဘဏ်၊ အကောက်ခွန်ဌာနနှင့် ကဏ္ဍ၏ အခြားအရေးပါသည့် အဖွဲ့အစည်းများသည် နိုင်ငံ၏ ဘဏ္ဍာရေး လုပ်ငန်းအဖွဲ့များနှင့် ပညာပေးခြင်း update လုပ်ခြင်းနှင့် ဆွေးနွေးခြင်း တို့အတွက် လိုအပ်သည့် အလေ့အကျင့်နှင့် သတင်းအချက်အလက် ဖြန့်ဖြူးသည့် စနစ်များ မရှိကြပါ။
- အစိုးရနောက်ခံပြုသည့် အပ်ငွေ အာမခံကင်းမဲ့ခြင်းသည် ဘဏ်များအပေါ် ပြည်သူလူထု ၏ ယုံကြည်မှု ကျဆင်း၍ ဘဏ်အပ်ငွေများ ကျဆင်းစေပါသည်။
- လူဝင်မှုကြီးကြပ်ရေးမူဝါဒက ကျွမ်းကျင်၍ အတွေ့အကြုံရှိသော ဘဏ်ဝန်ထမ်းနည်းပါးမှု ကို ခေတ်မီ ဘဏ်လုပ်ငန်းစနစ်အသိပညာနှင့် နိုင်ငံတကာ ဘဏ်လုပ်ငန်း အလေ့အကျင့် များဖြင့် လျော့ပါးစေရေးဆောင်ရွက်ရန် အခွင့်အလမ်းကို ဆုံးရှုံးစေပါသည်။

**ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိရေးလုပ်ငန်းတွင် မြန်မာ့*TSI*များ၏ခံယူချက်အမြင် – လွှမ်းမိုးနိုင်မှုနှင့် စွမ်းဆောင်နိုင်မှု**

ဇယား(၆) ပါ အဆင့်သတ်မှတ်ချက်များသည် မြန်မာနိုင်ငံအတွင်း ဘဏ္ဍာရေးဝန်ဆောင်မှုရရှိရေး မြှင့်တင်ရန် အဖွဲ့အစည်း တစ်ခုချင်း၏ လွှမ်းမိုးနိုင်မှုနှင့် စွမ်းဆောင်နိုင်မှုကို ပါဝင်ဆောင်ရွက်နေသူများ၏ သဘောထား ခံယူချက် ဖြင့် ထင်ဟပ်ဖော်ပြပါသည်။

ဇယား (၆) – မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်မှုတိုးမြင့်ရန် TSI များ၏ လွှမ်းမိုးနိုင်မှုနှင့် စွမ်းဆောင်နိုင်မှု

| | | ကဏ္ဍ၏ လိုအပ်ချက်ကို တုံ့ပြန်ရန် အဖွဲ့အစည်း၏ စွမ်းဆောင်ရည် | |
|---|---|---|---|
| | | နိမ့် | လတ် |
| ကဏ္ဍအပေါ်သြဇာလွှမ်းမိုးနိုင်မှုအဆင့် | မြင့် | စာရင်းစစ်ချုပ်<br>ဒေသန္တရ အစိုးရများ<br>ဆက်သွယ်ရေး၊သတင်းအချက်အလက်နှင့်<br>နည်းပညာ ဝန်ကြီးဌာန | CBM<br>နိုင်ငံတကာ အဖွဲ့အစည်းများ<br>MOC<br>MOFR<br>အမျိုးသားဖွံ့ဖြိုးရေးအေဂျင်စီများ |
| | နိမ့် | စာရင်းကိုင်နှင့် စာရင်းစစ်လုပ်ငန်းများ<br>ရှေ့နေချုပ်ရုံး ( AG)<br>အသေးစား ငွေကြေးအဖွဲ့အစည်းများ<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊<br>မြန်မာနိုင်ငံ အာမခံ ဖလှယ်ရေးဌာန၊<br>အသေးစား လယ်သမားများ<br>SME များ<br>SOE များ | စီးပွားရေး တက္ကသိုလ်<br>ဥပဒေအဖွဲ့များ<br>မြန်မာနိုင်ငံဘဏ်များအသင်း (MBA) |

မြန်မာနိုင်ငံ၏ဘဏ္ဍာရေးကဏ္ဍအပေါ် အများဆုံး လွှမ်းမိုးမှုရှိသည့် အဖွဲ့အစည်းများမှာ အောက်ပါအချက်များကို ပံ့ပိုးပေးသူများဖြစ်သည်–

၁။ ကဏ္ဍ၏ ပေါ်ပေါက်လာမည့် ဥပဒေများနှင့် စည်းမျဉ်းများ ချမှတ်အကောင်အထည် ဖော်ရာတွင် ပါဝင်မှုရှိခြင်း။

၂။ ကဏ္ဍဖွံ့ဖြိုးရေးအတွက် TA ပေးသူဖြစ်ခြင်း

၃။ အရေးပါသည့် အခြေခံ အဆောက်အအုံ ဆောက်လုပ်သူဖြစ်ခြင်း

၄။ ကဏ္ဍ၏ အကြီးမားဆုံး ဈေးကွက် အစိတ်အပိုင်းဖြစ်နိုင်သည့် လယ်သမားများ ချေးငွေရရှိရေး ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

၎င်းတို့ထဲမှ အဖွဲ့အစည်း (၃)ခုကို ကဏ္ဍ၏ လိုအပ်ချက်များ တုံ့ပြန်ရန် စွမ်းဆောင်ရည်နိမ့်ကျသူအဖြစ်ရှုမြင်ပါသည်။ ၎င်းတို့တွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာနသည် နိုင်ငံတစ်လွှားဘဏ်ခွဲများအတွက် စိတ်ချယုံကြည်ရသည့် ရန်ပုံငွေများနှင့်အချက်အလက်များ လွှဲပြောင်းဆောင်ရွက်ရန်လိုအပ်သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အခြေခံအဆောက်အအုံပိုင်းဖြန့်ဝေခြင်းတွင် အားနည်းမှုရှိပါသည်။ ဒေသန္တရ အစိုးရများသည် မိမိတို့ နယ်ပယ်အတွင်းရှိ လယ်သမားအားလုံးနှင့်မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ် ချေးငွေများပေါင်းစပ်ညှိနှိုင်းရန် နည်းပညာပိုင်းစွမ်းဆောင်ရည်ကင်းမဲ့ပါသည်။ ရှေ့နေချုပ်ရုံး (AG) သည် လိုအပ်သော ဥပဒေပြဋ္ဌာန်းချက် လုပ်ငန်းစဉ်များ အပိုင်းတွင် နှောင့်နှေးကြန့်ကြာမှု ရှိနေပါသည်။

အခြားတစ်ဖက်တွင် MoF, CBM, MOC နှင့် နိုင်ငံတကာ အဖွဲ့အစည်းများရှိ အဓိကဆောင်ရွက်နေသူများကို ကောင်းမွန်သောမူဝါဒများ၊ လုပ်ငန်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ အထောက်အကူများ ပံ့ပိုးပေးခြင်းဖြင့် ကဏ္ဍ၏ လိုအပ်ချက်များကို ညီမျှစွာတုံ့ပြန့်ဆောင်ရွက်နိုင်မည်ဟု ထင်မြင်ယူဆပါသည်။

## ပြိုင်ဆိုင်မှု အဟန့်အတားများ

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍကိုပြောင်းလဲရန်နှင့် အခြားစီးပွားရေးကဏ္ဍများတွင် ပို့ကုန်သမားများအားအထောက်အကူပြုသည့်ဘဏ္ဍာရေးစနစ်နှင့် အပြိုင်ဖြစ်စေရန် ကဏ္ဍတွင် ပါဝင်လုပ်ဆောင်

နေသူများသည် အကြပ်အတည်းများစွာဖြင့် ရင်ဆိုင်ရပါသည်။ ၎င်းတို့သည် ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ ဥပဒေရေးရာနှင့်အဖွဲ့အစည်းပိုင်းမူဘောင်၊ကုန်သွယ်မှုဘဏ္ဍာရေးစည်းမျဉ်းများ၊ ဘဏ်လုပ်ငန်း ကဏ္ဍ စွမ်းဆောင်ရည်နှင့်မြန်မာစီးပွားရေးလုပ်ငန်းများ၏ ကြွေးမြီရရှိနိုင်မှုစွမ်းရည်တို့ကို ဆောင်ရွက်ရန် ဖြစ်ပါသည်။ ဤအခန်းတွင် အရေးပါဆုံးအဟန့်အတားများကို ဖြေလျှော့ရန် အချက်(၂၁)ခုကို မီးမောင်းထိုး ပြထားပြီး ၎င်းတို့သည် ဤမဟာဗျူဟာ၏ဗဟိုချက်မရှိ မဟာဗျူဟာကျသောလုပ်ငန်းစီမံချက်များ (POA) အတွက် တစ်နည်းတစ်လမ်းအားဖြင့် အာရုံစိုက်စေရန် ကူညီညွှန်ပြပေးပါသည်။

## မြန်မာနိုင်ငံသည် ခေတ်မီဘဏ္ဍာရေးစနစ်နှင့် ဆက်စပ်နေသည့်ငွေကြေးဥပဒေများတွင် အကန့်အသတ် ရှိပါသည်။

၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် အသက်ဝင်လာသည့် မြန်မာနိုင်ငံဗဟိုဘဏ် ဥပဒေသည် နိုင်ငံ၏ ဘဏ္ဍာရေး ကဏ္ဍ ပြုပြင်ပြောင်းလဲရန်လိုအပ်သည့်အရေးပါသော ပထမဦးဆုံး ခြေလှမ်းတစ်ခုဖြစ်ပါသည်။ သို့ရာတွင် ဘဏ္ဍာရေး ကဏ္ဍဆိုင်ရာ လုပ်ငန်းပိုင်းကိရိယာများ၊ သုံးစွဲသူများ၊ စည်းမျဉ်းများနှင့် အထောက်အကူပြုဝန်ဆောင်မှုများကို ဝန်းရံနေသည့် ဥပဒေရေးရာလက္ခဏာများမှာ မရေမရေမရာဖြစ်ပြီး၊ ကဏ္ဍ၏ ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေပါသည်။

မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် အသေးစားအလတ်စားလုပ်ငန်းများ ဥပဒေများကို ပြန်လည်သုံးသပ်ခြင်းအတွက် စဉ်းစားဆောင်ရွက်နေဆဲဖြစ်သော်လည်း နှစ်များစွာ အချိန်ယူ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ မြန်မာ့အာမခံလုပ်ငန်း ဥပဒေနှင့် ၂၀၁၄ ခုနှစ် မြန်မာကုမ္ပဏီများ အက်ဥပဒေနှင့် တို့သည် ခေတ်နောက်ကျနေကြောင်း ကဏ္ဍတွင်ပါဝင်လုပ်ဆောင်နေသူများကြားတွင် အမြင်ရှိနေကြပါသည်။

ကုမ္ပဏီများအက်ဥပဒေ၏ အားနည်းချက်ကို စာရင်းစစ်လုပ်ငန်း ကိုင်တွယ်ဆောင်ရွက်မှုများ တွင် တွေ့နိုင်ပါသည်။ CBM ၏ ကြီးကြပ်ရေးဌာန၊ ဘဏ်တွင် စာရင်းစစ်များ၊ ပြင်ပစာရင်းစစ်များနှင့် ဘဏ်စာရင်းစစ်ကော်မတီများအကြား တာဝန်ခွဲဝေမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှု အားနည်းပါသည်။

**လက်ရှိဘဏ္ဍာရေးစည်းမျဉ်းများသည် ချေးငွေရရှိမှုခက်ခဲစေပြီး ကြွေးမြီဈေးကွက်တွင်ပါဝင်မှုကို လျော့ကျစေကာဦးတည်ဈေးကွက်များတွင် မြန်မာနိုင်ငံ၏စုပေါင်းပို့ကုန်များကို ပြိုင်ဆိုင်မှုအားနည်းစေသည်။**

အစိုးရပြဋ္ဌာန်းချက်အရ စိုက်ပျိုးရေးချေးငွေကို (၈)လအတွင်း ပေးချေရန်နှင့် စက်မှုလုပ်ငန်း ချေးငွေကို (၁)နှစ်အတွင်းပြန်လည်ပေးသွင်းရန် မြန်မာနိုင်ငံဘဏ်များက သတ်မှတ်ထားပြီး၊ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကိုအပေါင်အာမခံအဖြစ် လက်မခံပါ။ အပေါင်ပစ္စည်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းအထိသာ ငွေချေး၍ နှစ်စဉ်အတိုး ၁၃ ရာခိုင်နှုန်း သတ်မှတ်ပါသည်။၎င်းသတ်မှတ်ချက်များသည် SME အများအပြားက လိုက်နာရန် ခက်ခဲပါသည်။အထူးသဖြင့် သီးနှံပျက်စီးခြင်းသည် အမြဲတမ်းစိုးရိမ်ရသည့် ကိစ္စဖြစ်ပါသည်။ ထိုကဲ့သို့သော ချေးငွေထုတ်ယူသည့် လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးအမြတ် ရရှိရန် ချေးငွေကာလ တိုတောင်းလွန်းပါသည်။၎င်းသို့ဖြင့် မူလအကြွေးကိုပြန်ပေးရန်နောက်ထပ်ကာလတို ချေးငွေများရယူရပြီး အကြွေးသံသရာလည်စေကာ လုပ်ငန်းအဆင်ပြေခြင်းထက် ခက်ခဲမှုကိုပို၍ ဖြစ်စေပါသည်။ အကျိုးဆက်အားဖြင့် မြန်မာ့ပို့ကုန်သမားများအနေနှင့်မြန်မာနိုင်ငံ၏ ဦးတည်ဈေးကွက်များတွင်ရောင်းချရန် ကြိုးပမ်းရာတွင် အခြားနိုင်ငံများထက်ပြိုင်ဆိုင်မှုပိုင်းတွင် အားနည်းပါသည်။

**မြန်မာနိုင်ငံ၏ဘဏ္ဍာရေးကဏ္ဍကို ထိရောက်စွာဦးဆောင်ရန် ခေတ်မီ သတင်း အချက်အလက်ဆက်သွယ်ရေးနည်းပညာ(*ICT*) နှင့်အဆင့်မြင့်လူ့စွမ်းအားများ *CBM* တွင်လိုအပ်ပါသည်။**

CBM က ဆောင်ရွက်သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ အခြေခံအဆောက်အအုံသည် ခေတ်နောက်ကျလျက်ရှိပြီး၊CBM ၏ စွမ်းဆောင်နိုင်မှုကို အဟန့်အတားဖြစ်စေသည့်သာမက ကဏ္ဍ၏ခေတ်မှီတိုးတက်ရေးကို အတားအဆီး ဖြစ်စေပါသည်။ ဥပမာ CBM အီလက် ထရောနစ် ရန်ပုံငွေလွှဲစနစ်နှင့် ဆက်သွယ်ရေးလိုင်းများသည် စိတ်ချရမှုမရှိဘဲ CBM ၏ ရုံးတွင်းလုပ်ငန်းစဉ်များကို လက်အားနှင့်သာ လုပ်နေကြဆဲဖြစ်ပါသည်။ကွန်ပျူတာစနစ်လုပ်ငန်းစဉ်နှင့် ဖိုင်များဆောင်ရွက်ရန် မပြည့်စုံပါ။ အပြည့်အဝ ကွန်ပျူတာစနစ်ဖြင့်ဆောင်ရွက်ခြင်းမှာ ရန်ပုံငွေပိုင်းတွင် အခက်အခဲရှိပြီး စနစ်ပိုင်းဆိုင်ရာ တပ်ဆင် အကောင်အထည်ဖော်ရန် လိုအပ်သည့် နည်းပညာပိုင်း နှင့် အော်ပရေတာပိုင်းမှာလည်း များစွာအားနည်းလျက်ရှိပါသည်။ CBM အနေနှင့် အီလက်ထရောနစ်စနစ်သတင်းပို့ခြင်းထက် ရိုးရိုးနည်းလမ်းများဖြင့် သတင်းပေးပို့ခြင်းကို ပိုမိုနှစ်သက်ခြင်းနှင့် အီးမေးလ်ထက် ဖက်စ်ကို ပိုမိုနှစ်သက်ခြင်းသည် ဘဏ်များနှင့် စာရင်းစစ်များအား ၎င်းတို့၏ကိုယ်ပိုင်စနစ်များကို ခေတ်မီအဆင့်မြင့်စေခြင်းမှ လျော့ပါးစေပါသည်။

**ချေးငွေလျှောက်ထားသူများအပေါ် စိတ်ချရသည့် ကြွေးမြီသတင်းအချက်အလက်နှင့် အဆင့်သတ်မှတ်နှုန်းထားများမှာ အဆင်သင့်မရရှိနိုင်ဘဲ ထိရောက်သည့် ဝီရိယစိုက်ထုတ်မှု၊ ဆုံးရှုံးမှုစီမံခန့်ခွဲခြင်းနှင့် စုစုပေါင်းကြွေးမြီပမာဏတို့ကို အဟန့်အတားဖြစ်စေပါသည်။**

ချေးငွေရရှိနိုင်မှုနှုန်းသတ်မှတ်သည့် ဗျူရိုကိုစီမံဆောင်ရွက်နေသော်လည်း လက်တွေ့လုပ်ကိုင်နိုင်ခြင်းမရှိသေးပါ။ ဗျူရို၏ ချေးငွေရယူမှုမှတ်တမ်း၊ ပျက်ကွက်မှုနှင့် ရှောင်တိမ်းမှုမှတ်တမ်းများ စုစည်းပြီး အဆင့်သတ်မှတ်၍ ငွေချေးသူများအား ရရှိစေနိုင်သော်လည်း ချေးငွေလျှောက်ထားသူများ ချေးငွေရရှိရန် ထိုက်တန်မှုအပေါ် သိရှိဆုံးဖြတ်ရန်လိုအပ်သည့် သတင်းအချက်အလက်ဆိုင်ရာကိစ္စရပ်များ မြန်မာ့ ဘဏ္ဍာရေးကဏ္ဍတွင်မရှိသေးပါ။ဤအချိုးအစားမကျမှုသည် မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီများ၏ ၉၉% ကျော်ရှိသည့် SME များသို့ဘဏ္ဍာငွေစီးဆင်းမှုအဟန့်အတားဖြစ်စေပါသည်။ ကုမ္ပဏီများ၏ ကြွေးမြီသတင်းအချက်အလက်ကို ရရှိရန်ခက်ခဲသည့် အခြေအနေတွင် ကုမ္ပဏီအချက်အလက်များ အမြင့်ဆုံးနှင့်အကောင်းဆုံးလုပ်ငန်းကွန်ရက်ရှိသည့် အကြီးဆုံးကုမ္ပဏီများသည် ချေးငွေရရှိရန် ခက်ခဲလာစေနိုင်ပါသည်။

**အခြေခံ ကုန်သွယ်မှု ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ပေးမှုလုပ်ငန်းများသည် မြန်မာနိုင်ငံတွင် များစွာ မရရှိနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ကို တားမြစ်ထားမှုရှိခြင်း (သို့) *CBM* က ရှင်းလင်းတိကျသောစည်းမျဉ်းများ ထုတ်ပြန်ရန်လိုအပ်နေခြင်းတို့ကြောင့်ဖြစ်ပြီး ဘဏ်များအတွက် အဆိုပါအထူးပြုဈေးကွက်များသို့ ယုံကြည်ချက်ရှိစွာဖြင့် ဝင်ရောက်ရန် မရေမရာ ဖြစ်စေပါသည်။**

မြန်မာနိုင်ငံတွင်ကုန်သွယ်မှုကို အဆင်ပြေချောမွေ့စေရန်အတွက် အခြေခံအကျဆုံး ဘဏ္ဍာရေးကိရိယာတစ်ခုဖြစ်သည့်အပြန်အလှန် LC စနစ်(Back-to-back’ L/Cs)များကိုပံ့ပိုးပေးနိုင်ခြင်း မရှိသေးပါ။ ၎င်းတို့ကို CBM က ခွင့်ပြုထားသော်လည်း ယင်းလုပ်ငန်းများနှင့်ဆက်စပ်သည့် စည်းမျဉ်းများကို ပြဋ္ဌာန်းရန်ရှိပါသည်။ဘဏ်အများအပြားက ဤဈေးကွက်သို့ဝင်ရန်စိတ်အားထက်သန်သော်လည်း စည်းမျဉ်းများ မရှိ၍ မဆောင်ရွက်နိုင်ဘဲ စည်းမျဉ်းများရေးဆွဲပြဋ္ဌာန်းမည့် အချိန်မှာလည်းမသေချာပါ။ ဝယ်သူ၏ အကြွေးရရှိမှုကဲ့သို့ အခြားကုန်သွယ်မှု ဘဏ္ဍာရေးထောက်ပံ့မှုများသည်လည်း မရရှိနိုင်ပါ။ လုပ်ငန်းများတွင် ဤကဲ့သို့အခြေအနေများကြောင့် ရင်ဆိုင်ရသည့် ဆုံးရှုံးနစ်နာမှုများကို အထည်ချုပ်လုပ်ငန်းက ရှင်းလင်းစွာပြဆိုပါသည်။ အထည်ချုပ်လုပ်ငန်းသည် မြန်မာနိုင်ငံတွင် ချုပ်လုပ်ရန် အထည်အလိပ်သွင်းအားစုများဝယ်ယူ၍ နိုင်ငံခြားတွင် ရောင်းချနိုင်လျှင် မြန်မာ့ အထည်ချုပ်လုပ်ငန်းသည် ပြိုင်ဆိုင်အားပိုမိုကောင်းစေပြီး အမြတ်များစွာရရှိနိုင်ရန် သေချာပါသည်။ သို့ရာတွင် ဝယ်သူအကြွေးရနိုင်မှု မရှိခြင်းသည် ဤသို့ ပိုမိုအမြတ်ရရှိစေသည့် လုပ်ငန်းသို့ဝင်ရောက်ရန် စက်ရုံအများအပြားက ငွေကြေးမထုတ်နိုင်ကြပါ။

နိုင်ငံအများအပြားတွင်အထည်ချုပ်လုပ်ငန်းအနေနှင့် Back-to-back LC ရရှိရန်ဝယ်သူ၏LC ကို အသုံးပြုနေကြပြီး ၎င်းကို သွင်းအားစုများ ဝယ်ယူရန်အသုံးပြုနိုင်ပါသည်။ ဤသည်မှာ လက်ရှိ မြန်မာနိုင်ငံတွင် မရနိုင်သေးပါ။ အကျိုးဆက်အားဖြင့် ကဏ္ဍ၏လုပ်ငန်းများကို တန်ဖိုးကွင်းဆက်တွင် ချိတ်ဆက်မှုနိမ့်ကျစေပြီး တစ်ဖက်ဝယ်သူကိုယ်တိုင်က ဝယ်ယူပေးသွင်းလာသည့် အထည်ချုပ် အစိတ်အပိုင်းများကို စုစည်းချုပ်လုပ်ခြင်း လုပ်ငန်းကိုသာ ဆောင်ရွက်ရသည့်အခြေအနေကိုဖြစ်စေပါသည်။

**ပုဂ္ဂလိကဘဏ်များသည် ကုန်သွယ်မှု ဘဏ္ဍာရေးတွင် ပါဝင်ရန် လိုအပ်သည့် နိုင်ငံခြားငွေကြေးပိုင်းအားနည်းမှုရှိပြီး ပို့ကုန်သမားများ လိုအပ်သည့် နိုင်ငံခြားငွေလဲလှယ်မှုပိုင်းရှိ ဆုံးရှုံးမှု စီမံခန့်ခွဲခြင်းလုပ်ငန်းများကို ပံ့ပိုးပေးနိုင်ခြင်းမရှိပါ။**

နိုင်ငံခြားငွေကြေးပြဋ္ဌာန်းချက်နှင့်အညီနိုင်ငံ၏ ဦးဆောင်ပို့ကုန်ကဏ္ဍဖြစ်သည့်သစ်နှင့် အဖိုးတန်ကျောက်မျက်ရတနာများမှ ပို့ကုန်ရငွေများကိုအစိုးရဘဏ်တွင် အပ်နှံရပါသည်။ တစ်ချိန်တည်းမှာပင် သွင်းကုန်အများစုကို ပုဂ္ဂလိကဘဏ်များက ကိုင်တွယ်ရပါမည်။ ဤသို့ဖြင့် ပုဂ္ဂလိကဘဏ်များက နိုင်ငံခြား ငွေကြေးရန်ပုံငွေများ ဝယ်ယူရရှိနိုင်သည့် အခြေအနေကိုရောက်ရှိစေမည်ဖြစ်ပါသည်။

ပုဂ္ဂလိကဘဏ်များတွင် နိုင်ငံခြားငွေလျော့နည်းမှုနှင့် နိုင်ငံခြားဘဏ်များမြန်မာနိုင်ငံတွင် လုပ်ငန်း မဆောင်ရွက်နိုင်သည့်အကြောင်းကြောင့် အစိုးရဘဏ်များကသာလျှင် နိုင်ငံခြားငွေကြေးဆုံးရှုံးမှု စီမံခန့်ခွဲရေး လုပ်ငန်းများဆောင်ရွက်ပေးရသည့်အနေအထားကိုရောက်စေပါသည်။ သို့ရာတွင် ယေဘူယျအားဖြင့် ပုဂ္ဂလိက ဘဏ်များထက် ဖောက်သည်၏လိုအပ်ချက်ကို တုံ့ပြန်မှုနှေးကွေးသည့် အစိုးရဘဏ်များအနေနှင့် ဤလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ပါ။

**ဗဟိုဘဏ်၊ အကောက်ခွန်ဌာနနှင့် ကဏ္ဍ၏ အခြားအရေးပါသည့် အဖွဲ့အစည်းများသည် နိုင်ငံ၏ ဘဏ္ဍာရေး လုပ်ငန်းအဖွဲ့များနှင့် ပညာပေးခြင်း update လုပ်ခြင်းနှင့် ဆွေးနွေးခြင်း တို့အတွက် လိုအပ်သည့် အလေ့အကျင့်နှင့် သတင်းအချက်အလက် ဖြန့်ဖြူးသည့် စနစ်များ မရှိကြပါ။**

ဘဏ္ဍာရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံ၏ တရွေ့ရွေ့ပြောင်းလဲလာသည့် ဥပဒေနှင့် စည်းမျဉ်းပိုင်း ဆိုင်ရာမြင်ကွင်းတွင် ဘဏ်များအနေနှင့် ဗဟိုဘဏ်၊ အကောက်ခွန်ဌာန၊ အခြားကြီးကြပ်ထိန်းကွပ်သည့် အဖွဲ့အစည်းများနှင့် TSI များမှ ထွက်ပေါ်လာသည့် နည်းဥပဒေနှင့် ဝန်ဆောင်မှုများကို အမှီလိုက်ရန် ကြိုးပမ်းနိုင်ကြပါသည်။ ကုန်သွယ်မှုဘဏ္ဍာရေးကဲ့သို့ ရေိယာနယ်ပယ်များစွာရှိရာ ၎င်းတွင် ရှင်းလင်းသည့်

နည်းဥပဒေများကို စောင့်ဆိုင်းရဆဲဖြစ်ပါသည်။ နည်းဥပဒေများသည် လများစွာ၊ နှစ်များစွာကြာမှ အစိတ်အပိုင်းများအလိုက် ထွက်ပေါ်လာပါသည်။ ဘဏ်များအနေနှင့် ဥပဒေသစ်များကို သိရှိလာရန်၊ ၎င်း၏ယူဆချက်များကို နားလည်ရန်နှင့် ဝန်ဆောင်မှုများကို ချမှတ်ကျင့်သုံးရန် အချိန်များစွာယူနိုင်ပါသည်။ ပို၍ မှန်ကန်သည်မှာ အနာဂတ်နည်းဥပဒေများ ပြဋ္ဌာန်းခြင်းသည် မရေရာသကဲ့သို့ ကဏ္ဍ၏ ဖွံ့ဖြိုးမှုနှုန်းကို များစွာနှေးကွေးစေပါသည်။

သို့ရာတွင် CBM နှင့် အခြားအဖွဲ့အစည်းများသည် အကန့်အသတ်ဖြင့် သတင်းအချက်အလက်စနစ်များရှိပြီး ၎င်းစနစ်သည် ဥပဒေသစ်များကို ဘဏ်များသို့ချက်ခြင်းအကြောင်းကြားခြင်း၊ နောက်ထပ်စည်းမျဉ်းများလာနိုင်သည်ကို သိရှိခြင်း၊ အကောင်အထည်ဖော်ရန် မေးခွန်းများ မေးခွင့်ရှိပြီး ပြဿနာများနှင့် အဖြေများကို အဓိပ္ပာယ်ရှိစွာ တိုင်ပင်ဆွေးနွေးနိုင်ခြင်း တို့အတွက် သေချာရန် လိုအပ်ပါသည်။

**အစိုးရနောက်ခံပြုသည့် အပ်ငွေအာမခံကင်းမဲ့ခြင်းသည် ဘဏ်များအပေါ် ပြည်သူလူထု၏ယုံကြည်မှု လျော့နည်း၍ ဘဏ်အပ်ငွေများ ကျဆင်းစေပါသည်။**

၂၀၀၃ ခုနှစ်က ငွေရေးကြေးရေးကုမ္ပဏီ အများအပြားပြိုကွဲခြင်းသည် နိုင်ငံတစ်ဝှမ်း ဘဏ္ဍာရေးပြဿနာများကိုစတင်ဖြစ်ပွားစေပြီး ၎င်းအပေါ် အစိုးရကငွေထုတ်ခြင်းကို ကန့်သတ်မှုပါဝင်သည့် တုံ့ပြန်မှုဖြစ်လာပါသည်။မြန်မာနိုင်ငံဘဏ္ဍာရေးကဏ္ဍအပေါ် အများပြည်သူယုံကြည်မှု ဆုံးရှုံးသည့်အကျိုးဆက်များရှိလာပါသည်။နိုင်ငံများရှိအစိုးရများသည် ငွေအပ်နှံသူများအား အပ်ငွေအာမခံပေးခြင်းဖြင့် နိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍအပေါ် ယုံကြည်မှုကို ဖြစ်စေသော်လည်း မြန်မာနိုင်ငံတွင် ဤသို့မရှိပါ။ ဤအခြေအနေက မြန်မာနိုင်ငံ၏ ပုံမှန်ဘဏ်လုပ်ငန်းကဏ္ဍတွင် ပြည်သူလူထုပါဝင်လာမှုကို အဟန့်အတားဖြစ်စေ၍ အချက်အလက်များအရ **နိုင်ငံလူဦးရေ၏ ၁၀ %** ထက်နည်းသူများက ဘဏ်လုပ်ငန်းဖွင့်လှစ်ထားပြီး ၀.၀၁%ထက်နည်းသူများကသာ ကြွေးမြီဈေးကွက်တွင် ပါဝင်ကြောင်းတွေ့ရှိရပါသည်။ ဤအပ်ငွေနည်းပါးမှုသည် မြန်မာ့ဘဏ်များ၏ အရင်းအနှီးလည်ပတ်မှုကိုအဟန့်အတားဖြစ်စေပြီး (၂၀၁၃ခုနှစ် အကုန်ပိုင်းတွင် USD ၂၃ ဘီလီယမ်မျှသာရှိ) မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းကိုအထောက်အကူပြုနိုင်မှုစွမ်းရည်ကိုလည်း ထိခိုက်စေပါသည်။

**လူဝင်မှုကြီးကြပ်ရေးမူဝါဒက ကျွမ်းကျင်၍ အတွေ့အကြုံရှိသော ဘဏ်ဝန်ထမ်းနည်းပါးမှုကို ခေတ်မီဘဏ်လုပ်ငန်းစနစ်အသိပညာနှင့် နိုင်ငံတကာဘဏ်လုပ်ငန်း အလေ့အကျင့်များဖြင့် လျော့ပါးစေရေးဆောင်ရွက်ရန်အခွင့်အလမ်းကိုဆုံးရှုံးစေပါသည်။**

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍ ရင်ဆိုင်နေသည့် အပြင်းထန်ဆုံးစိန်ခေါ်မှုတစ်ခုမှာ ခေတ်မီဘဏ်လုပ်ငန်းစနစ် အသိပညာနှင့် နိုင်ငံတကာအကောင်းဆုံး အလေ့အကျင့်ရှိသည့် ကျွမ်းကျင်ပြီး အတွေ့အကြုံကြွယ်ဝသည့် ဘဏ်ဝန်ထမ်းများ မရှိခြင်းဖြစ်ပါသည်။ ပြန်လာသည့် မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများကို ဦးတည်၍ အလုပ်လုပ်ခွင့်ပါမစ်ပေးခြင်းသည် သက်ရောက်မှုအရှိဆုံး စရိတ်အနည်းဆုံးနှင့်ဤပြဿနာအတွက် ကောင်းမွန်ရိုးရှင်းသည့် အဖြေဖြစ်သည်။သို့ရာတွင် လူဝင်မှုကြီးကြပ်ရေး ပေါ်လစီသည် ကန့်သတ်ချုပ်ချယ်မှုရှိ၍ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ဦးတည်ချက်ထားဆောင်ရွက်ရန် အခွင့်အလမ်းကို ဆုံးရှုံးစေပါသည်။

အထူးသဖြင့် နိုင်ငံခြားဘဏ်များက မြန်မာနိုင်ငံတွင် အလုပ်စတင်လုပ်ရန် ကမ္ဘာ့အတွေ့အကြုံရှိသူများနှင့် ၎င်းတို့၏ ကိုယ်ပိုင်အကောင်းဆုံးအလေ့အကျင့်များကို ယူဆောင်လာစဉ်တွင် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍအတွက် လူဝင်မှုကြီးကြပ်ရေးပေါ်လစီများသည် မြန်မာနိုင်ငံပြည်တွင်းဘဏ်များ၏ ပြိုင်ဆိုင်မှုနှင့် ရှင်သန်ရပ်တည်မှုအတွက် အသုံးဝင်သည့်ကိရိယာတစ်ခုအဖြစ် မျှော်လင့်နိုင်ပါသည်။

**<u>ပုံစံ(၄)၊ မြန်မာနိုင်ငံတွင် ကုန်သွယ်မှု ဘဏ္ဍာရေးနှင့် အထွေထွေဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းများကို ထိခိုက်စေသည့် ထိပ်တန်းပြဿနာများကို ခြုံငုံရှုမြင်ခြင်း။</u>**

- နိုင်ငံခြားဝယ်သူများထံမှ ကြိုတင်ပေးသွင်းခြင်း (သို့) LC မပါဘဲ ကုန်စည်တင်ပို့ခြင်းကို တားမြစ်ခြင်းသည် ဝယ်သူများသို့ မြန်မာပို့ကုန်သမားများ၏ ဆွဲဆောင်နိုင်မှုကို အဟန့်အတား ဖြစ်စေသည်။
- ကုန်သွယ်မှုကြွေးမြီအာမခံစနစ်ကို ခွင့်မပြုသေး၍ အခြေခံအကျဆုံး အလားအလာရှိသည့် ပို့ကုန်သမားများကို ကင်းမဲ့စေပြီး အဓိကကျသည့် ဆုံးရှုံးမှုစီမံခန့်ခွဲရေးကိရိယာများကို လက်လွှတ်ရစေပါသည်။
- မြန်မာနိုင်ငံသားများအား ပစ္စည်းမရရှိမီ သွင်းကုန်ပစ္စည်းများအပေါ် ငွေပေးချေမှုကို တားမြစ်ခြင်းသည် ပြည်တွင်းလုပ်ငန်းများအား ကမ္ဘာ့တစ်လွှားပြိုင်ဆိုင်ရန် ၎င်းတို့ လိုအပ်သည့် အရင်းအနှီးကုန်စည်များနှင့် သွင်းအားစုများကို ရရှိရန် အဟန့်အတား ဖြစ်စေပါသည်။

**နိုင်ငံခြားဝယ်သူများထံမှ ကြိုတင်ပေးသွင်းခြင်း (သို့) *LC* မရှိဘဲ ကုန်စည်တင်ပို့ခြင်းကို တားမြစ်ခြင်းသည် ဝယ်သူများသို့ မြန်မာပို့ကုန်သမားများ၏ ဆွဲဆောင်နိုင်မှုကို အဟန့်အတား ဖြစ်စေသည်။**

၎င်းတို့ ဝယ်သူများထံမှ ပထမကြိုတင်ပေးငွေမရရှိဘဲ ကုန်စည်များတင်ပို့ခြင်းကို ပို့ကုန်သမားများအား ခွင့်မပြုပါ။ ဤသည်မှာ စံလုပ်ငန်းအလေ့အကျင့် မဟုတ်ဘဲ အထူးသဖြင့် စက်မှုလုပ်ငန်းပိုင်း၊ နိုင်ငံတကာ ကုန်သွယ်ရေး၊ ဘဏ္ဍာရေးလုပ်ငန်းများနှင့် ဥပဒေရေးရာအရင်းအမြစ်များဆိုင်ရာ သမိုင်း အတွေ့အကြုံနည်းပါးပြီး အခြေခံအဆောက်အအုံပိုင်း အားနည်းသောနိုင်ငံရှိ ပို့ကုန်သမားများတွင် ဖြစ်သည်။ ဤသို့ဖြင့် မြန်မာပို့ကုန်သမားများသည် ဝယ်ယူအသစ်များကို ဆွဲဆောင်နိုင်ခြင်းမရှိဘဲ နည်းပါးသောဝယ်သူများက မြန်မာနိုင်ငံနှင့် လုပ်ငန်းလုပ်ကိုင်ရန် ရှောင်ရှားခြင်းကို ဖြစ်စေပါသည်။ ဤအခြေအနေက လုပ်ငန်းအားလုံးတွင် လုပ်ငန်းကြီးမားလူသိများပြီး အရင်းအမြစ်ကောင်းစွာရှိသောကုမ္ပဏီအနည်းငယ်ဆီသို့ လုပ်ငန်းများ ရောက်ရှိသွားစေပါသည်။

ဤစည်းမျဉ်းအရ မြန်မာပို့ကုန်သမားများကို ဝယ်သူများက ငွေမပေးချေခြင်းမှ ကာကွယ်ရန် ရည်ရွယ်သော်လည်း ဈေးကွက်သစ် အများအပြားကို ဖြတ်တောက်စေပြီး နိုင်ငံ၏ ပို့ကုန်အလားအလာကို လျော့နည်းစေသည့် ဆန့်ကျင်အကျိုးသက်ရောက်မှုကို ဖြစ်စေပါသည်။ အချို့ကုမ္ပဏီများက ၎င်းတို့ဘဏ်စာရင်းတွင် ကိုယ်ပိုင်ရန်ပုံငွေထည့်သွင်း၍ ပို့ကုန်လိုင်စင်ရရှိရန် အပ်ငွေမှတ်တမ်းအသုံးပြုခြင်းဖြင့် စည်းမျဉ်း ပြဋ္ဌာန်းချက်ကို ရှောင်ရှားကြပါသည်။ သို့သော် ပိုမိုအကျိုးရှိသည့်နေရာတွင် အရင်းအနှီးပြုလုပ်ခြင်းအား ကန့်သတ်မှုဖြစ်စေပြီး ပို့ကုန်သမားအငယ်စားများ လက်လှမ်းမမီနိုင်သည့် နည်းဗျူဟာဖြစ်ပါသည်။

**ကုန်သွယ်မှုကြွေးမြီအာမခံစနစ်ကို ခွင့်မပြုသေး၍ အခြေခံအကျဆုံး အလားအလာရှိသည့် ပို့ကုန်သမားများကို ကင်းမဲ့စေပြီး အဓိကကျသည့် ဆုံးရှုံးမှုစီမံခန့်ခွဲရေးကိရိယာများကို လက်လွှတ်ရစေပါသည်။**

နိုင်ငံခြား ဝယ်သူများက ငွေမပေးချေသည့် အန္တရာယ်မှ ပို့ကုန်သမားများကို ကာကွယ်ရန်အတွက် ကုန်သွယ်မှုကြွေးမြီအာမခံစနစ်သည် အသုံးများသည့်အရိုးရှင်းဆုံးလက်နက်ကိရိယာတစ်ခု ဖြစ်ပြီး မြန်မာနိုင်ငံတွင် ခွင့်ပြုမထားပါ။ ကုန်သွယ်မှု ကြွေးမြီအာမခံခွင့်ပြုရန် တောင်းဆိုထားခြင်းကို ဘဏ္ဍာရေးဝန်ကြီးဌာနက စဉ်းစားဆဲဖြစ်ပြီး မည်သည့်အချိန်တွင်မည်သို့ဆုံးဖြတ်ချက်ချမည်နှင့် ဆက်စပ်နေသည့် စည်းမျဉ်းစည်းကမ်း

အသေးစိတ်များမှာမူ မရေရာဆဲဖြစ်ပါသည်။ ဤအခြေခံကုန်သွယ်မှု ဘဏ္ဍာရေးလက်နက်ကိရိယာမရှိဘဲ ပို့ကုန်ဦးဆောင်သည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရန် အားနည်းစေ၍ ဝယ်သူများထံမှ ကြိုတင်ပေးငွေဖြစ်စေ၊ LC ဖြစ်စေမပါဘဲ ပို့ကုန်ပစ္စည်းများတင်ပို့ခြင်းအပေါ် အစိုးရကဆက်လက် တားမြစ်နေမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံသားများအား ပစ္စည်းမရရှိမီ သွင်းကုန်ပစ္စည်းများအပေါ် ငွေပေးချေမှုကို တားမြစ်ခြင်းသည် ပြည်တွင်းလုပ်ငန်းများအား ကမ္ဘာ့တစ်လွှားပြိုင်ဆိုင်ရန် ၎င်းတို့ လိုအပ်သည့် အရင်းအနှီးကုန်စည်များနှင့် သွင်းအားစုများကိုရရှိရန် အဟန့်အတားဖြစ်စေပါသည်။**

လယ်ယာလုပ်ငန်းစက်ပစ္စည်းကဲ့သို့ ကြီးမားသည့် ငွေလုံးငွေရင်းကုန်စည်များ ဝယ်ယူရန်အတွက် တင်ပို့မှုမတိုင်မီ အချို့စက်မှုလုပ်ငန်းများက ကြိုတင်ပေးချေသည့် စံအလေ့အကျင့်ရှိပါသည်။ မြန်မာဥပဒေက စာရွက်စာတမ်း အထောက်အထားမရှိဘဲ သွင်းကုန်ပစ္စည်းများ လက်မခံမီ ငွေပေးချေခြင်းကို မြန်မာနိုင်ငံသားများအား ကန့်သတ်ထား၍ SME အများစုမှာ ပေးသွင်းရန် အခက်အခဲရှိပါသည်။ ၎င်းသည် ကုန်စည်များ မပေးပို့မီအပေါ် သွင်းကုန်သမားများအားကာကွယ်ရန် အစီအမံဖြစ်သော်လည်း မြန်မာ့ထုတ်ကုန်သမားများအတွက် အရင်းအနှီးကုန်စည်များရရှိရန် အခွင့်အလမ်းနည်းပါးစေပြီး စရိတ်မြင့်တက်၍ ထုတ်လုပ်မှု အဟန့်အတားဖြစ်ပြီး ပြိုင်ဆိုင်မှုကို ရှုံးနိမ့်စေပါသည်။

ပစ္စည်းအားဖြင့်ငွေပေးချေသည့် စက်မှုလုပ်ငန်းစံကို ဘဏ်များကသိရှိမှုနည်း၍ ရောင်းသူများထံမှ ဘဏ္ဍာရေးဆိုင်ရာနှင့်ဆောင်ရွက်ချက်အာမခံအတွက် တင်သွင်းသူ၏ အခွင့်အရေးအပေါ် သိရှိမှု နည်းပါးပါသည်။ဤအကြောင်းတရားများက သွင်းကုန်သမားများကို အကာအကွယ်ပေးရန် လိုအပ်သည့် အဓိပ္ပါယ်ဖြစ်၍ CBM ကို နိုင်ငံတကာ စံများနှင့်အညီ ကြိုတင်ပေးငွေ ပေးချေခွင့်ပြုခြင်းဆောင်ရွက်ရန် အားလျော့စေပါသည်။

**ပုံစံ (၅) – မြန်မာနိုင်ငံတွင်ဘဏ်လုပ်ငန်းကဏ္ဍစွမ်းဆောင်ရည် ထိခိုက်စေသော ထိပ်တန်း ပြဿနာများကိုခြုံငုံရှုမြင်ခြင်း၊**

- လူ့စွမ်းအား အရင်းအမြစ်နှင့် အခြေခံ အဆောက်အအုံပိုင်း အားနည်းမှုသည် ကွန်ပျူတာ စနစ်အသုံးပြုမှု၊ အလိုအလျောက် ဆောင်ရွက်မှု၊ လုံခြုံရေး၊ စွမ်းဆောင်နိုင်စွမ်းတိုးမြင့်မှုနှင့် စရိတ်လျှော့ကျမှုတို့အတွက် ကဏ္ဍ၏ ကြိုးပမ်းအားထုတ်မှုကို ထိခိုက်စေပါသည်။
- ခေတ်မီ ထိရောက်သည့် လုပ်ငန်းများအတွက် လိုအပ်သော ဗဟိုပြုဘဏ်လုပ်ငန်းစနစ်များ ဝယ်ယူ တပ်ဆင်ရန် ရန်ပုံငွေနှင့် ကျွမ်းကျင်မှုများဘဏ်များတွင် မရှိပါ။
- ဘဏ်အများအပြားတွင် နိုင်ငံ၏မျှော်မှန်းသည့် ကြီးထွားမှုက တောင်းဆိုသည့် စကေးသတ်မှတ်ချက်အပေါ် တာဝန်ယူ၍ ချေးငွေထုတ်ချေးမှုတိုးမြင့်ရာတွင် လိုအပ်သည့် ဆုံးရှုံးမှု စီမံခန့်ခွဲရေး ကျွမ်းကျင်မှုနှင့် ကိရိယာများ မရှိပါ။
- ဘဏ္ဍာရေး ကဏ္ဍတွင် ဆောင်ရွက်နေသူများသည် ကုန်သွယ်မှုဘဏ္ဍာရေး အသိပညာ နည်းပါးပြီး သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများ ဟောပြောပို့ချရန်နှင့် ဘဏ္ဍာရေး ဆိုင်ရာပစ္စည်းများ ဒီဇိုင်းပြုလုပ် အကောင်အထည်ဖော်သည့် စွမ်းဆောင်ရည်ကို ထိခိုက်စေပါသည်။
- မြန်မာနိုင်ငံတွင် အဖွဲ့အစည်းဆိုင်ရာ အထက်အောက် ဆက်ဆံမှုနှင့် ယဉ်ကျေးမှုပုံစံသည် ဈေးကွက်တုံ့ပြန်မှုနှင့် ခြေလှမ်းကျယ်ကျယ် ပြိုင်ဆိုင်မှုကို အားမပေးပါ။

**လူ့စွမ်းအားအရင်းအမြစ်နှင့်အခြေခံ အဆောက်အအုံပိုင်း အားနည်းမှုသည်ကွန်ပျူတာစနစ်အသုံးပြုမှု၊ အလိုအလျောက်ဆောင်ရွက်မှု၊လုံခြုံရေး၊စွမ်းဆောင်နိုင်စွမ်းတိုးမြင့်မှုနှင့်စရိတ်လျှော့ကျမှုတို့ အတွက် ကဏ္ဍ၏ ကြိုးပမ်းအားထုတ်မှုကို ထိခိုက်စေပါသည်။**

နိုင်ငံ၏ လျှပ်စစ်ထုတ်လုပ်မှု နိမ့်ကျခြင်းနှင့် စိတ်မချရသည့် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးမှုသည် ပြည်တွင်း နှင့် ဘဏ်တွင်းလုပ်ငန်းရပ်များ ခေတ်မီရန် ကြိုးပမ်းမှုကို ထိခိုက်အားနည်းစေသည်။ မကြာခဏ မီးပျက်ခြင်းသည် ခေတ်နောက်ကျနေသည့် လက်ဖြင့် လုပ်ကိုင်ခြင်းကို စွဲမြဲစေပြီး လုပ်ငန်းများ အချိန်ပြည့် လည်ပတ်စေရန်ဈေးကြီးသည့်ဂျင်နရေတာများဖြင့် လျှပ်စစ်စနစ်သို့ပြောင်းလဲခြင်း များစွာမရှိပါ။ခေတ်နောက်ကျ နေသည့် လက်ဖြင့်ဆောင်ရွက်ခြင်းသည် ထိရောက်မှုအတွက် အဟန့်အတားဖြစ်၍ ရေရှည်တွင် စရိတ်ကြီးမား စေပါသည်။

ဤအခြေအနေကို လူဦးရေ၏ ၁ရာခိုင်နှုန်းထက် နည်းသူများက အင်တာနက် သုံးစွဲမှု နိမ့်ကျခြင်းနှင့် ကွန်ပျူတာ အသိပညာနည်းပါးမှုက ပိုမိုဆိုးဝါးစေပါသည်။ ကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူများက ဘဏ်လုပ်ငန်းကဏ္ဍ အပြည့်အဝခေတ်မီစေရန် စွမ်းဆောင်ရည်ရှိသော ကွန်ပျူတာကျွမ်းကျင် လုံလောက်မှုရှိသည့်ဝန်ထမ်းများဖြင့် ဆောင်ရွက်နိုင်ရန်မျှော်မှန်းထားပါသည်၊

**ခေတ်မီ ထိရောက်သည့် လုပ်ငန်းများအတွက် လိုအပ်သော ဗဟိုပြုဘဏ်လုပ်ငန်း စနစ်များ ဝယ်ယူတပ်ဆင်ရန် ရန်ပုံငွေနှင့်ကျွမ်းကျင်မှုများဘဏ်များတွင်မရှိပါ။**

ကမ္ဘာ့တစ်လွှား အသိအမှတ်ပြုထားသည့် ဖော်ထုတ်ချက်များ (အော်ရီကယ်၊ အင်ဖိုဆစ်၊ SAP) သည် USD ၅ သန်းကျ၍ မြန်မာဘဏ်အများစုက မပေးနိုင်သည့် ဈေးနှုန်းဖြစ်ပါသည်။ တစ်ဖက်တွင် မိုင်ခရိုဆော့နှင့် အောရီကယ်အကြား ပူးပေါင်း၍ ပြည်တွင်း ဗဟိုပြုဘဏ်လုပ်ငန်းစနစ်များ ဆောင်ရွက်ဆဲဖြစ်၍ အခြားတစ်ဖက်တွင် ဒေသခံကုမ္ပဏီများ ပါဝင်ပါသည်။ သို့ရာတွင် ၎င်းတို့သည် စိတ်ချရမှုမရှိသေးပါ။ ဗဟိုပြုဘဏ်လုပ်ငန်း စနစ်အကောင်အထည်ဖော်ရန်အတွက် ကျွမ်းကျင်ဝန်ထမ်း မရှိခြင်းသည် ထိုကဲ့သို့ ဈေးကြီးသည့် စနစ်များ ဝယ်ယူရန်နှောင့်နှေးစေပါသည်။

**ဘဏ်အများအပြားတွင် နိုင်ငံ၏ မျှော်မှန်းသည့် ကြီးထွားမှုက တောင်းဆိုသည့် စကေး သတ်မှတ်ချက်အပေါ် တာဝန်ယူ၍ ချေးငွေထုတ်ချေးမှုတိုးမြင့်ရာတွင် လိုအပ်သည့် ဆုံးရှုံးမှု စီမံခန့်ခွဲရေး ကျွမ်းကျင်မှုနှင့် ကိရိယာများမရှိပါ။**

ဘဏ်ဆုံးရှုံးမှုအန္တရာယ်များကို (၄)မျိုး (၄)စား ခွဲခြားနိုင်ပြီး၊ ၎င်းတို့မှာ စနစ်၊ကြွေးမြီ၊ ကော်ပိုရေးရှင်းနှင့် လူသားဟူ၍ ဖြစ်ပါသည်။ တစ်ခုစီကို စီမံခန့်ခွဲရာတွင် မတူကွဲပြားသည့် ကိရိယာများနှင့် ကျွမ်းကျင်မှုများ လိုအပ်ပြီး ကမ္ဘာတစ်လျှောက်တွင် အန္တရာယ် အမျိုးအစားနှင့် ၎င်းတို့ကို စီမံခန့်ခွဲရန် ချဉ်းကပ်မှုအတွက် အသိဉာဏ်နည်းပါသည်။ ဥပမာအားဖြင့် ဘဏ်အများစုသည် နိုင်ငံတကာ အကောင်းဆုံး အလေ့အကျင့် ဖြစ်သည့် ဆုံးရှုံးမှု စီမံခန့်ခွဲခြင်းနှင့် ထုတ်လုပ်မှုစီမံခန့်ခွဲခြင်းကို သီးခြားစီခွဲခြားမထားပါ။

သဘာဝအားဖြင့် ဘဏ်အတွင်း ဆုံးရှုံးမှုနည်းပါးရန် ခက်ခဲခြင်းသည် ဘဏ်များအား ပြင်ပတွင် ဆုံးရှုံးမှုစမှတ် မြင့်စေပြီး ဆိုလိုသည်မှာ ငွေချေးသူများနှင့် ပတ်သက်၍ ဖြစ်သည်။ ဤသို့ဖြင့် စီးပွားရေးတွင် ရနိုင်သည့် ကြွေးမြီကို မလိုလားအပ်ဘဲ လျှော့ကျစေပါသည်။

**ဘဏ္ဍာရေး ကဏ္ဍတွင် ဆောင်ရွက်နေသူများသည် ကုန်သွယ်မှုဘဏ္ဍာရေး အသိပညာ နည်းပါးပြီး သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများ ဟောပြောပို့ချရန်နှင့် ဘဏ္ဍာရေးဆိုင်ရာပစ္စည်းများ ဒီဇိုင်းပြုလုပ် အကောင်အထည်ဖော်သည့် စွမ်းဆောင်ရည်ကို ထိခိုက်စေပါသည်။**

ကုန်သွယ်မှုဘဏ္ဍာရေးတွင် မပါဝင်ခြင်းနှင့် နိုင်ငံခြားဘဏ်လုပ်ငန်းစနစ်ထိတွေ့မှုနည်းခြင်းကြောင့် နိုင်ငံ၏ ဘဏ်လုပ်ငန်းဆောင်ရွက်သူအများစုမှာ အပြန်အလှန် LC ကဲ့သို့ ပစ္စည်းများ ဒီဇိုင်းလုပ်၍ အကောင် အထည်ဖော်ခြင်းတွင် အတွေ့အကြုံမရှိပါ။ ဆိုလိုသည်မှာ ဘဏ်တစ်ခုချင်းနှင့် MBA သည်

ဘဏ်များက ကုန်သွယ်မှုဘဏ်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် CBM မှ ချမှတ်ရန်လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ ကို ထောက်ခံဟောပြောလှုံ့ဆော်ရန် စိတ်ပါဝင်စားမှု နည်းပါသည်။ အတိုချုပ်အားဖြင့် ဘဏ်များသည် CBM ကို မကူညီနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် လုပ်ငန်းအတွင်း နယ်ပယ်အသစ်များဖွင့်လှစ်ရန် CBM ကို အားပေးခြင်းထက် လက်ရှိလုပ်ငန်းများ၏ နေ့စဉ်ပြဿနာများနှင့် နပန်းလုံးနေကြရပါသည်။

အချို့ဘဏ်များသည်ဘဏ်ဝန်ထမ်းများအတွက် သင်တန်းတက်ရန်အတွက် တစ်နေ့လျှင် € 200 ပေးရ၍ ၎င်းကိုဈေးကြီးသည်ဟု ယူဆပါသည်။ ထို့ကြောင့် ၎င်းတို့သည် နည်းပါးလွန်း တိုတောင်းလွန်းပြီး လက်ငင်းလိုအပ်သည့် ခေါင်းစဉ်များအပေါ်သာ အားစိုက်လုပ်ရန် ကမ္ဘာတစ်ဝှန်းဘဏ်များအကြားတွင် ငွေရေးကြေးရေးဆက်သွယ်မှုအဖွဲ့ (SWIFT) များကဲ့သို့သော လုပ်ငန်းများဆီသို့ ဦးတည်သွားပါသည်။

**မြန်မာနိုင်ငံတွင် အဖွဲ့အစည်းဆိုင်ရာ အထက်အောက် ဆက်ဆံမှုနှင့် ယဉ်ကျေးမှုပုံစံသည် ဈေးကွက်တုံ့ပြန်မှုနှင့် ခြေလှမ်းကျယ်ကျယ် ပြိုင်ဆိုင်မှုကို အားမပေးပါ။**

မြန်မာနိုင်ငံဘဏ်များ၏ စီမံခန့်ခွဲရေးတွင် ဗဟိုပြုပြီး ဆုံးဖြတ်ချက်ချခွင့်အာဏာသည် အထက်အဆင့် အနည်းအကျဉ်းသာရှိပါသည်။ ဤသို့ဖြင့် ဖောက်သည်၏ နေ့စဉ်လိုအပ်ချက် တုံ့ပြန်နိုင်စွမ်း နှင့် ဝန်ဆောင်မှု ပစ္စည်း အသစ်များ ဖော်ထုတ်ရန် အကြပ်အတည်းများ ဖြစ်စေပါသည်။ စီမံခန့်ခွဲမှုပုံစံများ ပြောင်းလဲမှုနည်းခြင်း၊ ဥပမာ– နိုင်ငံခြားဘဏ်များသို့ ထိတွေ့မှုနည်းခြင်းသည် ဘဏ်စီမံခန့်ခွဲရေးအား ရေးရိုးဆန်စေပြီး ပိုမို၍ နိုင်ငံတကာပြိုင်ဆိုင်မှုနှင့် ရင်ဆိုင်လာရသည့်အခါ မြန်မာဘဏ်များအား ဆိုးဝါးသည့် အားနည်းချက်ကို ဖြစ်စေပါသည်။

**ပုံစံ(၆)၊ မြန်မာနိုင်ငံလုပ်ငန်းများ ချေးငွေရနိုင်မှုအပေါ်ယုံကြည်စိတ်ချရမှုကို ထိခိုက်စေသော ထိပ်တန်းပြဿနာများကိုခြုံငုံရှုမြင်ခြင်း**

–မြန်မာနိုင်ငံတွင် LC ရရှိရန်နှင့် ထိရောက်စွာ အသုံးပြုရန် ဗဟုသုတရှိသော ပို့ကုန်သမားနှင့် သွင်းကုန်သမားများမှာ အနည်းငယ်သာရှိပါသည်။

–လုပ်ငန်းမဟာဗျူဟာနှင့် စီမံခန့်ခွဲရေးပိုင်း အားနည်းမှုသည် လုပ်ငန်းများအား ငွေချေးသူများသို့ ဆွဲဆောင်မှုနည်းစေပါသည်။

–နိုင်ငံ၏SME များအတွင်း မှတ်တမ်းထိန်းသိမ်းခြင်း၊ ငွေစာရင်းထားရှိခြင်းနှင့် စာရင်းစစ်ဆေးခြင်းတို့တွင် အားနည်းမှုများက စိတ်မချရသည့် ဘဏ္ဍာရေးအစီရင်ခံစာများ ဖြစ်ပေါ်စေပြီး လုပ်ငန်းများကို အကြွေးပေးရန်ယုံကြည်ကိုးစားမှုကို ကျဆင်းစေပါသည်။

**မြန်မာနိုင်ငံတွင် LC ရရှိရန်နှင့် ထိရောက်စွာ အသုံးပြုရန် ဗဟုသုတရှိသော ပို့ကုန်သမားနှင့် သွင်းကုန်သမားများမှာအနည်းငယ်သာရှိပါသည်။**

LC စနစ်သည် ကုန်သွယ်မှုဘဏ္ဍာရေး၏ အခြေခံအကျဆုံးပုံစံဖြစ်၍ အပြန်အလှန် LC စနစ် နှင့် ပိုမိုရှုပ်ထွေးသည့် ကုန်သွယ်မှုဘဏ္ဍာရေးပုံစံ၏ ပထမခြေလှမ်းဖြစ်သည်။ သို့ရာတွင် မြန်မာပို့ကုန် သွင်းကုန်သမားများသည် LC ရယူအသုံးပြုရန် အသိပညာနည်းပါးသည်။ MOC က ရန်ကုန်မြို့တွင် ဤခေါင်းစဉ် နှင့် ပတ်သက်၍ (၃)လမှ (၆)လအထိ သင်တန်းများပေး၍ (၁)ကြိမ်စီတွင် ကုန်သည် ၁၀၀ နီးပါးတက်ပါသည်။ သို့သော် ဤအရေအတွက်သည် အလားအလာရှိသည့် ကုန်သည်များ၏ သေးငယ်သည့် %ဖြစ်၍ ရန်ကုန်သို့ ခရီးမသွားနိုင်သူများအများအပြားအတွက်လည်း ရရှိရန်ခက်ခဲသည့် သင်တန်းဖြစ်ပါသည်။

**လုပ်ငန်းမဟာဗျူဟာနှင့် စီမံခန့်ခွဲရေးပိုင်း အားနည်းမှုသည် လုပ်ငန်းများအား ငွေချေးသူများသို့ ဆွဲဆောင်မှုနည်းစေပါသည်။**

လုပ်ငန်းများအနေဖြင့် ဦးတည်ဈေးကွက်များ လက်ခံကျေနပ်စေရန် စွမ်းဆောင်နိုင်မှသာ ချေးငွေရရှိနိုင်ပါသည်။ ၎င်းတို့မှာ မဟာဗျူဟာကျကျ စီမံကိန်းချမှတ်ခြင်း၊ စနစ်တကျ ဆောင်ရွက်ခြင်း၊ အရည်အသွေးနှင့် လုပ်ငန်းစဉ်ထိရောက်မှု ဖော်ဆောင်နိုင်ခြင်း၊ အခွန်စည်းမျဉ်းများ လိုက်နာခြင်း၊ ပြည်တွင်းနှင့် ဒေသတွင်းကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများကိုဦးဆောင်ခြင်း၊ တာဝန်များကို လိုက်နာခြင်းနှင့် စိန်ခေါ်မှုများ ဖြစ်ပေါ်လာခြင်းတို့ ဖြစ်ပါသည်။ မြန်မာလုပ်ငန်းအများစုသည် ငွေချေးသူများ ကျေနပ်စေရန် ဤအကြောင်းတရားများကို ပြနိုင်သည့် စီမံကိန်းချမှတ်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ ချဉ်းကပ်မှုများမရှိပါ။

**နိုင်ငံ၏ SME များအတွင်း မှတ်တမ်းထိန်းသိမ်းခြင်း၊ ငွေစာရင်းထားရှိခြင်းနှင့် စာရင်းစစ်ဆေးခြင်းတို့တွင် အားနည်းမှုများက စိတ်မချရသည့် ဘဏ္ဍာရေးအစီရင်ခံစာများ ဖြစ်ပေါ်စေပြီး လုပ်ငန်းများကို အကြွေးပေးရန်ယုံကြည်ကိုးစားမှုကို ကျဆင်းစေပါသည်။**

မြန်မာ့စီးပွားရေးလုပ်ငန်းများ၏၉၉%ကျော်ဖြစ်သည့် SME များသည် စိတ်ချရသည့်မှတ်တမ်းများ ထားရှိခြင်းနှင့် ခိုင်မာသည့် ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်ထားရှိခြင်းကို အလေ့အကျင့်မရှိပါ။ ဤသို့ဖြင့် ၎င်းတို့သည် စိတ်ချယုံကြည်ရမှုရှိစေကာမူ ဘဏ်များမှ အကြွေးပေးရန်စိတ်ချယုံကြည်မှုရှိခြင်းအပေါ် အကဲဖြတ်ခြင်းကို အဟန့်အတား ဖြစ်စေပါသည်။ ပြင်ပစာရင်းစစ်များ အသုံးပြုသည့်လုပ်ငန်းများပင်လျှင် ၎င်းတို့၏လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များက(CPA) စိတ်ချရသည့်လုပ်ငန်းမဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။ လုပ်ငန်းများတွင် ညံ့ဖျင်းသည့်CPA များအသုံးပြုခြင်းကို တင်ပြခြင်းနှင့် စာရင်းစစ်ချုပ်ရုံးက ၎င်းတို့ကို ဖယ်ရှားသည့် အလေ့အထမျိုး မရှိသေးပါ။ ဤသို့ဖြင့် ငွေချေးသူများက ချေးငွေလျှောက်ထားသူ၏ စာရွက်စာတမ်းအပေါ် နည်းလမ်းတကျ ရှိစေကာမူ ယုံကြည်မှု လျော့ကျစေပါသည်။

## ကျွန်ုပ်တို့မည်သည့်နေရာသို့သွားလိုပါသနည်း။

### မျှော်မှန်းချက်

မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍသည် ပြုပြင်ရေးလမ်းကြောင်းပေါ်တွင် ရောက်ရှိနေသော်လည်း ခေတ်မှီ ဘဏ္ဍာရေးစနစ်၏ ဥပဒေစည်းမျဉ်းများ၊ အဖွဲ့အစည်းများ ၊ ဘဏ်များနှင့် ခေတ်မီဘဏ္ဍာရေးစနစ်များ တည်ဆောက်ရန် အလှမ်းဝေးနေပါသည်။ ယင်းတို့မရှိဘဲ နိုင်ငံတကာဈေးကွက်များတွင် အောင်မြင်ရန် မြန်မာပို့ကုန်သမားများအနေနှင့် ရုန်းကန်ဆောင်ရွက်ကြရပါမည်ဖြစ်သည်။

ကဏ္ဍ၏အစိုးရပုဂ္ဂလိကနှင့် နိုင်ငံတကာပါဝင်ဆောင်ရွက်သူများက ဤအခက်အခဲကိုအောင်မြင် နိုင်သည်ဟု စုပေါင်းယုံကြည်ကြပါသည်။ ထို့ကြောင့် မြန်မာ့ဘဏ္ဍာရေးကဏ္ဍအတွက် အောက်ပါ မျှော်မှန်းချက်ချမှတ်ရန် ကဏ္ဍတွင်ပါဝင်သူများက ပူးပေါင်းကြိုးပမ်းခဲ့ပါသည်–

**"မြန်မာနိုင်ငံ၏ပို့ကုန်တိုးတက်မှုနှင့်လူမှုစီးပွားဘဝတိုးတက်စေရေးထိရောက်စွာ ဆောင်ရွက်ရန် ဥပဒေ စည်းမျဉ်းမူဘောင်များ၊ အခြေခံအဆောက်အအုံပိုင်းနှင့် ဝန်ဆောင်မှုဆိုင်ရာ ထောက်ပံ့မှုများ ပါဝင်စုစည်းထားသော နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီသောဘဏ္ဍာရေးကဏ္ဍဆီသို့"**

ဤမျှော်မှန်းချက်ကို အောက်ပါဖွဲ့စည်းမှုဆိုင်ရာတိုးတက်မှုများ ပါဝင်၍ ဖော်ဆောင်ပါမည်–

### ဘဏ္ဍာရေးအတွက် ဥပဒေရေးရာနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်

–မြန်မာနိုင်ငံ၏ လုပ်ငန်းများ ယှဉ်ပြိုင်နိုင်မှုနှင့် ပြည်သူလူထု၏ ကြွယ်ဝရေးကို ဆောင်ကျဉ်းပေးနိုင်သည့် ခေတ်မှီဈေးကွက်ကို ဦးတည်သည့် ပြည့်စုံကောင်းမွန်သည့်အတွဲလိုက်ဘဏ္ဍာရေးဥပဒေများ။

–ချေးငွေသတင်းအချက်အလက် ဗျူရိုအသစ်၊ စတော့အိတ်ချိန်းအသစ်နှင့် အားဖြည့်ထားသည့် စာရင်းစစ်ချုပ်တို့အပါအဝင် တာဝန်ယူမှုရှိ၍ အားကောင်းခိုင်မာသည့် ဘဏ္ဍာရေးကဏ္ဍကို အထောက်အ ကူပြုရန် လိုအပ်သည့် ခိုင်မာထိရောက်သည့် အဖွဲ့အစည်းများ။

–လုပ်ငန်းအတွက် လွတ်လပ်စွာပြိုင်ဆိုင်သည့် ပြည်တွင်းပြည်ပဘဏ်များ။

### ကုန်သွယ်မှုဘဏ္ဍာရေးနှင့်အထွေထွေဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းသတ်မှတ်ခြင်း

–ဘဏ်များသည် ပြိုင်ဆိုင်မှု၊အမြတ်အစွန်းရမှုနှင့် နိုင်ငံတကာ ယှဉ်ပြိုင်နိုင်သည့် အာမခံလိုအပ်ချက်များ ကောင်းမွန်စေရန် မိမိကိုယ်ပိုင်အတိုးနှုန်းနှင့် ချေးငွေသက်တမ်းကို လွတ်လပ်စွာ ချမှတ်နိုင်ခြင်း။

–မြန်မာနိုင်ငံရှိ အပေါင်အာမခံပစ္စည်းမတတ်နိုင်သည့်ငွေချေးယူသူများသို့ စိတ်ချရ၍ အဆင်ပြေစွာ တစ်ဆက်တစ်စပ်တည်းပံ့ပိုးပေးနိုင်သည့် ကုန်သွယ်မှု ဘဏ္ဍာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ အပြည့်အစုံထားရှိခြင်း။

## ဘဏ်လုပ်ငန်းကဏ္ဍစွမ်းဆောင်ရည်

–ကဏ္ဍအလျင်အမြန် ဖွံ့ဖြိုးရန် လုံလောက်သည့် အရွယ်အစားနှင့် ကျွမ်းကျင်မှုရှိသော ဘဏ္ဍာရေး အင်အားလုပ်သားအင်အားစု

–နိုင်ငံ၏စက်မှုလုပ်ငန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် ထပ်ဆင့်တိုးတက်စေသည့်အရေးပါသော ကဏ္ဍတစ်ခုအဖြစ် အသိအမှတ်ပြုလျက် ဘဏ္ဍာရေးကဏ္ဍ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးသည့် နိုင်ငံပိုင်လျှပ်စစ်နှင့် ဆက်သွယ်ရေးအခြေခံအဆောက်အအုံ တည်ဆောက်ခြင်း။

–ကျယ်ပြန့်ကြီးမားသည့် ဘဏ်အပ်ငွေများနှင့် ဘဏ်ချေးငွေများ။

–ပိုမိုအားကောင်းသည့် ဘဏ်အချင်းချင်းငွေချေးခြင်းနှင့် နိုင်ငံခြားငွေကြေးလဲလှယ်မှု

## လုပ်ငန်းများကြွေးမြီရရှိရန်ယုံကြည်စိတ်ချရမှု

–ခိုင်မာသည့် မဟာဗျူဟာများနှင့် ကောင်းမွန်သည့် ငွေစာရင်းစနစ်ဖြင့် ပြည့်စုံစွာစီမံခန့်ခွဲ ထားသည့် မြန်မာနိုင်ငံပုဂ္ဂလိက ကဏ္ဍ။

–ကုန်သွယ်မှု ဘဏ္ဍာရေးဝန်ဆောင်မှုအသစ်များ အသုံးပြုပုံနှင့် ပတ်သက်၍ ပို့ကုန်သမားများနှင့် သွင်းကုန်သမားများအား ကောင်းစွာ အသိပညာပေးခြင်း။

ဘဏ္ဍာရေးအတွက် ဥပဒေရေးရာနှင့် အဖွဲ့အစည်းမူဘောင် တိုးတက်မှုပိုင်းတွင် ပြည့်စုံ၍ အလျင်အမြန်ဆောင်ရွက်နေသည့် အသစ် သို့မဟုတ် ပြင်ဆင်ပြဋ္ဌာန်းသည့် ဥပဒေများ အဖြစ် မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ ၂၀၁၄ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ၊ ဒေဝါလီခံမှု ဆိုင်ရာ ဥပဒေများ၊ ပုဂ္ဂလိက အာမခံသူများကြီးကြပ်ရေးဥပဒေ၊ SME ဥပဒေ၊ စားသုံးသူ ကာကွယ်ရေး အေဂျင်စီ တည်ထောင်ရေး ဥပဒေ၊ ပို့ကုန်သွင်းကုန်ဘဏ်တည်ထောင်ခြင်း ဥပဒေ တို့ကို တွေ့ရှိရပါသည်။ ဗဟိုဘဏ်အတွက် ကဏ္ဍတွင် စိတ်ချရ၍ ပွင့်လင်းမြင်သာမှုရှိသောနောက်ဆုံးပေါ် သတင်းအချက် အလက် ဇစ်မြစ်များရရှိရေးဆောင်ရွက်ပေးနိုင်သည့် တိုးတက်သည့်အဖွဲ့အစည်းများသည် စွမ်းဆောင်ရည် မြှင့်တင်ပေး ပြီး ၎င်းတို့မှာ နိုင်ငံခြားဘဏ်များဖြင့် ငွေချေးလုပ်ငန်းစတင်၍ ရှာဖွေနိုင်သည့်စာရင်း အချက်အလက်

အသစ်များ ၊ ပိုင်ဆိုင်မှုများ၊ အပေါင်စာချုပ်များ ပါဝင်ဆောင်ရွက်ခြင်း၊ အစီအစဉ်ရေးဆွဲထားသည့် ကြွေးမြီ သတင်းအချက်အလက်နှင့် နှုန်းသတ်မှတ်ထားသည့် ဗျူရိုတည်ထောင်ခြင်းနှင့် အားဖြည့်ထားသည့် စာရင်းစစ်ချုပ်ရုံးတို့ ဖြစ်ပါသည်။

ကုန်သွယ်မှုဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်း တိုးတက်လာခြင်းအနေနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နှင့် ဗဟိုဘဏ်မှကုန်သွယ်မှုဘဏ္ဍာရေး၏သဘောတူညီချက်ဆိုင်ရာကိရိယာများဖြစ်သော back-to-back LC များနှင့် ကုန်သွယ်မှုကြွေးမြီအာမခံတို့ကို ခွင့်ပြုသည့် အတည်ပြုချက်နှင့် ညွှန်ကြားချက်အသစ်များ ရရှိလာ ခြင်းဖြစ်သည်။ တိုးတက်လာမှုများတွင် ကြိုတင်ပေးသွင်းမှု သက်သေပြရန် မလိုဘဲ ကုန်စည်တင်ပို့မှုကို ခွင့်ပြုခြင်းနှင့် သွင်းကုန်ပစ္စည်းများအပေါ် အပ်နှံငွေကြိုတင်ပေးသွင်းခြင်းကို ဖြေလျှော့ပေးခြင်းတို့လည်း ပါဝင်သည်။ ယေဘူယျအားဖြင့် ဘဏ္ဍာရေးကဏ္ဍစည်းမျဉ်းပြဋ္ဌာန်းချက်များ တိုးတက်ခြင်းသည် ဘဏ်များ၏ ငွေဖြစ်လွယ်မှု တိုးတက်ခြင်းနှင့် ဘဏ်အချင်းချင်း ငွေချေးခြင်းအပေါ် ရှင်းလင်းပြတ်သားသည့် လမ်းညွှန်ချက်ဖြင့် နိုင်ငံခြားငွေလဲလှယ်မှုဆုံးရှုံးမှု လျှော့ချခြင်းတို့အပေါ် စူးစိုက်ဆောင်ရွက်ပါသည်။ အဆိုပါဆောင်ရွက်မှု များမှာ ပို့ကုန်တင်ပို့သည့် SOE များအား ပုဂ္ဂလိကဘဏ်များတွင် နိုင်ငံခြားငွေအပ်နှံရန် ခွင့်ပြုခြင်းနှင့် နိုင်ငံခြားငွေကြေးဈေးကွက်တွင် swaps, forwards, futures နှင့် options စသည့်ဘဏ္ဍာရေးဆိုင်ရာ ကိရိယာများကို ဘဏ်များမှ ပံ့ပိုးပေးပြီး အခွင့်အာဏာရှိစေသည့် စည်းမျဉ်းများဖြင့် အားကောင်းခိုင်မာ စေခြင်းတို့ဖြစ်သည်။ ဤအတည်ပြုချက်အသစ်များ၊ ညွှန်ကြားချက်များနှင့် စည်းမျဉ်းများကို ဗဟိုဘဏ် တွင် ဗဟိုချုပ်ကိုင်မှု လျှော့ချသည့် အတည်ပြုလုပ်ငန်းစဉ်ဖြင့် အကောင်အထည်ဖော်ရပါမည်။

ဘဏ်လုပ်ငန်းကဏ္ဍစွမ်းဆောင်ရည်တိုးတက်ခြင်းသည် ဘဏ်စီမံခန့်ခွဲရေးပုံစံများကို ကြည့်ရှုခြင်းဖြစ်ပြီး ၎င်းတွင် ပစ္စည်းပိုင်းစီမံခန့်ခွဲခြင်းကို ဆုံးရှုံးမှုစီမံခန့်ခွဲခြင်းမှ ခွဲခြားထားသည်။ ၎င်းတို့မှာ ကုန်သွယ်မှု ဘဏ္ဍာရေးဆုံးရှုံးမှု စီမံခန့်ခွဲခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုရှိသော ဝန်ထမ်း၊ ပိုမိုထိရောက်၍လုံခြုံစိတ်ချရသည့် အီလက်ထရောနစ်ရန်ပုံငွေလွှဲစနစ်၊ အီလက်ထရောနစ်မှတ်တမ်းထိန်းသိမ်းခြင်းနှင့် အချက်အလက် အစီရင်ခံခြင်းကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲခြင်း၊ စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံခြားဘဏ်များတွင် လက်တွေ့ အတွေ့အကြုံရှိသည့် ဝန်ထမ်းများထားရှိခြင်းနှင့် နိုင်ငံပိုင်ဘဏ်များက မိမိ၏ဌာနခွဲများနှင့် ထိရောက်စွာ ပေါင်းစပ်ညှိနိုင်းရန် ချိတ်ဆက်ဆောင်ရွက်သည့် core ဘဏ်လုပ်ငန်းစနစ်သုံးစွဲခြင်းတို့ဖြစ်သည်။

လုပ်ငန်းများ အကြွေးရရှိရန်စိတ်ချယုံကြည်ရမှု တိုးတက်ခြင်းသည် SME အများအပြားက ခိုင်မာသည့် လုပ်ငန်းစီမံကိန်းများချမှတ်လာနိုင်ခြင်း၊ ငွေစာရင်းရေးဆွဲခြင်း စံနှုန်းများလိုက်နာခြင်း၊ LC ကဲ့သို့ ကုန်သွယ်မှု ဘဏ္ဍာရေး ကိရိယာများ ထိရောက်စွာ အသုံးပြုနိုင်ခြင်းတို့ကို ကြည့်ခြင်းဖြင့်သိမြင်နိုင်သည်။

## ပန်းတိုင်သို့ရောက်အောင်မည်သို့သွားမည်နည်း

မဟာဗျူဟာမျှော်မှန်းချက်ဖြစ်သော "မြန်မာနိုင်ငံ၏ ပို့ကုန်တိုးတက်မှုနှင့် လူမှု စီးပွားဘဝ တိုးတက်စေရေးထိရောက်စွာဆောင်ရွက်ရန် ဥပဒေစည်းမျဉ်းမူဘောင်များ၊ အခြေခံအဆောက်အအုံပိုင်းနှင့် ဝန်ဆောင်မှုဆိုင်ရာထောက်ပံ့မှုများပါဝင်စုစည်းထားသော နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသော ဘဏ္ဍာရေးကဏ္ဍဆီသို့" သည် ကဏ္ဍစုံ အထောက်အကူပြုမဟာဗျူဟာတွင် ဖော်ပြထားသော ရည်မှန်းချက်များနှင့် တူညီစွာပင် အဟန့်အတားများကို တုံ့ပြန်ထားသည်။ အောက်ပါအပိုင်းတွင် မဟာဗျူဟာ အကောင်အထည်ဖော်ခြင်းအား လမ်းညွှန်မှုပေးသည့်မူဘောင်ကိုရှင်းပြထားသည်။မည်သူကမည်သည့်လုပ်ငန်းကိုဆောင်ရွက်ရန်လိုအပ်သည်ကို ဖော်ပြသည့် အသေးစိတ်လုပ်ငန်းစီမံချက်ကို ဤအပိုင်း၏အဆုံးတွင် တင်ပြထားသည်။

### မဟာဗျူဟာဆိုင်ရာဦးတည်ချက်များ

ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေး ကဏ္ဍစုံ လုပ်ဆောင်မှုအတွက် ခြုံငုံသည့်မျှော်မှန်းချက်ကို ရရှိနိုင်ရန် မဟာဗျူဟာဦးတည်ချက် (၃)ခု ချမှတ်ထားပါသည်။ ၎င်းတို့မှာ –

(၁) ကုန်သွယ်မှုကိုလျင်မြန်ချောမွေ့စေရန် လိုအပ်သောခွင့်ပြုချက်၊ လမ်းညွှန်ချက်နှင့် ရှင်းလင်းချက်များကို ဆောလျင်စွာထုတ်ပြန်ဆောင်ရွက်သွားရန်အတွက် အောက်ပါအချက်များအရ စတင် အကောင်အထည် ဖော်သွားရန်ဖြစ်ပါသည်– (သို့မဟုတ် လုပ်ငန်းပိုင်းဆိုင်ရာ ဦးတည်ချက်များ)

- ပို့ကုန်သွင်းကုန်ဆိုင်ရာ ငွေပေးချေမှု စည်းမျဉ်းများကို နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရန် ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုဆိုင်ရာယှဉ်ပြိုင်နိုင်စွမ်းကို ကူညီပံ့ပိုးပေးရန်။
- ပို့ကုန်လုပ်ငန်းရှင်များအား နိုင်ငံတကာနှင့်ယှဉ်နိုင်မည့်ကုန်သွယ်မှုဆိုင်ရာဘဏ္ဍာငွေကြေးထောက်ပံ့ရေး ယန္တရားနှင့် ဆောင်ရွက်မှုများဖြင့် ပို့ကုန်တင်ပို့မှုကို အားပေးမြှင့်တင်ရန်။
- ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ယင်းကဏ္ဍနှင့်စပ်လျဉ်းသည့်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုများကို ပိုမိုပွင့်လင်းမြင်သာမှုရှိရန်နှင့် အကျိုးရှိစေရန် ပံ့ပိုးဆောင်ရွက်ရန်။

(၂) ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ဥပဒေ၊စည်းမျဉ်းနှင့် အဖွဲ့အစည်းပိုင်းဆိုင်ရာ မူဘောင်များကို ပြန်လည်သုံးသပ်ပြီး ခေတ်နှင့်အညီဖြစ်စေရန် အောက်ပါအချက်များအရ စတင်အကောင်အထည် ဖော်သွားရန်ဖြစ်ပါသည်-

-ငွေဖြစ်လွယ်မှုကို ကန့်သတ်ထားသည့် စည်းမျဉ်းများကို ဖြေလျှော့ပေးရန်။

- လိုအပ်နေသော ဥပဒေများရေးဆွဲပြဋ္ဌာန်းရန်။

- ပိုမိုကောင်းမွန်သော စွန့်စားမှုစီမံခန့်ခွဲမှုစနစ်နှင့်လုပ်ငန်းဆောင်ရွက်ချက်များဖြင့် ထိရောက်ပြီး ခေတ်မီအဆင့်မြင့်သည့်ငွေကြေးဈေးကွက်တစ်ခု တည်ထောင်တိုးမြှင့်ဆောင်ရွက်ရန်။

(၃) ကဏ္ဍအနေနှင့် နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ကျွမ်းကျင်မှု၊နည်းပညာနှင့်အခြေခံအဆောက် အအုံများ ပံ့ပိုးရရှိရန် အောက်ပါအချက်များအရ စတင်အကောင်အထည်ဖော်သွားရန်ဖြစ်ပါသည်-

- ပို့ကုန်လုပ်ငန်းရှင်များ၏ ဘဏ္ဍာငွေကြေးရရှိနိုင်မှုနှင့် ပတ်သက်ပြီး အဆင့်သတ်မှတ်ခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ အသိပညာဗဟုသုတများ တိုးမြှင့်ရေးဆောင်ရွက်ပေးရန်။

- ဗဟိုဘဏ်နှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များ၏ စာရင်းအချက်အလက်အစီရင်ခံခြင်း၊ မှတ်တမ်းထိန်းသိမ်းခြင်းစနစ်များ အဆင့်မြင့်ဆောင်ရွက်ရန်။

- ဘဏ်များကို နိုင်ငံတကာစီးပွားရေးလုပ်ငန်းဆိုင်ရာ အလေ့အကျင့်များ ကျင့်သုံးလာစေရေး အားပေးဆောင်ရွက်ရန်။

- ဘဏ်များကို ကုန်သွယ်မှုဆိုင်ရာ ဘဏ္ဍာငွေကြေးရရှိနိုင်ရေး နည်းစနစ်ပိုင်းနှင့် ဝန်ထမ်းပိုင်း ကျွမ်းကျင်မှုများပံ့ပိုးဆောင်ရွက်ပေးရန်။

## အတူတကွပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှု၏အရေးပါပုံ

ကျယ်ပြောသည့် လုပ်ငန်းများသည် ပေါင်းစပ်ဝင်ရောက်မှု၏ ရှုပ်ထွေးသည့်သဘောသဘာဝ နှင့်အတူ အရင်းအမြစ်များထိရောက်စွာ အသုံးချခြင်းနှင့် မိုင်ခရိုနှင့် မက်ခရို အဆင့် (၂)ခုလုံးတွင် ရလဒ်များစောင့်ကြည့်ခြင်း ပါဝင်သည့် ဂရုစိုက်အကောင်အထည်ဖော်မှု လိုအပ်ပါသည်။

ဤရည်ရွယ်ချက်ဖြင့် အမျိုးသားပို့ကုန်မဟာဗျူဟာ(NES)ကို ဖော်ထုတ်ပေါင်းစပ်၍ အကောင်အထည်ဖော်ရာတွင် အစိုးရ–ပုဂ္ဂလိက ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် မြန်မာကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (MTDC) ကို တည်ထောင်ထားပါသည်။ အထူးသဖြင့် MTDC ကို ပါဝင်ဆောင်ရွက်နေသူများ၏ ကျယ်ပြန့်သောအတိုင်းအတာအရ ရင်းမြစ်များနှင့် စွမ်းဆောင်မှုများ မှန်ကန်စွာ နေရာချထားနိုင်ရန် လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းကို ပေါင်းစပ်ညှိနှိုင်းမှုဖြင့် တာဝန်ပေးအပ်ထားပါသည်။ ဤမူဘောင်အတွင်း ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေးကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် MTDC၏ လုပ်ငန်းနယ်ပယ်အတွင်းကျရောက်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အများဆုံး သက်ရောက်မှု အာမခံနိုင်ရန်နှင့် နှစ်ခါထပ် ဆောင်ရွက်မှုများကို ရှောင်ရှားနိုင်ရန် NES ဦးစားပေး အမျိုးမျိုးအတွက် အလှူရှင်နှင့် ပုဂ္ဂလိက အစိုးရကဏ္ဍအဖွဲ့အစည်းကို လမ်းညွှန်ရန် တိကျသည့် အားထုတ်မှု ပြုလုပ်ရပါမည်။ ဆောင်ရွက်ရမည့်တာဝန်များတွင် လုပ်ငန်းရလဒ်များနှင့် အကောင်အထည်ဖော်မှုများ စောင့်ကြည့်ခြင်းတို့ ပါဝင်၍ တစ်ချိန်တည်းမှာပင် မဟာဗျူဟာ ဦးတည်ချက်များ ဖော်ဆောင်မှုမြှင့်တင်ပေးနိုင်သည့် ပေါ်လစီများ ထောက်ခံပေးခြင်း ပါဝင်ပါသည်။ အလုံးစုံတိုးတက်မှု အမြင်ဖြင့် ရန်ပုံငွေများအား စီမံခန့်ခွဲရန်နှင့် အလှူရှင်နှင့် ပါဝင်ဆောင်ရွက်သူများသို့ ပုံမှန်အစီရင်ခံရန် MTDC ကို အကောင်းဆုံးအပ်နှင်းထားပါသည်။ ထို့ပြင် MTDC သည် မဟာဗျူဟာတွင် ပြင်ဆင်ဖြည့်စွက်အကြံပြုခြင်းများအတွက် အဓိကအခန်းမှပါဝင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ပြောင်းလဲလာသည့် လိုအပ်ချက်များနှင့် ဆက်လက်လိုက်လျောညီထွေရှိစေမည်ဖြစ်သည်။

# ပြည်တွင်းပုဂ္ဂလိကဘဏ်များနှင့်နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးတို့၏ စာရင်းများ

# LIST OF PRIVATE DOMESTIC BANKS AND REPRESENTATIVE OFFICES OF FOREIGN BANKS

| | Private domestic banks | | Representative offices of foreign banks |
|---|---|---|---|
| 1 | Myanmar Citizens Bank Ltd | 1 | DBS Bank Ltd. (Singapore) |
| 2 | Co-operative Bank Ltd | 2 | United Overseas Bank Ltd. (Singapore) |
| 3 | First Private Bank Ltd | 3 | Oversea-Chinese Banking Corporation Ltd (Singapore) |
| 4 | Myawaddy Bank Ltd | 4 | Malayan Banking Berhad (Maybank) (Malaysia) |
| 5 | Yangon City Bank Ltd | 5 | Bangkok Bank Public Company Ltd (Thailand) |
| 6 | Yoma Bank Ltd | 6 | National Bank Ltd |
| 7 | Myanmar Oriental Bank Ltd | 7 | Brunei Investment and Commercial Bank |
| 8 | Tun Foundation Bank Ltd | 8 | First Overseas Bank Ltd |
| 9 | Kanbawza Bank Ltd | 9 | CIMB Bank Berhad |
| 10 | Small and Medium Industrial Development Bank | 10 | Sumitomo Mitsui Banking Corporation |
| 11 | Global Treasure Bank Public Ltd (Myanmar Livestock and Fisheries Development Bank Ltd) | 11 | The Bank of Tokyo-Mitsubishi UFJ, Ltd |
| 12 | Innwa Bank Ltd | 12 | Bank for Investment and Development of Viet Nam |
| 13 | Yadanar Pon Bank Ltd | 13 | AB Bank Ltd |
| 14 | Asia-Yangon Bank Ltd | 14 | Industrial and Commercial Bank of China Ltd |
| 15 | Rural Development Bank Ltd | 15 | Mizuho Corporate Bank Ltd (Japan) |
| 16 | Asia Green Development Bank Ltd | 16 | Siam Commercial Bank Public Company Ltd |
| 17 | Ayeyarwady Bank Ltd | 17 | MARUHAN Japan Bank PLC (Cambodia) |
| 18 | United Amara Bank Ltd | 18 | Krung Thai Bank Public Company Ltd (Thailand) |
| 19 | Myanmar Apex Bank Ltd | 19 | United Bank of India (India) |
| 20 | Naypyitaw Sibin Bank Ltd | 20 | Kasikornbank Public Company Ltd (Thailand) |
| 21 | Myanmar Small and Financial Bank | 21 | AEON Credit Service Company |
| 22 | Construction and Housing Development Bank | 22 | Hana Bank (Korea) |
| | | 23 | Woori Bank |
| | | 24 | ANZ Bank (New Zealand) |
| | | 25 | VietinBank |
| | | 26 | Korea Development Bank (Korea) |
| | | 27 | Standard Chartered Bank |
| | | 28 | Shinhan Bank (Korea) |
| | | 29 | Industrial Bank of Korea (Korea) |
| | | 30 | First Commercial Bank |
| | | 31 | E.SUN Commercial Bank, Singapore branch |
| | | 32 | Bank of India |
| | | 33 | Kookmin Bank |
| | | 34 | Export–Import Bank of India |

## အမျိုးသားပို့ကုန် မဟာဗျူဟာ(NES)၊ ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေးကဏ္ဍ မဟာဗျူဟာဦးတည်ချက်များ၊ လုပ်ငန်းရည်ရွယ်ချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများ

| မဟာဗျူဟာဦးတည်ချက်၁ ： ကုန်သွယ်မှုကိုလျင်မြန်ချောမွေ့စေရန်လိုအပ်သောခွင့်ပြုချက်၊ လမ်းညွှန်ချက် နှင့် ရှင်းလင်းချက် များကို ဆောလျင်စွာ ထုတ်ပြန် ဆောင်ရွက်သွားရန် | | | | | | | | |
|---|---|---|---|---|---|---|---|---|
| လုပ်ငန်းပိုင်း ဆိုင်ရာဦး တည်ချက် | ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ | ဦးစား ပေး အဆင့် ၁= မြင့် ၂=လတ် ၃=နိမ့် | အကျိုး ခံစား ခွင့်ရှိသူ များ | ဦးတည်သော အတိုင်းအတာ | ဦးဆောင်အ ကောင် အထည် ဖော် မည့် ဌာန/ အဖွဲ့ အစည်း | အထောက်အကူ ပေးမည့် ဌာန/အဖွဲ့ အစည်း | လက်ရှိစီမံကိန်း များနှင့်ရရှိ လာ နိုင်ချေရှိသည့် အထောက်အပံ့ များ | ခန့်မှန်း ကုန်ကျ စရိတ် (အမေရိ ကန် ဒေါ်လာ) |
| ၁.၁ ပို့ကုန် သွင်းကုန် ဆိုင်ရာ ငွေပေးချေမှု စည်းမျဉ်း များကို နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီ စေရန် ဆောင်ရွက်ခြင်း ဖြင့် ကုန်သွယ်မှုဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းကို ကူညီပံ့ပိုးပေးရန် | ၁.၁.၁ လက်ရှိ ဆောင်ရွက် နေသော ကြိုတင် ပေးငွေ(သို့) L.C. ခွင့်ပြုချက်များ မလိုအပ် ဘဲ ပို့ကုန် ခွင့်ပြုပေးခြင်း အတွက် ဘဏ္ဍာရေးဝန်ကြီး ဌာနမှ ညွှန်ကြားချက် ထုတ် ပေးရန်၊ မြန်မာနိုင်ငံသည် နိုင်ငံ တကာ စံချိန်စံညွှန်းအရ | ၂ | ပို့ကုန် လုပ်ငန်း ရှင်/ ကုန်ထုတ် လုပ်သူ များ | ၎င်းခွင့်ပြုချက် အတွက် ဗဟိုဘဏ်နှင့် ဘဏ္ဍာ ရေးဝန်ကြီး ဌာနမှ ရှင်းလင်းသော လမ်းညွှန်ချက် | ဘဏ္ဍာရေး ဝန်ကြီး ဌာန | စီးပွား/ကူးသန်း ဝန်ကြီး ဌာန၊ ကုန်သည်/စက်မှု အသင်းချုပ်၊ ဗဟိုဘဏ် | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ကုန်သွယ်မှုတွင် ဝင်ရောက်ဆောင်ရွက်နိုင်ပြီး လိုရာ ခရီးပန်းတိုင်ကို ဆောလျှင်စွာရောက်ရှိ နိုင်မည်။ | | | ထုတ်ပြန်ရန် | | | | |
| | ၁.၁.၂ နိုင်ငံတကာစီးပွားရေးလုပ်ငန်းစံနှုန်း များနှင့်အညီဖြစ်စေရန်၊ ကုမ္ပဏီများမှ တင်သွင်းလာသော ရင်းနှီးကုန်ပစ္စည်းများအပေါ် ရောင်းချသူ နိုင်ငံခြားသားများသို့ စက်မှုလုပ်ငန်း စံနှုန်းဆိုင်ရာ ကြိုတင်ငွေ ပေးခြင်းကို၊ ဗဟိုဘဏ်မှခွင့်ပြုသည့် ညွှန်ကြားချက်ထုတ်ပေးရမည်။ | ၃ | ပို့ကုန်/ သွင်းကုန် လုပ်ငန်းရှင်/ ကုန်ထုတ်လုပ်သူများ | ၎င်းခွင့်ပြုချက်အတွက် ဗဟိုဘဏ် မှ ရှင်းလင်းသော လမ်းညွှန်ချက်ထုတ်ပြန်ရန် | ဗဟိုဘဏ် | ကူးသန်းရောင်းဝယ်မှု ဘဏ်များအားလုံး | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁.၂ ပို့ကုန်လုပ်ငန်းရှင်များအား. နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်မည့် ကုန်သွယ်မှု ဆိုင်ရာ ဘဏ္ဍာငွေကြေးထောက်ပံ့ရေး ယန္တရားနှင့်ဆောင်ရွက်မှုများဖြင့် ပို့ကုန်တင်ပို့မှုကို အားပေး မြင့်တင်ရန်၊ | ၁.၂.၁ နိုင်ငံတကာ စီးပွားရေး လုပ်ဆောင်ရာတွင်ပို့ကုန်လုပ်ငန်းရှင်များစွန့်စားဆုံးရှုံးရမှုများ သက်သာ လျော့ပေါ့စေမည့် နည်းလမ်းတစ်ရပ်ဖြစ်သည့် ကုန်သွယ်မှုကြွေးမြီအာမခံ စနစ်ပံ့ပိုးပေးရန်ပုဂ္ဂလိကဘဏ်များမှ တင်ပြတောင်းခံမှုကို ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဆိုင်းငံ့ထားခြင်းအတွက် အတည်ပြုထုတ်ပြန် ပေးရန်။ | ၂ | ပို့ကုန်/ သွင်းကုန် လုပ်ငန်း ရှင်/ကုန် ထုတ်လုပ် သူများ | နှစ်ခု (သို့) ပိုမိုသော ဘဏ္ဍာရေးအဖွဲ့အစည်းများမှ ချေးငွေ အာမခံ လုပ်ငန်းအား ကမ်းလှမ်းမှုပြု ခြင်း | ဘဏ္ဍာရေး ဝန်ကြီး ဌာန | ဗဟိုဘဏ်၊အာမခံ ကုမ္ပဏီများ၊ ဘဏ္ဍာရေးအဖွဲ့ အစည်း များ၊ ပို့ကုန် /သွင်းကုန် လုပ်ငန်းရှင်များ | ယခုနိုင်ငံခြား သုံးငွေ စီမံခန့်ခွဲမှု စည်းမျဉ်း မူကြမ်းအသစ် ရေးဆွဲပြီး | - |
| | ၁.၂.၂ ငွေရေးကြေးရေး အဖွဲ့အစည်းများသို့ Back to Back L.C. နှင့် အခြား ကုန်သွယ်မှု ဆိုင်ရာငွေကြေးဝန်ဆောင်မှုပုံစံများဖြင့် ဆောင်ရွက်မှုများ အပေါ် လိုအပ်သည့် စည်းမျဉ်းများ ရှင်းလင်းစွာသိရှိစေရန် ညွှန်ကြားချက်ထုတ်ပေးရမည်။ (အချို့ဘဏ်များအား ၂၀၁၁ ခုနှစ်ကပင် လိုင်စင်ထုတ် | ၂ | ကူးသန်း ရောင်း ဝယ်ရေး ဘဏ်များ အားလုံး၊ ပို့ကုန်/ သွင်းကုန် လုပ်ငန်း ရှင်များ၊ ကုန်ထုတ် | နှစ်ခု (သို့) ပိုမိုသော ဘဏ်များမှ Back to Back L.C အား အသုံးပြုခြင်း | ဗဟိုဘဏ် | ကူးသန်းရောင်း ဝယ်မှု ဘဏ် များအား လုံး၊ကုန်စည် ထောက်ပံ့ပို့ ဆောင်ရေး နှင့် သဘော်ာ လိုင်း အေဂျင်စီ များ၊ အာမခံကုမ္ပဏီ များ၊ အရည် | ယခုနိုင်ငံခြား သုံးငွေ စီမံခန့်ခွဲမှု စည်းမျဉ်း မူကြမ်းအသစ် ရေးဆွဲပြီး | မရှိပါ။ (သို့သော် လေ့ကျင့်မှု များ အ တွက် လမ်း ညွှန်မှု ပေး ရန် နည်း ပညာအကူ အညီ လို အပ် ငွေ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ပေးပြီးသော်လည်း လမ်းညွှန်ချက်များစောင့်ဆိုင်းနေရဆဲဖြစ်သည်။) | | လုပ်သူများ | | | အသွေးစစ်အေဂျင်စီများ၊ ဆိပ်ကမ်းရှင်းလင်းရေးအေဂျင်စီများ | | ၁၀၀၀၀၀) |
| ၁.၂.၃ နိုင်ငံခြားဘဏ်များ တည်ထောင် လုပ်ကိုင်ရန် လိုအပ်သော ရှင်းလင်းသည့် လမ်းညွှန်မှုများပေးခြင်းဖြင့် မြန်မာပို့ကုန်လုပ်ငန်းရှင်များသို့ ချေးငွေရယူနိုင်သည့် ဇစ်မြစ်များ၊ ချေးငွေအတိုင်းအတာနှင့် ချေးငွေရရှိနိုင်သည့် ကာလ အခွင့်သာမှုတို့ တိုးမြင့်ပေး ရန်။ | ၃ | နိုင်ငံခြားဘဏ်များ၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်၊ ကူးသန်းရောင်းဝယ်ရေးဘဏ်များအားလုံး | နှစ်ခု (သို့) ပိုမိုသော နိုင်ငံခြားဘဏ်များမှ ချေးငွေရရှိမှု | ဗဟိုဘဏ် | ရှေ့နေချုပ်ရုံး၊ လွှတ်တော်၊ | ယခု ငွေရေးကြေးရေးအဖွဲ့ အစည်းများ ဥပဒေမူကြမ်းသစ်ရေးဆွဲပြီး | မရှိပါ။ (သို့သော် လေ့ကျင့်မှုများ အတွက် လမ်းညွှန်မှုပေးရန် နည်း ပညာအကူအညီ လိုအပ်ငွေ ၁၀၀၀၀၀) |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁.၃ ဘဏ္ဍာရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယင်းကဏ္ဍနှင့် စပ်လျဉ်း သည့်ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုများကိုပိုမိုပွင့်လင်းမြင်သာမှုရှိရန် နှင့် အကျိုးရှိစေရေး ပံ့ပိုး ဆောင်ရွက်ရန်၊ | ၁.၃.၁ ဗဟိုဘဏ်မှ အထူးသဖြင့် ကုန်သွယ်မှုဆိုင် ရာ ငွေကြေးဝန်ဆောင်မှုစနစ်များ နှင့် ဘဏ် ခွဲသစ်များ ဖွင့်လှစ်ခြင်းကဲ့သို့သော ဘဏ္ဍာ ရေး လုပ်ငန်းဆောင်ရွက်ချက်အသစ်များ အတွက် ခွင့်ပြုချက် ပေးရမည့် လုပ်ငန်းစဉ်များတွင် ဗဟိုမှဦးစီးချုပ်ကိုင်မှု လျှော့ချပေးရမည်။ ဘဏ်သို့ လာရောက်သူများ၏ တောင်းဆိုမှုကို အသင့်ပြင်ဆင်ထားသော ဘဏ်လုပ်ငန်း လုပ်ဆောင်ချက်များနှင့်အတူ ပိုမိုမြန်ဆန်စွာ တုံ့ပြန်ပေးနိုင်ခြင်းသည် ဘဏ်လုပ်ငန်းကဏ္ဍကို နိုင်ငံတကာနှင့် ပြိုင်ဆိုင်နိုင်စွမ်းကို ပို၍ ခိုင်မာအားကောင်းစေမည်ဖြစ်သည်။ | ၂ | ကူးသန်းရောင်းဝယ်မှု ဘဏ် များ အားလုံး | လုပ်ငန်းဆောင်ရွက်မှု ကြာချိန်အား ၇၅ ရာခိုင်နှုန်း လျှော့ချနိုင်ရန် | ဗဟိုဘဏ် | ကူးသန်းရောင်းဝယ်မှုဘဏ်များ အားလုံး | ယခု ငွေရေး ကြေးရေးအဖွဲ့ အစည်းများ ဥပဒေမူကြမ်း သစ် ရေးဆွဲပြီး | မရှိပါ။ (သို့သော် လေ့ကျင့်မှုများ အတွက် လမ်းညွှန်မှုပေးရန် နည်း ပညာ အကူအညီ လိုအပ်ငွေ ၁၀၀၀၀၀) |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁.၃.၂ ဗဟိုဘဏ်၏ သတင်းအချက်အလက်ဝင်ပေါက် စနစ်ဖြစ်သည့် Call centre၊ ဝက်ဘ်ဆိုဒ်နှင့်အလိုအလျောက် လုပ်ငန်း လည်ပတ် ဆောင်ရွက်ခြင်း စနစ်သစ်များကို တည်ထောင်ခြင်း သို့မဟုတ် တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် အုပ်ချုပ်မှုစည်းမျဉ်းပိုင်း မရေရာမှုများကို လျော့ချနိုင်ပြီး သို့မှသာ ငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် လျင်မြန်စွာ ပြောင်းလဲ တိုးတက်နေသော စည်းမျဉ်းမူဘောင်ဆိုင်ရာ ခေတ်မီ သတင်း အချက်အလက်များ ရရှိနိုင်မည် ဖြစ်သည်။ | ၂ | ပို့ကုန်/ သွင်း ကုန် လုပ်ငန်းရှင်/ ကူးသန်းရောင်းဝယ်မှု ဘဏ်များအားလုံး, | one-stop သတင်းအချက်အလက် ဗဟိုဌာန တည်ထောင်နိုင်ရန် | ဗဟိုဘဏ် | ကူးသန်းရောင်းဝယ်မှုဘဏ်များ အားလုံး, | | ၃၅၀၀၀၀ |
| ၁.၃.၃ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့ စာရင်းကိုင်သင်တန်းကျောင်းမှ နိုင်ငံတကာ စံချိန် | ၂ | ပို့ကုန်/ သွင်းကုန် လုပ်ငန်း | အရည်အချင်းပြည့်ဝ သောလက်မှတ်ရ | စာရင်းစစ်ချုပ်ရုံး | မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့ စာရင်းကိုင် | | ၁၅၀၀၀၀ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| စံညွှန်းနှင့်အညီ သင်တန်းများ နှင့်နည်းစနစ်ပိုင်းများ အကောင် အထည်ဖော်ခြင်းဖြင့် လုပ်ကိုင် ခွင့် လက်မှတ်များ ထုတ်ပေး ခြင်း အလေ့အကျင့်များကို မြှင့်တင်ဆောင်ရွက်ရန်၊ သို့မှသာ မလိုလား အပ်သော စွန့်စားဆုံးရှုံးမှုများကို လျော့ချ နိုင်ပြီး ငွေကြေး ရရှိနိုင်မှု အခွင့် အလမ်းများ တိုးတက်လာ မည်ဖြစ်သည်။ | | ရှင် များ နှင့် ငွေရေး ကြေးရေး အဖွဲ့ အစည်း များ | ပြည်သူ့စာရင်း ကိုင်များ ဖြင့် ဘဏ်လုပ်ငန်း ကဏ္ဍအပေါ် စိတ်ကျေနပ်မှု ရှိခြင်း | | သင်တန်းကျောင်း ကူးသန်းရောင်း ဝယ်မှု ဘဏ်များ အားလုံးနှင့် ငွေရေးကြေးရေး အဖွဲ့အစည်း များ၊ ကုန်သည်/စက်မှု အသင်းချုပ် | | |

**မဟာဗျူဟာဦးတည်ချက် ၂ ။ ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေးဆိုင်ရာဥပဒေ၊စည်းမျဉ်းများနှင့်အဖွဲ့အစည်းပိုင်းဆိုင်ရာမူဘောင်များကို ပြန်လည် သုံးသပ်ပြီး ခေတ်နှင့် အညီဖြစ်စေရန်**

| လုပ်ငန်းပိုင်းဆိုင်ရာဦးတည်ချက် | ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ | ဦးစားပေးအဆင့် ၁=မြင့် ၂=လတ် ၃=နိမ့် | အကျိုးခံစားခွင့်ရှိသူ | ဦးတည်သောအတိုင်းအတာ | ဦးဆောင်အကောင်အထည်ဖော်မည့်ဌာန/အဖွဲ့အစည်း | အထောက်အကူပေးမည့် ဌာန/အဖွဲ့အစည်း | လက်ရှိစီမံကိန်းများနှင့်ရရှိလာနိုင်ချေရှိသည့်အထောက်အပံ့များ | ခန့်မှန်းကုန်ကျစရိတ် (အမေရိကန်ဒေါ်လာ) |
|---|---|---|---|---|---|---|---|---|
| ၂.၁ ငွေဖြစ်လွယ်မှု (liquidity)ကို ကန့်သတ်ထားသည့် စည်းမျဉ်းများကို ဖြေလျှော့ပေးရန် | ၂.၁.၁ မြန်မာထုတ်ကုန်လုပ်ငန်းရှင်များ၊ နိုင်ငံတကာ ဈေးကွက်တွင် ယုံကြည်စိတ်ချစွာ ယှဉ်ပြိုင်နိုင်ရန် နိုင်ငံခြားငွေ လဲလှယ်မှုတွင် ဆုံးရှုံးမှုများလျှော့ပါးစေသည့် Swaps, Forwards, Futures, Option စသည့် ငွေရေးကြေးရေးကိရိယာများဖြင့် လုပ်ပိုင်ခွင့်ရှိသော ဘဏ်များ မှ နိုင်ငံခြား ငွေကြေးဈေးကွက် တည်ထောင်လုပ်ကိုင်ရန် စည်းမျဉ်းများနှင့် ဗဟိုဘဏ်မှ ညွှန်ကြားချက်များကို ထုတ်ပေးရန်။ | ၁ | ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်များ၊ ကူးသန်းရောင်းဝယ် မှုဘဏ်များ အားလုံးနှင့် ပြည်သူများ | ပုဂ္ဂလိက ဘဏ်နှစ်ခုမှ (၂)ခု(သို့မဟုတ်) ပိုမိုသော နိုင်ငံခြားငွေကြေး ဈေးကွက်တွင် ပါဝင်ဆောင်ရွက်မှုရှိခြင်း | ဗဟိုဘဏ် | ကူးသန်းရောင်းဝယ်မှုဘဏ်များ အားလုံး | | မရှိပါ။ (သို့သော် လေ့ကျင့်မှုများ အတွက် လမ်းညွှန်မှုပေး ရန် နည်းပညာအကူအညီ လိုအပ် ငွေ ၁၀၀၀၀၀) |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂.၁.၂ ငွေရေးကြေးရေးစနစ်အရ ငွေဖြစ်လွယ်မှု နှင့် ဆက်လက်၍ လုပ်ငန်းများသို့ ငွေချေးခြင်းလုပ်ငန်းများကို အကောင်းဆုံး တိုးတက်စေရန်အတွက် ဘဏ်အချင်းချင်း ငွေချေးမှုနှင့်ပတ်သက်၍ ဗဟိုဘဏ်၏ ညွှန်ကြားချက်များကို ရှင်းလင်းပြည့်စုံစွာ ထုတ်ပြန်ပေးရန်။ | ၁ | ကူးသန်းရောင်းဝယ်ရေးဘဏ်များအားလုံး | ဘဏ်အချင်းချင်း ငွေချေးငှားမှု သုံးဆပြုလုပ်နိုင်ခြင်း | ဗဟိုဘဏ် | ကူးသန်းရောင်းဝယ်ရေးဘဏ်များအားလုံး | | မရှိပါ။ (သို့သော် လေ့ကျင့်မှုများ အတွက် လမ်းညွှန်မှုပေး ရန် နည်းပညာအကူအညီ လိုအပ် ငွေ ၁၀၀၀၀၀) |
| ၂.၁.၃ အဓိကပို့ကုန်တင်ပို့နေသည့်နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ပုဂ္ဂလိကဘဏ်တွင် ငွေအပ်နှံခြင်းကို ခွင့်ပြု ပေးနိုင်ရန်အတွက် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန၏ ညွှန်ကြားချက် အမှတ် ၁၅/၂၀၁၂ကို လျှော့ပေါ့ ပေးကာ ပုဂ္ဂလိကဘဏ်များ နိုင်ငံခြား ငွေကြေးလုပ်ငန်းပိုမို လုပ်ကိုင်နိုင်ရေး ပံ့ပိုး ပေးရန် | ၂ | ကူးသန်းရောင်းဝယ်ရေးဘဏ်များအားလုံး | သစ် သို့မဟုတ် တွင်းထွက်ကျောက် မျက်များတင်ပို့သည့် နိုင်ငံပိုင်လုပ်ငန်းများမှ ပုဂ္ဂလိကဘဏ်များတွင် ငွေအပ်နှံ ခြင်း | ဗဟိုဘဏ် | ကူးသန်းရောင်းဝယ် ရေး ဘဏ်များ အားလုံးနှင့် နိုင်ငံပိုင်လုပ်ငန်းများ | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၂.၂ လိုအပ်နေသောဥပဒေနှင့် စည်းမျဉ်း များကို ရေးဆွဲပြဋ္ဌာန်း ရန်၊ | ၂.၂.၁ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးဆိုင် ရာ ဥပဒေများ အမြန် ချမှတ်ဖော်ဆောင် ရာတွင် အလုံးစုံပါဝင်သော စနစ်တစ်ရပ် အကောင် အထည်ဖော်ရန် | ၂ | ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင် များ၊ ကူးသန်းရောင်းဝယ်ရေး ဘဏ်များအားလုံး | အစိုးရ-ပုဂ္ဂလိက ဆွေးနွေးပွဲဖိုရမ် များနှင့်လုပ်ငန်း အဖွဲ့များမှ ဘဏ္ဍာရေးနှင့် ကုန်သွယ်ရေး ဥပဒေများ အပေါ်တွင် သဘောထား မှတ်ချက်များ ပုံမှန်ပြုလုပ်ရန် | စီးပွား/ကူးသန်း ဝန်ကြီးဌာန၊ | ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံး၊ ဗဟိုဘဏ်၊ ကူးသန်းရောင်းဝယ်မှုဘဏ်များ အားလုံး | | |
| | ၂.၂.၂ မြန်မာနိုင်ငံငွေရေးကြေးရေး အဖွဲ့ အစည်းများ ဥပဒေကို ဘဏ္ဍာရေး ကဏ္ဍတွင် အခြေခံဥပဒေရေးရာမူဘောင် များ တိုးတက် လာစေရေး ပံ့ပိုးပေးခြင်းဖြင့် လျင်မြန်စွာ ပေါ်ထွက်လာနိုင်ရေး ဆောင် ရွက်ရန် | ၁ | ကူးသန်းရောင်းဝယ်ရေးဘဏ်များ အားလုံးနှင့် ငွေကြေးအဖွဲ့ အစည်းများ | ထုတ်ပြန်ထားသော ဥပဒေနှင့် အကောင် အထည် ဖော်နေသော စည်းမျဉ်းများကို လူထုသို့ အသိပေး ကြေငြာရန် | ဗဟိုဘဏ် | ကူးသန်းရောင်းဝယ်ရေး ဘဏ်များ အားလုံး နှင့် ရှေ့နေချုပ်ရုံး၊ လွှတ်တော်၊ ငွေကြေးအဖွဲ့ အစည်းများ | ကမ္ဘာ့ဘဏ် နည်းပညာ အကူအညီပေးမှု အစီအစဉ် | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂.၂.၃ SMEs ဥပဒေဖြင့် ပြည်သူ့ ရေးရာ မူဝါဒကိုရှင်းလင်းစွာ ဖော်ပြ၍ SMEs လုပ်ငန်းများကို အထောက်အပံ့ဖြစ်စေပြီး ၄င်းတို့ အတွက် ဆုံးရှုံးမှု နည်းစေပြီး ချေးငွေပိုမိုရရှိနိုင်ရေး ဆောင် ရွက်ရန်။ | ၁ | SMEs များ | ထုတ်ပြန်ထား သော ဥပဒေ နှင့်အကောင် အ ထည်ဖော်နေ သော စည်း မျဉ်းများကို လူထု သို့အသိ ပေးကြော်ငြာရန် | စက်မှုဝန် ကြီး ဌာန | သမဝါယမ ဝန်ကြီးဌာန၊ အစိုးရဝန်ကြီး ဌာနများ၊ ကုန်သည်ကြီး များအသင်းနှင့် နိုင်ငံတကာ NGOs | ဆောင်ရွက်နေ ဆဲ | မရှိပါ။ (သို့သော် လေ့ကျင့်မှု များ အတွက် လမ်းညွှန်မှု ပေး ရန် နည်းပညာ အကူအညီ လို အပ် ငွေ ၁၀၀၀၀၀) |
| ၂.၂.၄ မြန်မာကုမ္ပဏီအက်ဥပဒေ(၁၉၁၄)ကို ခေတ်နှင့်အညီ ရေးဆွဲရန် | ၁ | ပို့ကုန်/သွင်း ကုန် လုပ်ငန်း ရှင်များ | ထုတ်ပြန်ထား သော ဥပဒေနှင့် အကောင် အထည် ဖော် နေသော စည်း မျဉ်းများကို လူထု သို့အသိ ပေးကြော်ငြာရန် | ရင်းနှီး မြှုပ်နှံမှု နှင့် ကုမ္ပဏီ များ ညွှန်ကြား မှု ဦးစီး ဌာန | ရှေ့နေချုပ်ရုံး၊ အစိုးရဝန်ကြီး ဌာနများ၊ ကုန်သည်ကြီး များအသင်းနှင့် NGOs | ဥပဒေတည်ရှိပြီး သော် လည်း ခေတ်နှင့်အညီ ပြုပြင်ရေးဆွဲရန် လိုအပ် နေသည် | မရှိပါ။ (သို့သော် လေ့ကျင့်မှု များ အ တွက်လမ်း ညွှန်မှုပေး ရန် နည်း ပညာ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | (DICA) | | | အကူအညီ လိုအပ်ငွေ ၁၀၀၀၀၀) |
| ၂.၂.၅ငွေထုတ်ချေးသူနှင့် ချေးယူသူများကို အကာအကွယ်ပေးသည့် ခေတ်မီသည့် နည်းလမ်းများနှင့် ကြိုတင်ခန့်မှန်းနိုင်မှုများ ပံ့ပိုးပေးရန်အတွက် လူမွဲစာရင်းခံခြင်း ဥပဒေကို ခေတ်နှင့်အညီ ပြန်လည် ရေးဆွဲ၍ ငွေထုတ်ချေးခြင်း လုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ရန် | ၁ | ငွေရေးကြေး ရေး အဖွဲ့ အစည်း များ နှင့်ပြည်သူ များ | ထုတ်ပြန်ထား သော ဥပဒေနှင့် အကောင် အထည် ဖော်နေသော စည်းမျဉ်းများကို လူထု သို့အသိပေး ကြေငြာ ရန် | ရင်းနှီး မြှုပ်နှံမှု နှင့် ကုမ္ပဏီ များ ညွှန်ကြား မှု ဦးစီး ဌာန (DICA) | ရှေ့နေချုပ်ရုံး၊ အစိုးရဝန်ကြီး ဌာနများနှင့် သက်ဆိုင်ရာ ဥပဒေ ဝန်ဆောင်မှုလုပ် ငန်းများ | | မရှိပါ။ (သို့သော် လေ့ကျင့်မှု များ လမ်း ညွှန်မှု ပေး ရန် နည်း ပညာ အကူအညီ လိုအပ် ငွေ ၁၀၀၀၀၀) |
| ၂.၂.၆ အာမခံလုပ်ငန်းဥပဒေကို ပြန်လည် သုံးသပ်ရန် . | ၂ | ပို့ကုန်/ သွင်းကုန် လုပ်ငန်းရှင် | Public-private dialogue forum နှင့် | မြန်မာ့ အာမခံ လုပ်ငန်း | ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ပုဂ္ဂလိကအာမခံ | ဥပဒေတည်ရှိ ပြီးသော် လည်း ခေတ်နှင့်အညီ | မရှိပါ။ (သို့သော် |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | များ၊ ပြည်သူများ | လုပ်ငန်းအဖွဲ့ များ | | ကုမ္ပဏီ များ၊ ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်များ | ပြုပြင်ရေးဆွဲ ရန် လိုအပ် နေသည် | လေ့ကျင့်မှု များ အတွက် လမ်းညွှန်မှု ပေး ရန် နည်း ပညာ အကူအညီ လိုအပ် ငွေ ၁၀၀၀၀၀) |
| ၂.၂.၇ နိုင်ငံတကာကုန်သွယ်မှုတွင် မြန်မာနိုင်ငံ၏ ပါဝင်ဆောင်ရွက်မှု အားကောင်းခိုင်မာလာစေရန် နိုင်ငံတော်အဆင့် ပို့ကုန်၊ သွင်းကုန်ဘဏ် (EXIM Bank)တည်ထောင်ရေး အတွက် ဥပဒေတစ်ရပ် ပြဋ္ဌာန်းရန် | ၁ | ပို့ကုန်/ သွင်း ကုန် လုပ်ငန်းရှင် များ၊ စားသုံးသူများ၊ ကူးသန်း ရောင်းဝယ် | EXIM Bank တစ်ခု အနည်းဆုံး တည်ထောင် နိုင်ခြင်း | လွှတ် တော် | ဗဟိုဘဏ်၊ ဘဏ္ဍာရေး ဝန်ကြီးဌာန၊ စီးပွား/ကူးသန်း ဝန်ကြီး ဌာန၊ ကူးသန်း ရောင်း ဝယ်ရေး ဘဏ် | | မရှိပါ။ (သို့သော် လေ့ကျင့်မှု များ အတွက် လမ်းညွှန်မှု ပေးရန် |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ရေးဘဏ် များ အားလုံး | | | များ အားလုံး | | နည်းပညာ အကူအညီ လိုအပ်ငွေ ၁၀၀၀၀၀) |
| | ၂.၂.၈ စားသုံးသူအကာအကွယ်ပေးရေး အေဂျင်စီ ဖွဲ့စည်းရန်လက်ရှိတွင် ရှေ့နေချုပ်ရုံး နှင့် ပထမအဆင့် ဥပဒေပြုရေးကိစ္စ ဆောင်ရွက်လျက်ရှိပြီး အဆိုပါအေဂျင်စီ သည် ဘဏ္ဍာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက် ရန်ကဲ့သို့ပင် လူမှု တာဝန်ဝတ္တရားအတွက် အရေးကြီး လုပ်ဆောင်ရမည့်နည်းလမ်း တစ်ခုဖြစ်သည်။ | ၂ | ပို့ကုန်/ သွင်းကုန် လုပ်ငန်းရှင် နှင့် စားသုံးသူများ | စားသုံးသူ အကာအကွယ် ပေးရေးအေဂျင် စီ တစ်ခု ဖွဲ့စည်း တည်ထောင် ရန် | ရှေ့နေ ချုပ်ရုံး | စီးပွား/ကူးသန်း နှင့် ဘဏ္ဍာရေး အဖွဲ့ အစည်း များ အားလုံး | ဆောင်ရွက်နေ ဆဲ | |
| ၂.၃ ပိုမို ကောင်းမွန် သော Risk Manageme -nt စနစ် နှင့် | ၂.၃.၁ လက်မှတ်ရ ပြည်သူ့စာရင်း ကိုင်များ အား ကွပ်ကဲ ကြီးကြပ်နိုင်ရန်စည်းမျဉ်း မူဘောင်နှင့် အဖွဲ့အစည်းများ ခိုင်မာ တောင့်တင်းရေးဆောင်ရွက်ရန် | ၃ | ကူးသန်း ရောင်း ဝယ်ရေးဘဏ် များ အားလုံး | လက်ရှိစည်း မျဉ်း မူဘောင် အား MICPA အဖွဲ့၏ အကူ အညီဖြင့် ပြန်လည် | စာရင်းစစ် ချုပ်ရုံး | မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်း ကိုင်များအသင်း၊ ဘဏ္ဍာရေး အဖွဲ့အစည်းများ | | ၂၀၀၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| လုပ်ငန်းဆောင်ရွက်ချက်များဖြင့် ထိရောက်ပြီး ခေတ်မီ အဆင့်မြင့်သည့် ငွေကြေးဈေးကွက်တစ်ခု တည်ထောင်တိုးမြင့်ဆောင်ရွက်ရန်။ | | | | သုံးသပ်အဆင့်မြှင့်တင်မှုများ ပြုလုပ်ရန် | | အားလုံး | | |
| | ၂.၃.၂ အပေါင်စာချုပ်နှင့်ပိုင်ဆိုင်ခွင့်များအတွက် ရှာဖွေနိုင်သော ခေါင်းစဉ်အချက်အလက်များနှင့်online မှတ်ပုံတင်ခြင်း တို့ကို ပြုလုပ်ဆောင်ရွက်ရန်၊ သို့ မှသာ ငွေထုတ်ချေးသူများအနေဖြင့် အာမခံ အပေါင်ပစ္စည်းကို အတည်ပြုနိုင်မည် ဖြစ်သည်။ | ၁ | ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်များ၊ ပြည်သူများ | အပေါင်စာချုပ်နှင့် ပိုင်ဆိုင်ခွင့်များအတွက် online မှတ်ပုံတင်ခြင်း တည်ထောင်ရန်။ | အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန (MOHA) | ရန်ကုန်စည်ပင်၊ မန္တလေးစည်ပင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန (အိုးအိမ်)၊ လယ်/ဆည် ဝန်ကြီးဌာန (ကြေးတိုင်နှင့် မြေစာရင်း) | | ၂၀၀၀၀၀၀ |
| | ၂.၃.၃ ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ချေးယူသူများကိုရွေးချယ်ရာတွင် ပိုမို စိတ်ချယုံကြည်မှု ပေးနိုင်ရန် ချေးငွေရရှိနိုင်မှု အကဲဖြတ် ဗျူရိုအဖွဲ့ (Credit Rating Bureau) အကောင်အထည်ဖော် ဖွဲ့စည်းရန် | ၁ | ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်များ | အနည်းဆုံးစီးပွားရေး လုပ်ငန်း၊ တစ်သန်းခန့် အတွက် စိတ်ချယုံကြည် | ဗဟိုဘဏ် | ကူးသန်းရောင်းဝယ်မှု ဘဏ်များအားလုံး၊ စီးပွား/ကူးသန်း၊ အကောက်ခွန်ဦးစီးဌာန | စီမံချက်ရှိသော်လည်း အကောင်အထည်ဖော်နိုင်မှု မသေချာခြင်း | ၂၀၀၀၀၀၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | ရသော ချေးငွေ<br>ရယူနိုင်မှု<br>အဆင့်<br>သတ်မှတ်<br>အကဲဖြတ်မှု<br>ရရှိနိုင်ရန် | | | | |

| မဟာဗျူဟာဦးတည်ချက် ၃း နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းအားရှိစေရန်အတွက် ကျွမ်းကျင်မှုနည်းပညာနှင့်အခြေခံအဆောက်အအုံများ ပံ့ပိုးရရှိရန်၊ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| လုပ်ငန်းပိုင်းဆိုင်ရာဦးတည်ချက် | ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ | ဦးစားပေးအဆင့် ၁=မြင့် ၂=လတ် ၃=နိမ့် | အကျိုးခံစားခွင့်ရှိသူ | ဦးတည်သောအတိုင်းအတာ | ဦးဆောင်အကောင်အထည်ဖော်မည့် ဌာန/အဖွဲ့အစည်း | အထောက်အကူပေးမည့်ဌာန/အဖွဲ့အစည်း | လက်ရှိစီမံကိန်းများနှင့် ရရှိလာနိုင်ချေရှိသည့် အထောက်အပံ့ များ | ခန့်မှန်းကုန်ကျစရိတ် (အမေရိကန်ဒေါ်လာ) |
| ၃.၁ ပို့ကုန်လုပ်ငန်းရှင်များ ၏ ဘဏ္ဍာ ငွေကြေး ရနိုင်မှုနှင့် ပတ်သက်ပြီး အဆင့်သတ်မှတ်ခြင်းနှင့် အ သုံးပြု | ၃.၁.၁ စီးပွား/ကူးသန်းမှုပြုလုပ်သော ငွေလွှဲစာတမ်း (L/Cs) သင်တန်းအား လက်ရှိ ရန်ကုန်တွင် ၃လမှ၆လ သင်တန်းများအဖြစ် ဆောင်ရွက်ပေးနေခြင်းကို အကြိမ် အရေ အတွက်နှင့် သင်တန်း နေရာများအား တိုးမြင့်ပေးရန်၊ တိုက်ရိုက် (သို့) အကျိုးတူ ပူးပေါင်းသူများ နှင့် သင်တန်းဆရာများမှ သင်တန်းပေးခြင်း တို့ဖြင့် တိုးမြှင့် ဆောင်ရွက်ပေးရန်။ | ၁ | ပို့ကုန်/ သွင်းကုန် လုပ်ငန်းရှင် များ | တစ်နှစ်လျှင် လူဦးရေ ၃၀၀၀ အား သင်တန်း ပေးရန် | စီးပွား/ ကူးသန်း ဝန်ကြီးဌာန | ကုန်သည်/စက်မှု အသင်းချုပ်နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံဘဏ် များအသင်း (MBA)၊<br><br>သက်ဆိုင်ရာ အစိုးရဝန်ကြီး | သင်တန်း အစီအစဉ် အနည်း ငယ်သာ ဆောင် ရွက်နိုင် သေးသည်၊ | ၁၅၀၀၀ (ဘာသာ ရပ်တစ်ခု လျှင် ပြည် တွင်းဆရာ ဖြင့် လူ ၅၀ ဦး သင် ကြား မည့် တစ်ပတ် သင်တန်း |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ခြင်း ဆိုင်ရာ အသိ ပညာ ဗဟု သုတ များတိုးမြင့် ရေး ဆောင် ရွက်ရန် | | | | | | ဌာန များအားလုံး | | အတွက်) |
| | ၃.၁.၂ ဦးစားပေးကဏ္ဍများရှိ SMEsများအား ပြည့်စုံ ကောင်းမွန်သော စာရင်း မှတ်တမ်း နှင့်ယုံကြည်စိတ်ချရသော ဘဏ္ဍာရေးစာရင်း ရှင်းတမ်းများ ထားရှိရေး သင်တန်းပေးရန်၊ သို့မှသာ SMEsများတွင် ဘဏ္ဍာရေးဆိုင်ရာ အရည်အသွေးများ တိုးတက်ကောင်းမွန် လာနိုင်မည်၊ | ၁ | SMEs နှင့် ပို့ကုန်/သွင်း ကုန် လုပ်ငန်း ရှင်များ | တစ်နှစ်လျှင် လူဦးရေ ၃၀၀၀ အား သင်တန်း ပေးရန် | ကုန်သည်/ စက်မှုအသင်း ချုပ် | မြန်မာနိုင်ငံလက် မှတ်ရ ပြည်သူ့ စာရင်းကိုင်များ အသင်း၊ စက်မှု ဝန်ကြီးဌာန၊ သမဝါယမဝန်ကြီး ဌာန၊ ဘဏ္ဍာရေးအဖွဲ့ အစည်းများ အားလုံး | သင်တန်း အစီအစဉ် အနည်း ငယ်သာ ဆောင် ရွက်နိုင် သေးသည်၊ | ၁၅၀၀၀ (ဘာသာ ရပ်တစ်ခု လျှင် ပြည် တွင်းဆရာ ဖြင့် လူ ၅၀ ဦး သင် ကြား မည့် တစ်ပတ် သင်တန်း အတွက်) |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၃.၂ ဗဟိုဘဏ်နှင့် ကူးသန်းရောင်း ဝယ်ရေး ဘဏ်များ၏စာရင်း အချက်အလက် အစီရင်ခံခြင်း၊ မှတ် တမ်း ထိန်းသိမ်းခြင်း စနစ်များ ကို အဆင့်မြှင့် ဆောင်ရွက်ရန် | ၃.၂.၁ ဗဟိုဘဏ်နှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် များ၏ လုပ်ငန်းများထိရောက်မှုရှိစေရန် နှင့် Customer ဝန်ဆောင်မှုပိုင်းမြှင့်တင်ရေး နည်းလမ်း တစ်ရပ်အနေဖြင့် စက္ကူဖိုင် မှတ်တမ်းများသုံးသည့်စနစ်အစား Electronic data အချက်အလက် များ တင်ပြခြင်းနှင့် မှတ်တမ်း ထိန်းသိမ်းခြင်း စနစ်များအသုံးပြုရန်တွန်းအားပေးဆောင်ရွက်ရမည်။ | ၁ | ဗဟိုဘဏ်၊ ကူးသန်း ရောင်း ဝယ်ရေးဘဏ် များ အားလုံး | ဗဟိုဘဏ်နှင့် ကူးသန်း ရောင်းဝယ်ရေး ဘဏ်များ၏ ၅၀%တွင် electronic စနစ်အား အပြည့်အဝ အသုံးချရန် | ဗဟိုဘဏ် | ကူးသန်းရောင်း ဝယ်မှုဘဏ်များ အားလုံး | | |
| | ၃.၂.၂ လက်ရှိသုံးနေသော အီလက်ထရောနစ်ငွေသားပြောင်းရွှေ့ခြင်းစနစ် (EFT) ထက်ပို၍ ထိရောက်လုံခြုံ၍ ယုံကြည်စိတ်ချရသော စနစ်ကို အစားထိုး ဆောင်ရွက်မည်။ | ၁ | ကူးသန်း ရောင်း ဝယ်ရေးဘဏ် များ အားလုံး | SWIFT စနစ်စတင်ခြင်း | ဗဟိုဘဏ် | ကူးသန်းရောင်း ဝယ်ရေး ဘဏ်များအားလုံး | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၃.၃ မြန်မာနိုင်ငံရှိ ဘဏ်များ တွင်နိုင်ငံ တကာ စီးပွားရေး လုပ်ငန်း ဆိုင်ရာ အလေ့ အကျင့် များ ကျင့်သုံး လာစေရေး အားပေး ဆောင်ရွက် ရန် | ၃.၃.၁ အဓိကကုန်သွယ်ဘက်နိုင်ငံများရှိ မိတ်ဖက်ဘဏ်များနှင့်အပြန်အလှန် ဖလှယ်ရေးအစီအစဉ်များဆောင်ရွက်ခြင်း (ဥပမာ- 'deputation'or 'secondment') ဖြင့် မြန်မာနိုင်ငံတွင်ရှိသော ဘဏ် ဝန်ထမ်းများ နိုင်ငံတကာ အလေ့အကျင့် ကောင်းများ သိရှိ နားလည်လာမည်။ | ၁ | ကူးသန်း ရောင်း ဝယ်မှုဘဏ် များ အားလုံး | တစ်နှစ်လျှင် လူဦးရေ၅ဝဦး အား နိုင်ငံ ရပ်ခြားသို့ စေလွှတ်ခြင်း | မြန်မာနိုင်ငံ ဘဏ်များ အသင်း | ဗဟိုဘဏ်၊ နိုင်ငံခြား ကိုယ်စားလှယ် ဘဏ်များ၊ ကူးသန်းရောင်း ဝယ်ရေး ဘဏ်များအားလုံး | ဘဏ်အချို့ တွင် ကျင့်သုံးမှု များရှိသော် လည်း ပုံမှန် မဟုတ်ပေ။ | ပညာသင် စေလွှတ် ခြင်း အစီအစဉ် အတွက် ထောက်ပံ့ ကြေး |
| | ၃.၃.၂ ဘဏ် Customer များသို့ မဆိုင်း မတွမြန်ဆန်စွာတုန့်ပြန်ဆောင်ရွက် ခြင်းဖြစ် စေရန် ဆုံးဖြတ်ချက်ပေးသောအခွင့်အာဏာ ကို တိုးမြင့်ဆောင်ရွက်ပေးရန်။ | ၁ | ကူးသန်း ရောင်း ဝယ်ရေး ဘဏ်များ အားလုံး | corporate governance အလေ့အကျင့် များ ဆောလျင် စွာလေ့ကျင့် ဆောင်ရွက်ရန် | ဗဟိုဘဏ် | ကူးသန်းရောင်း ဝယ်မှုဘဏ်များ အားလုံး | | |
| ၃.၄ ဘဏ်များ ကို ကုန် | ၃.၄.၁ ကူးသန်းရောင်းဝယ်ရေးဘဏ်များ အတွက် ကုန်သွယ်မှုဆိုင်ရာငွေကြေး ဝန်ဆောင်မှု၊ ဆုံးရှုံးမှုများအား စီမံဆောင်ရွက် | ၁ | ကူးသန်း ရောင်း ဝယ်ရေး | သင်တန်းများ အား အနည်းဆုံး အောက်ပါ အရေ | မြန်မာနိုင်ငံ ဘဏ်များ အသင်း | ကူးသန်းရောင်း ဝယ်မှုဘဏ်များ အားလုံး | အစီအစဉ် အနည်း ယ်သာ | ၁၅ဝဝဝ (ဘာသာ ရပ်တစ်ခု |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| သွယ်မှု ဆိုင်ရာ ဘဏ္ဍာ ငွေ ကြေး ရရှိ နိုင်ရေး နည်း စနစ် ပိုင်းနှင့် ဝန် ထမ်းပိုင်း ကျွမ်း ကျင်မှု များ ပံ့ပိုး ဆောင်ရွက် ပေးရန်၊ | နိုင်မှုနှင့် ကွန်ပြူတာကျွမ်းကျင် တတ်မြောက်မှု တို့ အတွက် သင်တန်းအစီအစဉ်များ ပံ့ပိုးပေး ရမည်။ | | ဘဏ်များ အားလုံး | အတွက်အတိုင်း သင်တန်းပေးရန်- - Trade Financeအတွက် ဘဏ်(၆) ခု မှ (၃၀)ဦး - Risk Mana- gementအတွက် ဘဏ် (၁၅) ခုမှ (၁၅၀) ဦး -Computer literacyအတွက် ဘဏ်(၂၅) ခုမှ (၅၀၀) ဦး | | | ဆောင် ရွက်နိုင် သေးသည်၊ | လျှင် ပြည် တွင်း သင် တန်းဆရာ ဖြင့် လူ၅၀ ဦး သင် ကြား မည့် တစ်ပတ် သင်တန်း အတွက်) |
| | ၃.၄.၂ ဘဏ်လုပ်ငန်းကဏ္ဍကျွမ်းကျင်မှု နှင့်အတွေ့အကြုံကောင်းများ တည်ဆောက် ရန်၊ ဘဏ်လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုများရှိသော နိုင်ငံခြားသားများ နှင့် ပြည်တွင်းသို့ ပြန်ဝင်လာသော နိုင်ငံသား | ၁ | ကူးသန်း ရောင်း ဝယ်ရေး ဘဏ် များ အားလုံး | ဘဏ်လုပ်ငန်း တွင် ခန့်ထား ဆောင်ရွက်မည့် နိုင်ငံခြားသား များ နှင့် | အလုပ်သမား လူဝင်မှု ကြီး ကြပ်ရေး နှင့် ပြည်သူ့ အင်အား | ပြည်ထဲရေး ဝန်ကြီးဌာန ၊ ဗဟိုဘဏ် နိုင်ငံခြားရေး ဝန်ကြီးဌာန၊ | | မရှိပါ။ (သို့သော် လေ့ကျင့်မှု များ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| များအား အမြဲနေထိုင်ခွင့်ဗီဇာကိုခွင့်ပြုပေးရမည်။ | | | ပြည်တွင်းသို့ ပြန်ဝင်လာသော နိုင်ငံသားများ သို့ လုပ်ကိုင် ခွင့်ဗီဇာ များ ထုတ်ပေးမှု အရေအတွက် တိုးတက်ကျေနပ်မှု ရစေခြင်း | ဝန်ကြီးဌာန | လွှတ်တော် | | အတွက် လမ်းညွှန်မှု ပေးရန် နည်းပညာ အကူအညီ လိုအပ်ငွေ ၁၀၀၀၀၀) |
| ၃.၄.၃ ကူးသန်းရောင်းဝယ်ရေးဘဏ်များ အနေဖြင့် ဆုံးရှုံးမှုများ အပေါ်စီမံဆောင်ရွက်မှု နှင့် လုပ်ငန်း စီမံခန့်ခွဲမှုတို့ကို ခွဲခြားလုပ်ဆောင်တတ်ရန် ပုံစံချဆောင် ရွက်နိုင်ရေး တွန်းအားပေးရမည်။ဤနည်းလမ်းဖြင့်အသစ်တီထွင်မှုများနှင့် ပိုမိုကောင်းမွန်သော Customer ဝန်ဆောင်မှုတို့ကို တိုးမြှင့်ပေးနိုင်ရန် ဖြစ်သည်။ | ၁ | ကူးသန်း ရောင်း ဝယ်မှုဘဏ် များ အားလုံး | ဆုံးရှုံးမှုများ လျှော့ချရန် ဘဏ်များမှ အဆင့်များ သတ်မှတ်ခြင်း | ဗဟိုဘဏ် | ကူးသန်းရောင်း ဝယ်မှုဘဏ်များ အားလုံး | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၃.၄.၄ နိုင်ငံပိုင်ဘဏ်အားလုံးအတွက် Customer ဝန်ဆောင်မှုများ နှင့် စိတ်ချလုံခြုံ၍ ယုံကြည်အားထားရ သော Transactions များ တိုးတက်လာစေရေး အတွက် အားလုံး တပြေးညီဖြစ်ပြီး အများသုံး core banking ဘဏ်လုပ်ငန်းစနစ် (software နှင့် hardware) များကို အသုံးပြု စေရန်။ | ၁ | နိုင်ငံပိုင်ဘဏ်များအားလုံး | နိုင်ငံပိုင်ဘဏ်များ အကြား core banking စနစ် ၉၀% ချမှတ် ဆောင်ရွက်ရန်။ | ဗဟိုဘဏ် | ကူးသန်းရောင်းဝယ်မှုဘဏ်များ အားလုံး | | ၂၀,၀၀၀၀၀၀ |

မှတ်ချက်။ (၁) ဘဏ္ဍာရေးဝန်ကြီးဌာနအား ယခုအခါ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်တွင် ပေါင်းစပ်ဖွဲ့စည်းထားရှိပါသည်။

(၂) သမဝါယမဝန်ကြီးဌာနအား ယခုအခါ လယ်ယာစိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်တွင် ပေါင်းစပ်ဖွဲ့စည်းထားရှိပါသည်။

ဤမူဘောင်အရ အစိုးရကဘဏ္ဍာရေး လိုငွေပြခြင်းအတွက် ငွေစက္ကူရိုက်ထုတ်ခြင်း၊ငွေချေးမှုဝါဒများမှာ ဖိစီးမှုများခြင်းများ ရှိခဲ့ရာ အတွင်းလူအချို့သာ ငွေချေးယူနိုင်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ငွေကြေးအဖွဲ့အစည်းများစွာ လုပ်ငန်းများကျဆုံးခဲ့ပါသည်။ အကျိုးဆက်အနေနှင့် မေခရိုစီးပွားရေးအားနည်းမှု၊ ကဏ္ဍ၏မခိုင်မာမှုနှင့် ပြည်သူလူထု ယုံကြည်မှုမရှိခြင်းက ငွေအပ်နှံမည့်သူများနှင့် ငွေချေးယူမည့်သူ(၂)မျိုးလုံးကို အဟန့်အတား ဖြစ်စေပါသည်။ ၎င်းက ဘဏ္ဍာရေး ကဏ္ဍအား ဆက်တိုက် အားနည်းစေပြီး တရားမဝင်အလွတ်သဘော ငွေချေးသည့်လမ်းကြောင်းများတိုးပွားလာစေပါသည်။

ကဏ္ဍ၏ ဖွံ့ဖြိုးမှုနိမ့်ကျခြင်းအပြင် ပိုမိုဂရုပြုဖွယ်ရာဖြစ်သည်မှာ ၎င်း၏ တိုးတက်မှုသွားရာ လမ်းကြောင်းဖြစ်ပါသည်။ ဤရာစုနှစ်၏ ပထမ(၁၀)နှစ်အတွင်း မြန်မာနိုင်ငံ၏ ကြွေးမြီနှင့် GDP အချိုးသည် အမှန်ပင်ကျဆင်းခဲ့ပြီး အလားတူအဆင့်ရှိသည့် အခြားသောနိုင်ငံများအနေဖြင့် အဆပေါင်းများစွာ တိုးတက်ခဲ့ သည်ကိုတွေ့ရပါသည်။ ပုံ (၁)က မွန်ဂိုလီးယားနှင့် ကမ္ဘောဒီးယားသည် ၂၀၀၁ခုနှစ်တွင် မြန်မာနိုင်ငံနောက်မှ လိုက်လာပြီး ၂၀၁၁ ခုနှစ်တွင် ၅၀% နှင့် ၃၀% အသီးသီးစီ ကျော်တက်သွားခဲ့ကြောင်း ပြဆိုနေပါသည်။

ကဏ္ဍအနေနှင့် လောလောဆယ်ပံ့ပိုးပေးသည့် ဘဏ္ဍာရေးဝန်ဆောင်မှုမှာ အကန့် အသတ်များစွာ ရှိ၍ ဆွဲဆောင်နိုင်ခြင်းမရှိပါ။ ဥပမာအားဖြင့် အခြေခံကုန်သွယ်မှု ဘဏ္ဍာရေးနှင့် အာမခံစနစ်မှာ များစွာ မရရှိနိုင်ဘဲ ချေးငွေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကြွေးမြီအာမခံမှာလည်း အလားတူပင်ဖြစ်ပါသည်။ လုပ်ငန်း ချေးငွေများမှာ– နှစ်စဉ် ၁၃%အတိုးနှုန်း ဖြစ်ပြီး (၁)နှစ်အတွင်း ပြန်လည်ပေးသွင်းရပါသည်။ ခေတ်မီအထည်ချုပ် ထုတ်လုပ်ခြင်း နည်းပညာကဲ့သို့ အရေးပါသည့် မတည်ရင်းနှီးငွေအတွက် ရင်းနှီးမြှုပ်နှံမှုအပေါ် ပြန်ရချက် ကောင်းမွန်ရန် (၁)နှစ်ကျော် အချိန်ယူရပါသည်။ ယင်းကိစ္စများတွင် လုပ်ငန်းများက ၁နှစ်စီ ကြွေးဟောင်း ဆပ်ရန်အတွက် ကြွေးသစ်ယူရသည့် အခြေအနေရောက်ရှိ၍ နောက်ဆုံးတွင် ရင်းနှီးမြှုပ်နှံမှု တစ်ခုပြုလုပ်ရန် ချေးငွေများစွာ ယူရသည့် အနေအထားရောက်ရှိပါသည်။ ဤသည်မှာ အချိန်ကုန်၍ စွန့်စားရမှုများနိုင်သလို (ချေးငွေသစ်များကို ထောက်ပံ့မရရှိနိုင်ပါ။) (၁)နှစ်စာ၏အမြတ်ငွေကို နောက်နှစ်ချေးငွေတွင် အရင်းအနှီးထည့်ရသည့် အနေအထား ရောက်ရှိသွားစေပါသည်။

## ပုံ(၁) –အာရှနိုင်ငံအချို့၏မကြာမီက ကြွေးမြီနှင့်ဂျီဒီပီအချိုး




ဇစ်မြစ် : Foerch, T., Thein, S. & Waldschmidt, S. (၂၀၁၃)၊
မြန်မာနိုင်ငံ၏ဘဏ္ဍာရေးကဏ္ဍ – ဘဏ်များအတွက်စိန်ခေါ်မှုဝန်းကျင်တစ်ရပ်၊ ရန်ကုန် – GIZ.

စိုက်ပျိုးရေးချေးငွေအတွက် သတ်မှတ်ကာလမှာ ၈လ (သို့) ၉လကြာ တိုတောင်းသည့်ကာလဖြစ်ပြီး ယင်းကာလအတွင်း ရောင်းလိုအားအမြင့်ဆုံးဖြစ်၍ ဈေးနှုန်းအနိမ့်ဆုံးဖြစ်သည့်အခါ လယ်သမားများအနေနှင့် သီးနှံရိတ်သိမ်းပြီးပြီးခြင်း မိမိတို့သီးနှံကို ရောင်းချကြရပါသည်။ တစ်ဖက်တွင် ချေးငွေကာလအနည်းငယ်တိုးခြင်းပင်လျှင် လယ်သမား၏ ရောင်းဈေးနှုန်းအပေါ် ကြီးမားသည့် သက်ရောက်မှုရှိ၍ အမြတ်စွန်းရမှုနှင့် ဘဏ္ဍာရေးပိုင်းကင်းလွတ်မှုအကြား ခြားနားမှုဖြစ်စေပြီး အခြားတစ်ဖက်တွင်လည်း နောက်နှစ်သီးနှံအတွက် ဘဏ္ဍာငွေရရှိရေးအတွက် တစ်ဖန်ငွေချေးရန် လိုအပ်လာပါသည်။ နိုင်ငံလူဦးရေ၏ ၇၀%ခန့်သည် မိမိတို့အသက်မွေးဝမ်းကျောင်းမှုအတွက် လယ်ယာလုပ်ငန်းကို အားထားနေရပြီး သီးနှံအာမခံကင်းမဲ့ခြင်းသည် နိုင်ငံအား အစဉ်သဖြင့် ဘဏ္ဍာရေး အကြပ်အတည်း ကြုံတွေ့စေပါသည်။

သို့ရာတွင် ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံအစိုးရ၏ အဓိကပြုပြင် ပြောင်းလဲမှုများအပေါ် နိုင်ငံတကာမှ ချီးမွမ်းမှုများရရှိခဲ့ပြီး၊ ကောင်းမွန်စွာအကောင်အထည်ဖော်နိုင်လျှင် နိုင်ငံ၏ မျှော်မှန်းထား

## ဘဏ္ဍာရေးအနေအထားများ

အပ်ငွေစာရင်းတွင် ငွေစုစာရင်း၊ ကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ စာရင်းရှင် အပ်နှံခြင်းနှင့် အချိန်ပိုင်းပုံသေအပ်ငွေများ ပါဝင်ပါသည်။ စုစုပေါင်း အပ်ငွေများသည် နိုင်ငံရေးနှင့် ဘဏ္ဍာရေးပိုင်း ပြုပြင်ပြောင်းလဲသည့်နှစ်များအတွင်း တစ်ဟုန်ထိုးကြီးထွားလာပြီး စီးပွားရေးတိုးတက်မှုအပေါ် သက်ရောက်မှု ရှိပါသည်။ ၂၀၀၈နှင့် ၂၀၁၀ခုနှစ်အတွင်း နိုင်ငံ၏ အပ်ငွေများသည် (၂)ဆတိုးလာပြီးနောက် ၂၀၁၀နှင့် ၂၀၁၂ခုနှစ်အတွင်း (၃)ဆတိုးပွားကာ ပုံ (၃)တွင် ဖော်ပြထားသည့်အတိုင်း ၄.၃ ထရီလီယမ်ကျပ်သို့ ရောက်ရှိလာပါသည်။

သို့သော် ဤကဲ့သို့အပ်ငွေပမာဏကြီးထွားလာခြင်းသည် အလွန်နည်းပါးသော အခြေခံဖြင့် စတင်ခဲ့ပြီး မြန်မာနိုင်ငံသားများ၏ ၁၀%ခန့်က သာ အပ်ငွေစာရင်းဖွင့်လှစ်ခြင်းရှိပါသည်။ အပ်ငွေ လုံခြုံမှုအပေါ် မယုံကြည်ခြင်း၊ ငွေထုတ်ရန် ခက်ခဲခြင်းနှင့် ဘဏ်များ၏ ပြိုင်ဆိုင်မှုအပေါ် စည်းကြပ်ကန့်သတ်ချက်များသည် ငွေအပ်နှံခြင်းကို အဟန့်အတားဖြစ်စေ၍ စုစုပေါင်းကြွေးမြီ ရရှိနိုင်မှုကို လျော့ကျစေပါသည်။ ငွေအပ်နှံသူများက တစ်ပတ်တစ်ခါသာ ငွေစုစာရင်းမှ ငွေထုတ်နိုင်ပြီး ထုတ်ငွေရရှိရန် နေ့တစ်ဝက်ခန့်စောင့်ရပါသည်။ တစ်ရက် အတွင်းထုတ်နိုင်သည့် နိုင်ငံခြား ငွေကြေးပမာဏကို USD ၁၀၀၀၀ သတ်မှတ်ထားပြီး ကြေးနန်း ငွေလွှဲပို့ခြင်းအတွက် ပမာဏတစ်ခုခုကိုကန့်သတ်ထားရှိကာ နိုင်ငံတကာငွေလွှဲဆောင်ရွက်မှု များအတွက် ဗဟိုဘဏ်အတည်ပြုချက် ရယူရန်လိုအပ်သော ပုဂ္ဂလိကဘဏ်များကိုလည်း သတ်မှတ် ထားရှိပါသည်။ ငွေစုစာရင်းအတွက်ဘဏ်အားလုံးကအတိုးနှုန်း ၈%ပေးရပြီး ငွေအပ်နှံသူများအတွက် ၎င်းတို့၏ စွမ်းဆောင်ရည် ပိုင်းပြိုင်ဆိုင်မှုကို မြင့်မားသည့်အတိုးနှုန်းဖြင့် ကန့်သတ်တားမြစ်ထားပါသည်။

၂၀၁၂ခုနှစ်တွင် ပုဂ္ဂလိကဘဏ်လုပ်ငန်းကဏ္ဍ၏ စုစုပေါင်းချေးငွေနှင့် ကြိုတင်ပေးငွေများသည် ကျပ် ၃.၂ထရီလီယမ်ရှိ၍ ပုံ(၄)တွင် ဖော်ပြထားသည့်အတိုင်း ၂၀၁၀ခုနှစ်၏ (၃)ဆနီးပါးဖြစ်ပါသည်။ ယင်းသို့ ချေးငွေ တစ်ဟုန်ထိုး တိုးပွားလာခြင်းသည် တစ်ခါတစ်ရံတွင် ကြွေးမြီလိုအပ်ချက်များ လျော့ကျမှုနှင့် စုစုပေါင်းချေးငွေတွင် ပြန်ဆပ်နိုင်ခြင်းမရှိသည့်ချေးငွေအချိုး တိုးလာခြင်းတို့နှင့် ဆက်စပ်မှုရှိပါသည်။ သို့သော်များမကြာမီကအထောက်အထားများအရ ဗဟိုဘဏ်၏ အစီရင်ခံစာတွင် ပြန်ဆပ်နိုင်ခြင်း မရှိသည့် ချေးငွေများအတွက် မြန်မာနိုင်ငံသည် ကောင်းမွန်တိုးတက်သည့် မှတ်တမ်းရှိပါသည်။ ကဏ္ဍ၏ စုစုပေါင်း ချေးငွေတွင် တစ်ဟုန်ထိုးကြီးထွားသည့်ကာလအတွင်း ဈေးကွက်လျော့ကျမှုအချိုးအစားကို တွေ့ရှိရပြီး ပုံ (၅)တွင် ဖော်ပြထားသည့်အတိုင်း ၂၀၁၀ခုနှစ်တွင် ၂.၉% မှ ၂၀၁၂ခုနှစ် တွင် ၁.၆%သို့ ကျဆင်း

သွားပါသည်။ ၂၀၁၀ ခုနှစ်နှုန်းသည် ထိုနှစ်တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဝင်ငွေမြင့်မားသည့် အဖွဲ့အစည်းများရှိ ပျမ်းမျှနှုန်း (၃.၁% )ထက် အနည်းငယ် ပိုမိုကောင်းမွန်၍ ၂၀၁၂ ခုနှစ်နှုန်းသည် အရှေ့အာရှနှင့် ပစိဖိတ် ပျမ်းမျှနှုန်း ၁.၇%ထက် ပိုမိုကောင်းမွန်ပြီး ၎င်းသည် ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့အဓိကနေရာဒေသများ၏ ပျမ်းမျှအနိမ့်ဆုံးဖြစ်ပါသည်။ (ကမ္ဘာ့ဘဏ်က သတ်မှတ်ထားချက်အရ)

**ပုံ(၃)- မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘဏ်များ၏ စုစုပေါင်းအပ်ငွေတိုးတက်မှု (၂၀၀၇-၂၀၀၈ မှ ၂၀၁၁-၂၀၁၂ အထိ)**




ရင်းမြစ်- မြန်မာနိုင်ငံတော်ဗဟိုဘဏ်(၂၀၁၂)၊ နှစ်စဉ်အစီရင်ခံစာ၂၀၁၁-၂၀၁၂

ပုံ (၄)- မြန်မာနိုင်ငံဘဏ်လုပ်ငန်းရှိ စုစုပေါင်းချေးငွေနှင့်ကြိုတင်ပေးငွေများ (၂၀၀၇-၂၀၀၈ မှ ၂၀၁၁-၂၀၁၂ အထိ)




ရင်းမြစ်- မြန်မာနိုင်ငံတော်ဗဟိုဘဏ်(၂၀၁၂)၊ နှစ်စဉ်အစီရင်ခံစာ၂၀၁၁-၂၀၁၂

ပုံ (၅)- မြန်မာနိုင်ငံရှိ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသည့်ချေးငွေများ-စုစုပေါင်းချေးငွေရှိ တန်ဘိုးနှင့်အချိုး (၂၀၀၇-၂၀၀၈ မှ ၂၀၁၁-၂၀၁၂ အထိ)




ရင်းမြစ်- မြန်မာနိုင်ငံတော်ဗဟိုဘဏ်(၂၀၁၂)၊ နှစ်စဉ်အစီရင်ခံစာ၂၀၁၁-၂၀၁၂

လက်ရှိအခြေအနေတွင် ကူးသန်းရောင်းဝယ်ရေးချေးငွေအများဆုံးရယူဆောင်ရွက်သည့် လုပ်ငန်းအမျိုးအစားများမှာ အောက်ပါတို့ ဖြစ်ပါသည်–

- ကုန်ပစ္စည်းထုတ်လုပ်မှု
- ရေနံနှင့် ဓာတ်ငွေ့ထုတ်လုပ်မှု
- သယ်ယူပို့ဆောင်ရေး
- ကူးသန်းရောင်းဝယ်ရေး
- ဝန်ဆောင်မှုများ
- ဆောက်လုပ်ရေး
- လယ်ယာစိုက်ပျိုးရေး
- မွေးမြူရေးနှင့် ရေလုပ်ငန်း

ကုန်ထုတ်လုပ်သူများ၏ ကြွေးမြီလိုအပ်ချက်မှာ နှစ်ပတ်လည်အတည်ငြိမ်ဆုံး ဖြစ်ပါသည်။ စိုက်ပျိုးကဏ္ဍမှ လိုအပ်ချက်မှာ ၁နှစ်လျှင် ၉လ ကိုက်ညီတည်ငြိမ်မှုရှိ၍ မတ်လနှင့် မေလအတွင်း ကျဆင်းသွားပြီး အခြားကဏ္ဍများသည် နိုဝင်ဘာနှင့် မေလအကြား (၇)လအတွင်း အမြင့်ဆုံး ရောက်ရှိပါသည်။ ဤရာသီအလိုက် လိုအပ်ချက်အတွက် အခြေခံအကြောင်းတရားမှာ မိုးရာသီ (ဇွန်မှ အောက်တိုဘာ) တွင် စိုက်ပျိုးရေးပိုင်းတွင် ကောက်သိမ်းခူးယူပြီးနောက် အခြားကဏ္ဍများတွင် ကျဆင်းသွားပါသည်။

ကူးသန်းရောင်းဝယ်ရေးနှင့် စိုက်ပျိုးရေးချေးငွေအပေါ် ပုံမှန်နှစ်စဉ်အတိုးနှုန်းမှာ ၁၃%ဖြစ်ပါသည်။ ပုံမှန် ချေးငွေသက်တမ်းမှာ ကူးသန်းရောင်းဝယ်ရေးချေးငွေတွင် (၁)နှစ်ကာလတိုနှင့် စိုက်ပျိုးရေးချေးငွေတွင် (၉)လ ဖြစ်ပါသည်။ ဤစည်းကမ်းများကို ဗဟိုဘဏ်စည်းမျဉ်းများဖြင့် ထုတ်ပြန်ထားပြီး ဘဏ်များအား ငွေချေးယူသူများ၏လိုအပ်ချက်အတိုင်းချေးငွေထုတ်ပေးခြင်းနှင့် ကာလကြာရှည် အတိုးနှုန်းနည်းစွာယူ၍ ဘဏ်များအကြားလုပ်ငန်းပြိုင်ဆိုင်ခြင်းတို့အတွက် တားမြစ်ထားပါသည်။

**လုပ်ကိုင်ဆောင်ရွက်သည့်ပတ်ဝန်းကျင်**

ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ဘဏ္ဍာရေးအဖွဲ့အစည်းပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံတွင် စျေးကွက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားပို့ကုန်မဟာဗျူဟာ

## ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေးကဏ္ဍ မဟာဗျူဟာ (၂၀၁၅-၂၀၁၉)

## အသေးစိတ်လုပ်ငန်းစီမံချက်

အောက်ပါလုပ်ငန်းစီမံချက်သည် မဟာဗျူဟာ၏မျှော်မှန်းချက်ကို ရရှိအောင်မြင်ရန် နောင်၅နှစ်တာကာလအတွင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များအားလုံးကို အသေးစိတ်ဖော်ပြထားပါသည်။ လုပ်ငန်းစီမံချက်ကို စာတမ်းတွင်ဖော်ပြထားသည့် အခက်အခဲများနှင့် အခွင့်အလမ်းများကို ဖြေရှင်းနိုင်မည့် မဟာဗျူဟာမြောက်ပြီး လက်တွေ့ကျသော ဦးတည်ချက်များဖြင့် ရေးဆွဲချမှတ်ထားပါသည်။ လုပ်ငန်းစီမံချက်သည် ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်မှုကဏ္ဍကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရှင်းလင်းတိကျပြီး အသေးစိတ် ဆောင်ရွက်ရမည့်လုပ်ငန်းရပ်များကိုပံ့ပိုးထားပါသည်။



# စာစုစာရင်း

# BIBLIOGRAPHY


Central Bank of Myanmar (2012). *Annual Report 2011-2012.*

Central Bank of Myanmar (2014). Website. Available from www.cbm.gov.mm/.

Charltons (n.d.). Myanmar economy: banking and financial services in Myanmar. Available from http://charltonsmyanmar.com/myanmar-economy/banking-and-financial-services/.

East Asia Forum (2014). ASEAN's first 'Myanmar' summit: moving beyond 2015, 11 May. Available from www.eastasiaforum.org/2014/05/11/aseans-first-myanmar-summit-moving-beyond-2015/.

Foerch, T., Thein, S. & Waldschmidt, S. (2013). *Myanmar's Financial Sector: A Challenging Environment for Banks.* Yangon: GIZ.

International Monetary Fund (2014). Central Bank of Myanmar hosts the first conference on financial sector technical assistance coordination. Press release No. 14/180, 25 April. Available from www.imf.org/external/np/sec/pr/2014/pr14180.htm.

International Trade Centre (2009). *How to Access Trade Finance: A Guide for Exporting SMEs.* Geneva: ITC.

Turnell, S. (2003). Myanmar's banking crisis. *ASEAN Economic Bulletin*, vol. 20, No. 3 (December), pp.272-282.

World Bank (2014). Bank nonperforming loans to total gross loans (%). Available from http://data.worldbank.org/indicator/FB.AST.NPER.ZS. Accessed 26 April 2014.

World Bank (2014). Commercial bank branches (per 100,000 adults). Available from http://data.worldbank.org/indicator/FB.CBK.BRCH.P5. Accessed 29 April 2014.

World Bank (2014). *Doing Business 2014: Understanding Regulations for Small and Medium-Size Enterprises.* Washington, D.C.: World Bank Group.

Myanmar Ministry of Commerce

**Postal address:** Office No.3, Zeya Htani Road
Nay Pyi Taw
**Phone:** +95 67 408495 / +95 67 408266
**Fax:** +95 67 408256
**E-mail:** nesmyanmar@gmail.com

International Trade Centre

**Street address:** 54-56, rue de Montbrillant
1202 Geneva, Switzerland
**Postal address:** Palais des Nations
1211 Geneva 10, Switzerland
**Telephone:** +41-22 730 0111
**Fax:** +41-22 733 4439
**E-mail:** itcreg@intracen.org
**Internet:** www.intracen.org

Federal Ministry
for Economic Cooperation
and Development

giz Deutsche Gesellschaft
für Internationale
Zusammenarbeit (GIZ) GmbH